မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၉၄)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၇ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

၂၀၁၆ ခုနှစ်၊ ဧပြီ ၁၂ ရက်၊ စနေနေ့။

ပန်းပိတောက် ပွင့်ချိန်တန်၊ ခါသင်္ကြန် နှစ်သစ်ဦး။
မွှေးနံ့သာဖြန့်ကြက်မိုး၊ ချစ်ကြိုးဖွဲ့ထူး။

ကဗျာ-စာ » ၉

အခြေခံလူ့အဖွဲ့ အစည်းအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် နိုင်ငံတော်က ကြိုးပမ်းလျက်ရှိ

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး လိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ မကွေးမြို့ ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆေးပညာဌာန၊ ခွဲစိတ်ကုပညာဌာန၊ ကလေးကျန်းမာပညာဌာန၊ အမျိုးသားသွေးလျူဘဏ်ခွဲ၊ ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုပညာဌာန၊ ဆေးဝါးသိုလှောင်ခန်း၊ ရောဂါရှာဖွေကုသရေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယင်းနောက် မကွေးဆေးရုံကြီး ဆေးပညာသင်တန်းခန်းမဆောင်၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် ဆေးဘက်ပညာသည်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ✳

❝ ကျောင်းသားများအား ကျောင်းသင်ခန်းစာများ ပြီးဆုံးပြီးနောက် အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုကို ဖန်တီးပေးရန်လို ❞

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မကွေးမြို့ ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

သင်္ကြန်ကာလရောက်ရှိလာတိုင်း ထွက်ပေါ်လာလေ့ရှိသည့် မြို့မငွေနန်းပျော်ပြေရေးယာဉ်ကို ယခုနှစ် မန္တလေး မဟာသင်္ကြန်တွင်ပျော်ပြေရန် မြို့မအသင်းတိုက်ရှေ့တွင် ပြင်ဆင်လျက်ရှိရာ ဧပြီ ၁၁ ရက် နေ့လယ်ပိုင်းက တွေ့မြင်ရစဉ်။
အေးမြ(မန္တလေး)

ရန်ကုန်သင်္ကြန်မဏ္ဍပ်များဖွင့်ရန် အသင့်ဖြစ်နေ

ရန်ကုန် ဧပြီ ၁၁

သင်္ကြန်ပျော်တို့အတွက် သင်္ကြန်မဏ္ဍပ်များ ရန်ကုန်မြို့တွင် တည်ဆောက်နေကြပြီ။ အချို့သင်္ကြန်မဏ္ဍပ်ကြီးများ တည်ဆောက်ပြီးစီးနေပြီဖြစ်သလို အချို့မဏ္ဍပ်များအပြီးသတ်နေပြီဖြစ်သည်။ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှေ့ ပြည်လမ်းပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ မဟာသင်္ကြန် ရေကစားမဏ္ဍပ်လည်း တည်ဆောက်ပြီးဖြစ်ရာ ဖွင့်လှစ်ရန် အသင့်ဖြစ်နေပြီ။

"ရန်ကုန်သင်္ကြန်ရဲ့ ဒီနှစ်မဏ္ဍပ်တည်ဆောက်မှုမှာ အရေအတွက်တိုးမြှင့်ခွင့်ပြုထားပါတယ်။ အရင်နှစ်တွေကထက် သင်္ကြန်လည်ပတ်သူ၊ ရေကစားသူတွေနဲ့ ပိုပြီးစည်ကားမယ်လို့ မျှော်မှန်းထားပါတယ်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်မြို့ ပြည်လမ်းအင်းလျားကန်ဘက်တွင်လည်း သင်္ကြန်မဏ္ဍပ်အကြီးစား ငါးခုခန့်ရှိနေပြီး

သတင်း-မောင်မောင်မြင့်ဆွေ

တည်ဆောက်မှုလုပ်ငန်းများ အပြီးသတ်နေပြီဖြစ်သည်။ ထို့အတူ သင်္ကြန်မဏ္ဍပ်များတွင် ရေကစားကြမည့်သူများကိုလည်း လက်မှတ်များ ရောင်းချလျက်ရှိရာ အချို့မဏ္ဍပ်များမှာ လက်မှတ်များကုန်သွားပြီ ဖြစ်ကြောင်းသိရသည်။

ထို့အတူ ရန်ကုန်မြို့ကမ္ဘာအေး ဘုရားလမ်းပေါ်ရှိ ကုက္ကိုင်းလမ်းဆုံနှင့် *စာမျက်နှာ ၃ ကော်လံ ၄* ■

ယနေ့ မာတိကာ

ကွင်းစလန်းပြည်နယ်သို့ ဆိုင်ကလုန်းဝင်မည် ဒေသခံများအား မုန်တိုင်းသတိပေး — စာ » ၄

ဘိုင်ယန်နဲ့ဒေါ့မွန်ဆုံတွေ့မယ့် ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၀) — စာ » ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာ့ရိုးရာသင်္ကြန်အလှ

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကြီးသည် မြန်မာလူမျိုးတို့၏ ဆယ့်နှစ်လရာသီတွင် ပျော်ရွှင်စရာအကောင်းဆုံးရာသီပွဲ ဖြစ်ပါသည်။ ဤသင်္ကြန်ပွဲတော်ကြီးသည် မင်္ဂလာဆယ့်နှစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး သင်္ကြန်မင်္ဂလာဟု ခေါ်ဆိုပါသည်။ မင်္ဂလာရှိသော နှစ်သစ်အခါသမယပင်ဖြစ်ပါသည်။ ဤမင်္ဂလာရှိသော နှစ်သစ်အခါသမယတွင် မြန်မာလူမျိုးတို့က ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းလာခဲ့ကြပါသည်။

မြန်မာ့ရိုးရာသင်္ကြန်အစဉ်အလာများ မပျောက်ပျက်စေရန် ထိန်းသိမ်းရန်ကား ကျွန်ုပ်တို့ မြန်မာတစ်မျိုးသားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဤသင်္ကြန်ပွဲတော်ကြီး ပါဝင်ဆင်နွှဲကြသူ အားလုံးက ရိုးရာအစဉ်အလာများကို ထိန်းသိမ်းကြခြင်းဖြင့် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ပါဝင်ဆင်နွှဲသင့်ပေသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး အမြင်မတင့်တယ်စေသည့် ဝတ်စားဆင်ယင်မှုများ၊ ပြောဆိုမှုများ၊ အချင်းချင်းအနှာတရဖြစ်စေသည့် ကြမ်းတမ်းသော ရေကစားမှုများ မပြုလုပ်မိစေရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားပါသည်။ ထို့အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးမှုများ၊ ကြိုးပမ်းမှုများ မပြုလုပ်ရန် အထူးလိုအပ်ပါသည်။ ရိုးရာသင်္ကြန်ကို အကြောင်းပြုပြီး အမြတ်မထုတ်နိုင်ရန် သတိပြုသင့်ပေသည်။

သင်္ကြန်ကာလအတွင်း သောက်စားမူးယစ်ခြင်းသည် အချင်းချင်းခိုက်ရန်ဖြစ်ပွားနိုင်သည့်ကိစ္စ ဖြစ်သည်။ အချို့မှာ အရက်၊ ဘီယာများကို ရေကစားမဏ္ဍပ်များအနီး ရောင်းချနေကြသည်ကိုလည်း တွေ့ရတတ်ပါသည်။ ယင်းမှာ အရက်မသောက်သူများကိုသောက်အောင် ဆွဲဆောင်နေခြင်းပင်ဖြစ်၍ မြန်မာ့ရိုးရာသင်္ကြန်အလှကို ထိခိုက်စေနိုင်ပါသည်။

မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်အလှကို ထိန်းသိမ်းကြသူများတွင် မြန်မာအမျိုးသမီးများသည် ထိပ်ဆုံးနေရာ၌ ရှိနေပါသည်။ အဘယ်ကြောင့်ဟူမူ မြန်မာလူမျိုးတို့၏ အမြင်မတင့်တယ်သည့် ဝတ်စားဆင်ယင်မှုများ အထူးရှောင်ကြဉ်ထိန်းသိမ်းရမည့်တာဝန်သည် မြန်မာမိန်းကလေးများ ဖြစ်နေခြင်းကြောင့်ပင်ဖြစ်ပါသည်။ အထူးသဖြင့် ဤသင်္ကြန်ကာလအတွင်း လုံခြုံစွာဝတ်စားဆင်ယင်သင့်ပါသည်။ အမြင်မတင့်တယ်စွာ ဝတ်ဆင်ခြင်းဖြင့် အန္တရာယ်ကို လက်ယပ်ခေါ်နေသည့်သဘောလည်း ဖြစ်ပါသည်။

သို့ပါ၍ မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကြီး ရိုးရာဓလေ့အစဉ်အလာကောင်းများ မပျက်စီးရအောင် ထိန်းသိမ်းရန်မှာ အားလုံးတွင် တာဝန်ရှိပါသည်။ ယဉ်ကျေးစွာ ဝတ်စားဆင်ယင်ခြင်း၊ ယဉ်ကျေးစွာပြောဆိုခြင်း၊ ယဉ်ကျေးစွာရေကစားခြင်းသည် မြန်မာ့ရိုးရာအစဉ်အလာကောင်းများကို ထိန်းသိမ်းခြင်းဖြစ်ပါသည်။ ဤအစဉ်အလာကောင်းများကို ထိန်းသိမ်းလိုက်နာဆောင်ရွက်ခြင်းဖြင့် မြန်မာ့ရိုးရာသင်္ကြန်အလှကိုကမ္ဘာက သိအောင် ဖော်ထုတ်ပြသရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ချင်းပြည်နယ်အတွင်းရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၁၁

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့်ကွင်းဆင်းအဖွဲ့သည် ဧပြီ ၈ ရက်နံနက်ပိုင်းတွင် မင်းတပ်၊ မတူပီလမ်းတစ်လျှောက်ရှိ မင်းတပ်မြို့နယ် မကြန်းရွာ၊ အေးသာရွာ၊ မိုင် ၄၀ ကျေးရွာ၊ တွိဒိန်ကျေးရွာနှင့် လေရှီရွာများသို့ရောက်ရှိကာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လည်းကောင်း၊ မိသားစုဝင်ငွေတိုးပွားရေးနှင့် လူတစ်ဦးချင်း အာဟာရပြည့်ဝစွာ စားသုံးနိုင်ရန်ပံ့ပိုးပေးမည့် အစီအစဉ်များအားလည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ကျေးလက်လူငယ်များ ဖွဲ့စည်း၍ သင်တန်းများဖွင့်လှစ်ပို့ချသွားမည့်အစီအစဉ်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကာ ကျေးရွာများအတွက် လိုအပ်သော ကျေးလက်မီးလင်းရေး၊ သောက်သုံးရေရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် လိုအပ်သည့် ထောက်ပံ့ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ချင်းပြည်နယ် မင်းတပ်-မတူပီလမ်းပိုင်းရှိ မတူပီမြို့နယ်အစသို့ရောက်ရှိပြီး နယ်မြေဒေသဆိုင်ရာပတ်ဝန်းကျင်ဆက်စပ်မှုများနှင့် ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မတူပီမြို့နယ် ရမ်တိန်ရွာ၌ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများအားတွေ့ဆုံပြီး ကျေးရွာ သောက်သုံးရေရရှိရေး၊ စာသင်ကျောင်းအတွက် လိုအပ်ချက်များအား ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် ဆက်လက်ထွက်ခွာလာရာ မတူပီမြို့နယ် လေးမြို့တံတားသို့ ရောက်ရှိကာ လေးမြို့မြစ် မြစ်ဖျားခံစီးဆင်းမှု အခြေအနေများနှင့်ပတ်ဝန်းကျင်ဒေသဆိုင်ရာအချက်အလက်များအား ကြည့်ရှုသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မတူပီမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဧည့်ရိပ်သာခန်းမဆောင်၌ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသဆိုင်ရာဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများမှ ဆွေးနွေးတင်ပြသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် ချင်းပြည်နယ်မှ ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ထပ်မံဖြည့်ဆည်းဆောင်ရွက်ရန်လိုအပ်မှု အခြေအနေများကို ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်း

ထို့နောက် ဒေသဆိုင်ရာဖွံ့ဖြိုးရေးအထောက်အကူပြု အဖွဲ့များမှ တင်ပြသည့် ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်ရေး၊ တံတားများပြုပြင်တည်ဆောက်ရေးနှင့် သောက်သုံးရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်ဘက်စုံမွေးမြူရေးအတွက် ချေးငွေရရှိရေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆင်းအတက်ခက်ခဲပင်ပန်းနေသည့် ကျောက်တန်းဈေးမှ စက်ရေယာဉ်ဆိပ်ကမ်း

ထင်သာမြင်သာပြုပြင်စရာ

ရန်ကုန်တောင်ပိုင်းခရိုင်ကျောက်တန်းမြို့သည်မုတ္တမပင်လယ်ကွေ့နှင့်ဆက်စပ်လျက် ပင်လယ်ရေအတက်အကျရှိသောကြောင့် ချောင်းငယ်များပေါများသည်။ မြို့နယ်ရှိကျေးရွာပေါင်း ၆၀ ကျော်သည် ယခင်အခါက မှော်ဝန်းချောင်းရေလမ်းခရီး၊ စက်ရေယာဉ်များဖြင့် ခရီးသည်နှင့်ကုန်ပစ္စည်းပို့ဆောင်ရေးကို အားထားအသုံးပြုကြရသည်။

၁၉၉၄ ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပင်လယ်ကမ်းရိုးတန်းလုံခြုံရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်မှကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်နိုင်ခဲ့သဖြင့် ကျေးရွာအချို့မှာ တာလမ်းမှသွားလာနိုင်ကြသည်။

တာလမ်းမပေါက်သည့်ကျေးရွာများသည် မိမိတို့၏လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းတို့မှထွက်ရှိသော ကုန်ပစ္စည်းများကို ရေလမ်းခရီးစက်ရေယာဉ်များဖြင့်ပင် တင်ပို့သွားလာနေကြရသည်။ ကျောက်တန်းမြို့တွင် အဆိုပါရေယာဉ်များ ဆိုက်ကပ်ရန် ကျောက်တံတား(ဇက်ဆိပ်)၊ ဆိပ်ကမ်းကုန်တင်ကုန်ချအနီး တံတားဆိပ်၊ ဈေးအလယ်နှင့်ဈေးအနောက်တံတားဆိပ်များသတ်မှတ်ပေးထားသည်။

ဈေးအလယ်နှင့် အနောက်

တံတားဆိပ်များအကြား ကမ်းစပ်တွင် မြို့နယ်တွင်းရှိ ဇွဲဘာ၊ မီးပြ၊ ချောင်းဝ၊ ဘော်ဂလွတ်၊ သနပွင်ချင်းစသည့် ကျေးရွာများမှ စက်ရေယာဉ်ကြီးများနှင့်အတူ ကွမ်းခြံကုန်းမြို့နယ်အပိုင် သရက်တော၊ သောင်ခုံ၊ တော်ခလူး၊ တာတိုက်၊ သမင်ခြံ၊ ကျုံဒရယ်တို့မှ စက်ရေယာဉ်များကလည်း လာရောက်ဆိုက်ကပ်ကြသည်။

ဖော်ပြပါရေယာဉ်များ ဆိုက်ကပ်ရာဈေးဆိပ်သည် ရေဆင်းတံတားပြုလုပ်ထားခြင်းမရှိဘဲ မြစ်ကမ်းဘေးတွင် ဖြစ်သလို ဆိုက်ကပ်ရသောကြောင့် တစ်စင်းနှင့်တစ်စင်းပူးတွဲချည်နှောင်ထား၍ ခက်ခဲပင်ပန်းစွာသွားရခြင်း၊ ကုန်းပေါင်ကျဉ်းကျဉ်းကို ခဲခဲယဉ်းယဉ်းတက်ဆင်းကြရသဖြင့် လူနှင့် ကုန်ပစ္စည်းများ ရေထဲသို့ကျရောက်ပျက်စီးခြင်းများ ဖြစ်ကြရသည်။

အထူးသဖြင့် ကျောင်းသားလူငယ်များ၊ သက်ကြီးရွယ်အိုများအတွက် အခက်အခဲဖြစ်နေရသည်မှာ ၁၅ နှစ်ခန့်ရှိနေပြီဖြစ်ကြောင်း၊ ဆိပ်ကမ်းရေဆင်းတံတားမရှိသော်လည်း ဆိပ်ကမ်းကပ်ခကျပ်နှစ်ရာကို နေ့စဉ်မှန်မှန်လာကောက်ကြောင်း စက်ရေယာဉ်တာဝန်ရှိသူများက ပြောပြ၍ သိရသည်။

သို့ပါ၍ ကျောက်တန်းမြို့ မြို့မဈေးအနောက်ဘက် မှော်ဝန်းမြစ်ကမ်းဘေးမှ အဆင်းခက်ခက်အတက်ကြမ်းကြမ်းဖြင့် ပင်ပန်းကြီးစွာ သွားလာနေကြရသော ချောင်းဝမော်တော်ဆိပ်ကို သက်ဆိုင်ရာက အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးသင့်ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ (၀၁၉)

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်အပေါ်အခြေခံပြီး နက်ရှိုင်းသော ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကြောင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ခဲ့

ပေကျင်း ဧပြီ ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် ဧပြီ ၁၀ ရက် မွန်းလွဲပိုင်းက ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့ခန်းမဆောင်ကြီး၌ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ကျန်းတဲ့ကျန်းနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌက မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အရေးကြီးသော မိတ်ဆွေနိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို အထူးအလေးထားပါကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ အမျိုးသား ပြည်သူ့ကွန်ဂရက်အနေဖြင့် မြန်မာနိုင်ငံပြည်ထောင်စုလွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထားပါကြောင်း၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးသွားမည်ဖြစ်ပါကြောင်း၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်မှုမှတစ်ဆင့် အနာဂတ်ပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူအချင်းချင်း နားလည်မှုရှိခြင်းများ ရရှိလာမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပြောကြား

ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာ-တရုတ် နှစ်နိုင်ငံသည် ၁၉၅၀ပြည့်နှစ်တွင် သံတမန်ဆက်ဆံမှု စတင်ထူထောင်ခဲ့ပြီး ယခုအခါ ၆၄ နှစ်ပြည့်မြောက်တော့မည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ချက်အပေါ် အခြေခံပြီး နက်ရှိုင်းသောဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကြောင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာအတူယှဉ်တွဲနေထိုင်ခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီး တက်ကြွသော နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ချက်ကို အခြေခံပြီး နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ တစ်နိုင်ငံတည်းမူဝါဒ (One China Policy) နှင့် တစ်နိုင်ငံ စနစ်နှစ်မျိုး (One Country Two System) မူဝါဒများကို အစဉ်အမြဲ ထောက်ခံလျက်ရှိပါကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံအနေဖြင့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်နိုင်ငံများ ဆက်ဆံရေး ထူထောင်ပြီးနောက် ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ တရုတ်နိုင်ငံ၏ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုကို ကြိုဆိုထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကို အသိအမှတ်ပြု အားပေးကူညီနေမှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်နာယကတို့သည် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပြည်သူ့ခန်းမဆောင်ကြီး ထမင်းစားဆောင်၌ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ပေကျင်းမြို့ရှိ နွေရာသီနန်းတော်ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ZTE ကုမ္ပဏီသို့သွားရောက် ကြည့်ရှုလေ့လာပြီး ကုမ္ပဏီအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ကျန်းတဲ့ကျန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးနှင့် စီမံကိန်းအကောင်အထည်ဖော်မှု ထိရောက်မှုန်ကန်ရေး ရှင်းလင်းဆွေးနွေး

နေပြည်တော် ဧပြီ ၁၁

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဧပြီ ၆ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အစည်းအဝေးခန်းမ၌ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင် မြို့နယ်များတွင် ရပ်မိရပ်ဖများ ပါဝင်ဖွဲ့စည်းထားသည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း ပြည်သူများကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် ဦးစားပေးဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၇) ရပ်ဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးလုပ်ငန်းတိုးတက်အဆင်ပြေချောမွေ့စေရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးလုပ်ငန်းစဉ်များအပေါ်တွင်အခြေခံပြီး ဒေသရှိ ပြည်သူများ အမှန်တကယ် လိုအပ်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးသွားမည် ဖြစ်ကြောင်း၊ ပြည်သူများ၏ အမှန်လိုအပ်ချက်များသည် စီမံကိန်းတွင် ပါဝင်ပါမှ နိုင်ငံတော်အနေဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့်လည်းကောင်း ဘဏ္ဍာငွေများခွဲဝေ၍ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် စီမံကိန်းတွင် ပါဝင်အောင် ရေးဆွဲနိုင်ရေး၊ စီမံကိန်းတွင်ပါရှိသည့်လုပ်ငန်းများ မြေပြင်တွင် အမှန်တကယ်ဖြစ်ထွန်းရေး ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ တွေ့ဆုံရှင်းလင်းဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

တက်ရောက်

ဧပြီ ၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ ၂၆ လမ်းနှင့် ၈၄ လမ်းထောင့် ဈေးချို(မြောက်ဘက်) တိုက်တန်း စတုတ္ထထပ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး ဖွင့်လှစ်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးမြို့ပေါ်ရှိ အသင်းအဖွဲ့အသီးသီးမှ ဗဟိုအလုပ်အမှုဆောင်များ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ တက်ရောက်ခဲ့သည်။

ချမှတ်ဆောင်ရွက်

ဧပြီ ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်စီမံကိန်းဦးစီးမှူးများကိုတွေ့ဆုံပြီး စီမံကိန်းဦးစီးရုံး ဝန်ထမ်းများအနေဖြင့် ပြောင်းလဲလျက်ရှိသည့် စီးပွားရေးစနစ်နှင့် အံဝင်ခွင်ကျသည့် စီးပွားရေးစီမံကိန်းများရေးဆွဲနိုင်ရန် လိုအပ်ကြောင်း၊ စီမံကိန်းရေးဆွဲရာတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုကိုအခြေခံသည့် စီးပွားရေးစီမံကိန်းများ ရေးဆွဲရန်လိုအပ်ကြောင်း၊ ဒေသရှိ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များ၊ ငွေကြေးအရင်းအနှီးများစသည့် အရင်းအမြစ်များကို အခြေခံ၍ ပြည်သူတို့၏အမှန်တကယ် လိုအပ်ချက်များ၊ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကိုပါဖြည့်စွက်၍ ရေရှည်ဖွံ့ဖြိုးတိုးတက်နေသည့် ဒေသဖြစ်စေရေး ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ စီးပွားရေးတိုးတက်မှု (Economic Growth) တစ်ခုတည်းကိုသာ မစဉ်းစားဘဲ ဒေသတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်မှု Regional Comprehensive Development) ရရှိနိုင်ရန် စီးပွားရေးစင်္ကြံ (Economic Corridor)၊ ဖွံ့ဖြိုးရေးဗဟိုချက်မ (Growth Center/ Pole) ပုံစံများဖြင့် လုပ်ဆောင်နိုင်မည့်ပုံစံများကို အသေးစိတ်လေ့လာရေးဆွဲရမည့် အချိန်ဖြစ်ကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းသည် စတုတ္ထမြောက်နှစ်ဖြစ်သဖြင့် ယခင်ဆောင်ရွက်ခဲ့သည့် သုံးနှစ်တာကာလမှ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကို အခြေခံ၍ ယခုနှစ်တွင် ချမှတ်ထားသည့် စီမံကိန်းရည်မှန်းချက်များကို အောင်မြင်အောင် မည်ကဲ့သို့ဆောင်ရွက်မည်ကို လအလိုက် စီမံချက်များ ရေးဆွဲချမှတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ လက်ရှိနှင့်အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အာရှဖွံ့ဖြိုးရေးဘဏ်၏ အမြဲတမ်းကိုယ်စားလှယ်ရုံးမှ ဌာနေညွှန်ကြားရေးမှူး Mr.Winfried F.Wicklein သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့အကြား လက်ရှိနှင့်အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်၏လုံခြုံရေးအစောင့်အရှောက်ဖြင့် လုံခြုံရေးအရ သန်းခေါင်စာရင်းကောက်ယူရန် ခက်ခဲသောကျေးရွာများသို့ သန်းခေါင်စာရင်းကောက်ယူပြီးစီး

နေပြည်တော် ဧပြီ ၁၁

လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရန် ခက်ခဲလျက်ရှိသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ဒေသအချို့၌ တပ်မတော်က လုံခြုံရေးအစောင့်အရှောက်များအကူအညီပေး၍ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် မံစီမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာမှ သန်းခေါင်စာရင်းကောက်ယူရန် ကျန်ရှိသော ဒေသခံပြည်သူ ၄၃၄ ဦးအား ဧပြီ ၁၀ ရက် ညနေပိုင်းတွင် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း အပြီးသတ်ကောက်ယူခဲ့ကြောင်းနှင့် သန်းခေါင်စာရင်းကောက်ယူရန် ခက်ခဲသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူ ၆၀၄၃၈ ဦးအား လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

■ *ရှေ့ဖုံးမှ*

ဆီဒိုးနားဟိုတယ်အလွန်နေရာအထိ အကြီးစားမဏ္ဍပ် ၁၃ ခုခန့်ရှိရာ တည်ဆောက်မှုများအပြီးသတ်နေပြီး သင်္ကြန်မဏ္ဍပ်များတွင် ရေကစားရန် လူဦးရေသတ်မှတ်ထားမှုပြည့်နေပြီဖြစ်ကြောင်း သိရသည်။

တစ်ဖန် ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းတွင်လည်း သင်္ကြန်မဏ္ဍပ်များ တည်ဆောက်နေရာ မဏ္ဍပ် အတော်များများမှာ အပြီးသတ်နေကြပြီဖြစ်သည်။ ရန်ကုန်မြို့တော်ဝန်သင်္ကြန်မဏ္ဍပ်များ ပြီးစီးနေပြီး ဖွင့်လှစ်ရန် အသင့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။

ယခုနှစ် သင်္ကြန်မဏ္ဍပ်ကြီးတိုင်းတွင် CCTV ကင်မရာ (၃၆၀ ဒီဂရီ လှည့်နိုင်သော)တစ်လုံးနှင့်ကင်မရာ အသေးလေးလုံးတပ်ဆင်ထားရမည်ဖြစ်ပြီး မဏ္ဍပ်အလတ်များတွင် CCTV ကင်မရာအကြီးတစ်လုံးနှင့် ကင်မရာအသေးသုံးလုံးကို လုံခြုံရေးအတွက် တပ်ဆင်ထားရမည်ဖြစ်သည်။

ထို့အတူ လုံခြုံရေးဝန်ထမ်းများကိုလည်း သင်္ကြန်မဏ္ဍပ်တည်ဆောက်သူများက ချထားရမည်ဖြစ်ပြီး သင်္ကြန်မဏ္ဍပ်အကြီးတစ်ခုလျှင် ၁၅ ဦးနှင့် မဏ္ဍပ်အလတ်ဆိုလျှင် ၁၀ဦး ချထား တာဝန်ပေးထားရမည်ဖြစ်သည်။ ၎င်းလုံခြုံရေးများမှာ မူးယစ်သူများကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းနှင့် ရေပက်ခံကားများကို သင်္ကြန်မဏ္ဍပ်ဧရိယာအတွင်း လမ်းရှင်းပေးခြင်းတို့ ဆောင်ရွက်ကြမည်ဖြစ်သည်။

အခွန်ဆောင်လို့ ဘဏ္ဍာတိုး တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး

အင်ဒိုနီးရှားပါလီမန်ရွေးကောက်ပွဲ အတိုက်အခံပါတီ မဲရာခိုင်နှုန်းအများဆုံးဖြင့် ဦးဆောင်

ဂျကာတာ မေ ၁၁

အင်ဒိုနီးရှားအတိုက်အခံ ဒီမိုကရက်တစ်ပါတီက ပါလီမန်ရွေးကောက်ပွဲတွင် ဦးဆောင်နေကြောင်း၊ သို့သော်လည်း သမ္မတရွေးကောက်ပွဲတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ အတိုက်အခံပါတီသည် မဲရေတွက်ပြီးသမျှတွင် အနိုင်ရရှိရန် ၁၉ ရာခိုင်နှုန်း သေချာနေပြီဟု ဆိုသည်။ သို့သော်လည်း ဂျကာတာအုပ်ချုပ်ရေးမှူး ဂျိုကိုဝီဒိုဒိုသည် လာမည့် ဇူလိုင် ၉ ရက် သမ္မတရွေးကောက်ပွဲဝင်ရောက်ရန် ၂၅ ရာခိုင်နှုန်းအထိ ရရှိမည်၊ မရရှိမည်ကို မသိရသေးဟု ဆိုသည်။ ရွေးကောက်ပွဲ တရားဝင်ရလဒ်များကို မေလတွင် ကြေညာဖွယ်ရှိသည်။ ဧပြီ ၉ ရက်က နိုင်ငံတစ်ဝန်းကျင်းပသော အဆိုပါ ပါလီမန်ရွေးကောက်ပွဲတွင် အမတ်နေရာ ၁၉၀၀၀ အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းတို့တွင် အမျိုးသားပါလီမန် အမတ်နေရာ ၅၆၀ လည်း ပါဝင်သည်။

အဆိုပါ ပါလီမန်ရွေးကောက်ပွဲတွင် အတိုက်အခံဂိုဘာပါတီက ၁၄ ရာခိုင်နှုန်းဖြင့် ဒုတိယလိုက်သည်။ ယင်းနောက်တွင် ဂရိတ်အင်ဒိုနီးရှားလှုပ်ရှားမှုပါတီက ၁၂ ရာခိုင်နှုန်းရရှိသည်။

အာဏာရ အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနို၏ ဒီမိုကရက်တစ်ပါတီက ၁၀ ရာခိုင်နှုန်းသာ ရရှိသည်။ လက်ရှိ အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းသည် တတိယအကြိမ်မြောက် သမ္မတအဖြစ် ပြန်လည် ထမ်းဆောင်ခွင့်ရရှိမည်မဟုတ်ဟု ဆိုသည်။ သို့သော်လည်း အင်ဒိုနီးရှားသမ္မတက လက်ရှိရွေးကောက်ပွဲရလဒ်များအပေါ် လေးစားတန်ဖိုးထားကြောင်း သတင်းထောက်များကို ပြောကြားသည်။

(ဘီဘီစီ)

ကွင်းစလန်းပြည်နယ်သို့ ဆိုင်ကလုန်းဝင်မည် ဒေသခံများအား မုန်တိုင်းသတိပေး

ကွင်းစလန်း မေ ၁၁

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ အဆင့် ၅ ရှိ ဆိုင်ကလုန်း အီတာဖြစ်ပေါ်ခဲ့ရာ မြောက်ဘက် ကမ်းရိုးတန်းကို ဝင်ရောက်လာခဲ့သည်။

အဆိုပါမုန်တိုင်းသည် သောကြာနေ့ညနေပိုင်းတွင် ကိတ်ယော(စ်) ကျွန်းဆွယ်သို့ ဝင်ရောက်လိမ့်မည်ဟု မျှော်လင့်ရသည်။ ယင်းဆိုင်ကလုန်းမုန်တိုင်းသည် အဖျက်စွမ်းအားကြီးမားလိမ့်မည်ဟု ဆိုသည်။

မုန်တိုင်းကြောင့် ကမ်းရိုးတန်းမြေနိမ့်ပိုင်းဒေသများ ဒီရေလှိုင်းများကြောင့် ထိခိုက်ပျက်စီးနိုင်ကြောင်း၊ မိုးသည်းထန်စွာရွာပြီး ရေကြီးနိုင်ကြောင်း ဩစတြေးလျမိုးလေဝသက ကြေညာထားသည်။

ယင်းမုန်တိုင်းသည် ၂၀၁၁ ခုနှစ်က ယာစီမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် အပြင်းဆုံးဖြစ်လာလိမ့်မည်ဟု ဆိုသည်။

အီတာဆိုင်ကလုန်းမုန်တိုင်းသည် ကွင်းစလန်းမြောက်ပိုင်း ကမ်းရိုးတန်းသို့ သောကြာနေ့နှောင်းပိုင်း ဒေသစံတော်ချိန် ည ၁၀ နာရီတွင် ဝင်ရောက်နိုင်သည်ဟု ဆိုသည်။

ကမ်းရိုးတန်းဒေသနေ ပြည်သူများက ဆိုင်ကလုန်းမုန်တိုင်းဖြတ်ကျော်ရာ လမ်းကြောင်းတစ်လျှောက် အသိပေးချက် ထုတ်ပြန်ထားသည်။

(ဘီဘီစီ)

ပြန်ပေးဆွဲခံရသောတရုတ်ခရီးသွားထံမှ ဒေါ်လာ ၁၁ သန်းတောင်းဆို

ကွာလာလမ်ပူ မေ ၁၁

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ စစ်သွေးကြွအုပ်စုသည် ဘော်နီယိုကျွန်း အပန်းဖြေစခန်း၌ အပန်းဖြေနေသော တရုတ်ခရီးသွားဧည့်သည်တစ်ဦးကို ပြန်ပေးဆွဲခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁ သန်းဖြင့် ရွေးယူရန် တောင်းဆိုခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောသည်။

ပြန်ပေးဆွဲသမားများ၏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂၄ သန်း တောင်းဆိုသည့် စာကိုလက်ခံရရှိခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် သံတမန်ရေးရာကျွမ်းကျင်သူများပါဝင်သော အဖွဲ့ကို ရွေးယူရမည့်ငွေကြေး လျှော့ချရန်အတွက် ၎င်းပြန်ပေးဆွဲသမားများ၏ ကြားလူနှင့်ဆွေးနွေးမှုများ ပြုလုပ်ရန်စေလွှတ်ခဲ့ကြောင်း ၎င်းက ပြောသည်။

ဧပြီ ၂ ရက်က တောင်ဘက်စွန်း ဆာဘားပြည်နယ် ဆန့်ပိုးနားကမ်းခြေရှိ အပန်းဖြေစခန်းတစ်ခု၌ အလုပ်လုပ်နေသော အမျိုးသမီးနှစ်ဦးကို သေနတ်သမားခုနစ်ဦးခန့်က ပြန်ပေးဆွဲခဲ့ရာတွင် ယခုကဲ့သို့ ငွေကြေးတောင်းခံမှုမျိုး မရှိခဲ့ကြောင်း ဇာဟီက ဆိုသည်။

၎င်းအမျိုးသမီးနှစ်ဦးနှင့် နိုင်ငံခြားခရီးသွားဧည့်သည် ၂၂ ဦးခန့်ကို ပြန်ပေးဆွဲကိစ္စနှင့်ပတ်သက်၍ မေးမြန်းမှုများပြုလုပ်ရန် ခေါ်ဆောင်ထားကြောင်း၊ ၎င်းပြန်ပေးဆွဲသမားများသည် ဖိလစ်ပိုင်တောင်ပိုင်းရှိ အဘူဆေယက် စစ်သွေးကြွအုပ်စုဝင်များ ဖြစ်နိုင်ကြောင်းနှင့်အပန်းဖြေဧရိယာဝန်းကျင်တွင် ကမ်းခြေစောင့်တပ်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လုံခြုံရေးချထားကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောသည်။

(ကျိုဒို)

ချူကလီးယားစွမ်းအင် ပြန်လည်အသုံးပြုနိုင်ရေး ဂျပန်ဝန်ကြီးချုပ်သဘောတူညီ

တိုကျို မေ ၁၁

ဂျပန်နိုင်ငံတွင် ဖူကူရှီးမားသဘာဝဘေးကြောင့် ပြည်သူများ ဒေါသထွက်နေလင့်ကစား နျူကလီးယားစွမ်းအင်ကို ပြန်လည်အသုံးပြုသွားရန် အစီအစဉ်ကို ဂျပန်အစိုးရက သဘောတူလိုက်သည်။

အဆိုပါ နျူကလီးယားစွမ်းအင် ပြန်လည်အသုံးပြုရေးအစီအစဉ်သည် ယခင်အစိုးရက နျူကလီးယားစွမ်းအင် အသုံးပြုမှုအပေါ် လျှော့ချရန် ဆုံးဖြတ်ခဲ့မှုအပေါ် ပြန်လည်သုံးသပ်ခဲ့ခြင်းဖြစ်သည်။ ယင်းသဘောတူညီချက်သည် ဖူကူရှီးမားဒေသမှ ပြည်သူများ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ပြီး ယင်းတို့၏ အိမ်များသို့ ပြန်လာကြပြီး ရက်ပိုင်းအကြာ ထွက်ပေါ်လာခြင်းဖြစ်သည်။

အစီအစဉ်အရ အစိုးရက နျူကလီးယားစွမ်းအင် အဆောက်အအုံများ ပြန်လည် လည်ပတ်နိုင်ရေး စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျိုဒိုသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထိုစဉ်အတွင်း နျူကလီးယားကာကွယ်မှု လုပ်ငန်းစဉ်ကိုလည်း တတ်နိုင်သမျှ လျှော့ချဆောင်ရွက်သွားမည်ဟု ဆိုသည်။

ဂျပန်နိုင်ငံ၏ အတိုက်အခံ ဒီမိုကရက်တစ်ပါတီသည် ၂၀၁၁ ခုနှစ်က ငလျင်လှုပ်ပြီး ဆူနာမီဖြစ်ပေါ်ခဲ့၍ နျူကလီးယားစွမ်းအင်သုံးစွဲမှု လျှော့ချရန် စီစဉ်ခဲ့သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလက အတွင်းက ရွေးကောက်တင်မြှောက်ခံရသော ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် နျူကလီးယားစွမ်းအင်အသုံးချရေး ကြိုးစားခဲ့သူဖြစ်သည်။

(ဘီဘီစီ)



မြောက်ကိုရီးယား ကင်းထောက်ယာဉ်သုံးစင်း တောင်ကိုရီးယားသို့ စေလွှတ်ထားဟုဆို

ဆိုးလ် မေ ၁၁

မြောက်ကိုရီးယားက ကင်းထောက်လုပ်ငန်းလုပ်ရန်ရည်ရွယ်ပြီး ထောက်လှမ်းရေး မောင်းသူမဲ့လေယာဉ်သုံးစင်း စေလွှတ်ထားကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက မေ ၁၁ ရက်တွင် ပြောကြားလိုက်သည်။

အဆိုပါ ထောက်လှမ်းရေးယာဉ်များ တောင်ကိုရီးယားကို ထောက်လှမ်းရန် ဖြန့်ကြက်ထားသည့် အထောက်အထားများတွေ့ရကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကင်မင်ဆောက်က သတင်းထောက်များအား ပြောကြားသည်။ ယင်းဒုံးယာဉ်သုံးစင်းကို လွန်ခဲ့သည့် သီတင်းပတ်များက တောင်ကိုရီးယားနိုင်ငံအနောက်ပိုင်းနှင့် အရှေ့ပိုင်းနယ်စပ်တို့၌ တွေ့ရသည်ဟု ၎င်းဝန်ကြီးဌာနက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

(ဆင်ဟွာ)

ကမ္ဘောဒီးယားအမျိုးသား ၁၃ ဦး နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ထောင်ဒဏ်များချမှတ်ခံရ

ဖနောင်ပင် မေ ၁၁

ဖနောင်ပင်တရားရုံးက နိုင်ငံတော်သစ္စာဖောက်ရာတွင် ပူးပေါင်းကြံစည်မှုဖြင့် ကမ္ဘောဒီးယားအမျိုးသား ၁၃ ဦးကို ထောင်ဒဏ် ငါးနှစ်မှ ကိုးနှစ်အထိ ချမှတ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အကျဉ်းသားခုနစ်ဦးကို ဆုံးဖြတ်ချက်ကြားနာရန် အကျဉ်းထောင်မှ ခေါ်ဆောင်လာပြီး ထွက်ပြေးတိမ်းရှောင်နေသော အခြားအကျဉ်းသား ခြောက်ဦးကိုလည်း ပြစ်ဒဏ်များချမှတ်ခဲ့သည်။ ၎င်းတို့ကို အစိုးရပြိုကွဲစေရန် လုပ်ကြံနေသော ခမာအမျိုးသားကယ်တင်ရေးတပ်ဦးအမည်ရှိ လက်နက်ကိုင်တပ်ဖွဲ့ဖြင့် ပူးပေါင်းခဲ့သည့် သက်သေအထောက်အထားများတွေ့ရှိရသဖြင့် ပြစ်ဒဏ်များချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထွက်ပြေးနေသော အကျဉ်းသား ခြောက်ဦးကိုလည်း ဖမ်းဝရမ်းထုတ်ထားခဲ့ကြောင်း တရားရုံးကပြောသည်။

ပြည်ပသို့ထွက်ပြေးသွားသော ၎င်းအဖွဲ့စီစဉ်ညွှန်ကြားသူ ဆမ်ဆီရီးကို ထောင်ဒဏ် ကိုးနှစ်ချမှတ်ခဲ့သည်။ ၎င်းအဖွဲ့သည် ၂၀၀၉၊ ၂၀၁၁ ခုနှစ်အတွင်း ကမ္ဘောဒီးယားဆန့်ကျင်ရေးလှုပ်ရှားမှုများကို လုပ်ဆောင်ခဲ့ရာ ထိုင်းနိုင်ငံ ပတွန်သာနီပြည်နယ်၌ ပြီးခဲ့သည့် မတ်လက ဖမ်းဆီးရမိခဲ့သည်။ ရုံးတင်စစ်ဆေးမှုကို မတ် ၁၈ ရက်တွင် ပြုလုပ်ခဲ့ပြီး မေ ၁၁ ရက်တွင် စီရင်ချက်ချမှတ်ခဲ့သည်ဟု သိရသည်။

(ဆင်ဟွာ)

ဗဟိုအာဖရိကသမ္မတနိုင်ငံသို့ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၁၂၀၀၀ စေလွှတ်မည်

ဗဟိုအာဖရိက မေ ၁၁

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဗဟိုအာဖရိကသမ္မတနိုင်ငံသို့ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၁၂၀၀၀ စေလွှတ်ရန် မဲခွဲဆုံးဖြတ်လိုက်ပြီဖြစ်သည်။

အဆိုပါ နိုင်ငံအတွင်း ဘာသာရေးအကြမ်းဖက်မှုများနှင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများ မဖြစ်ပေါ်ရေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက သတိပေးပြောကြားလိုက်သည်။ ယင်းဆုံးဖြတ်ချက်က ပြင်သစ်တပ်ဖွဲ့ဝင် ၂၀၀၀၊ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များနှင့်အတူ အတူတကွ တာဝန်ထမ်းဆောင်ရန်ခွင့်ပြုပေးလိုက်ခြင်း ဖြစ်သည်။

အဆိုပါနိုင်ငံတွင် ထောင်နှင့်ချီသေဆုံးမှုဖြစ်ခဲ့ရသည်။ လူဦးရေ၏ လေးပုံတစ်ပုံ လူပေါင်း ၁ ဒသမ ၃ သန်း စားနပ်ရိက္ခာ အကူအညီများလိုအပ်နေသည်။ ပြီးခဲ့သည့်နှစ်က အဓိကမွတ်စလင်သူပုန်များက အာဏာရယူထားမှုအပေါ် လက်တုံ့ပြန်ရန်ပြည်သူ့စစ်များက မွတ်စလင်အရပ်သားများအား ပစ်မှတ်ထားလျက်ရှိသည်။ ပြင်သစ်တို့က အာဖရိကတပ်ဖွဲ့ဝင် ၆၀၀၀ နှင့်အတူ ကိုလိုနီဟောင်း နိုင်ငံအား တပ်ဖွဲ့ဝင် ၂၀၀၀ စေလွှတ်၍ လုံခြုံရေးကူညီပေးလျက်ရှိသည်။ ယင်းတို့ကို စက်တင်ဘာလတွင် ကုလသမဂ္ဂမစ်ရှင်နှင့် အစားထိုးဖွယ်ရှိသည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

✳ *ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဦးကြည်က ဆေးရုံ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်နေမှု၊ ဆေးပညာဌာနနှင့် ဆေးဘက်ဆိုင်ရာသင်တန်းများဖွင့်လှစ်သင်ကြားနေမှု၊ ခုတင် ၃၀၀ ဆံ့ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက မကွေးဆေးရုံကြီး၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မိမိတို့လာရောက်ခြင်းသည် ဆေးရုံကြီး၏ အဆောက်အအုံ၊ အထောက်အကူပြုပစ္စည်းများ၊ ဝန်ထမ်းအင်အားပြည့်စုံလုံလောက်မှုရှိ မရှိနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နှစ်ပေါင်း ၅၀ ကျော် ကြာမြင့်နေပြီဖြစ်သည့် ဆေးရုံအဆောက်အအုံများအား ဥပဓိရုပ်ကောင်းမွန်ပြည့်စုံအောင် ပြုပြင်သင့်သည်များကို ပြုပြင်၍ ခေတ်ကာလနှင့်ကိုက်ညီသည့် အသစ်တည်ဆောက်သင့်သည်များကို တည်ဆောက်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိအဆောက်အအုံများသည် နှစ်ကာလကြာမြင့်သော်လည်း စနစ်တကျပြန်လည်ပြုပြင်ပါက ယခုထက်ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဆေးရုံကြီး၏ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ကောင်းမွန်ရေးတို့ကို ဆေးရုံအုပ်ကြီးနှင့်အားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ပုဂ္ဂလိကကဏ္ဍနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိဆေးရုံကြီးအား ခုတင် ၃၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေး ပြန်လည်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆေးရုံရှိ ဆရာကြီး ဆရာမကြီးများက လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယသမ္မတက တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးကို ၁၉၆၄ ခုနှစ်မတိုင်မီက ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ခဲ့ပြီး ၁၉၆၄ ခုနှစ် ဧပြီလမှ စတင်၍ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ ဆေးရုံအဆောက်အအုံသက်တမ်းမှာ နှစ်ပေါင်း ၅၀ ကျော်ရှိကြောင်း သိရသည်။

ပြည်သူ့ဆေးရုံကြီး၌ နေ့စဉ် ပြင်ပလူနာ ၉၁ ဦးခန့်နှင့် အတွင်းလူနာ ၂၄၅ ဦးခန့်ကို ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်း ၃၅၂ ဦးဖြင့် ဆေးဝါးကုသမှုပေးလျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဆေးတက္ကသိုလ်(မကွေး)၌ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆေးတက္ကသိုလ်(မကွေး)၏ တည်ဆောက်ရေး၊ စီမံခန့်ခွဲရေးနှင့် သင်ကြားလေ့ကျင့်ရေးတို့ကို ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဝင်းမြတ်အေးက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တက္ကသိုလ်သို့ လာရောက်ရခြင်းသည် ကျောင်းသားများ၏ သင်ကြားသင်ယူမှုအခြေအနေများနှင့် ကျောင်း၏ မြို့နှင့်အလှမ်းကွာဝေးမှုတို့ကို မျက်မြင်လေ့လာကြည့်ရှုစစ်ဆေးဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း၊ မြို့ပြနှင့် အလှမ်းကွာဝေးသော်လည်း နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်၍ ဆောင်ရွက်နိုင်သည့်အပြင် Oxford Summit of Leader 2013 ဆု ရရှိသည့်အတွက် ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုပါကြောင်း၊ ကျောင်းသားများအား ကျောင်းသင်ခန်းစာများပြီးဆုံးပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုကို ဖန်တီးပေးရန်လိုအပ်ပါကြောင်း၊ ဝန်ထမ်းအင်အားလုံလောက်မှုမရှိခြင်းအပေါ် ဝန်ကြီးဌာနအပိုင်းက ပံ့ပိုးပေးသွားမှာဖြစ်ကြောင်း၊ နိုင်ငံ၏အခြေခံလူ့အဖွဲ့အစည်းအား ကျန်းမာရေးစောင့်ရှောက်မှုကို အလေးထားဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်မှကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ခင်မင်ရင်းနှီးစွာနှုတ်ဆက်၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဆေးတက္ကသိုလ်(မကွေး)ရှိ သင်ကြားရေးခန်းမများ၊ ဘွဲ့လွန်သုတေသနလက်တွေ့ခန်း၊ ကွန်ပျူတာခန်းများ၊ ဘွဲ့နှင်းသဘင်ခန်းမဆောင် ဆောက်လုပ်ပြီးစီးမှု၊ ဆရာ ဆရာမနေအိမ်နှင့် ကျောင်းသား ကျောင်းသူအဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆေးတက္ကသိုလ်(မကွေး)ကို ၂၀၀၁ ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၁ ခုနှစ် မေ ၂၂ ရက်တွင် ပထမနှစ်သင်တန်းများ စတင်ဖွင့်လှစ်နိုင်ခဲ့၍ ယနေ့အထိ ဆေးပညာမဟာသိပ္ပံဘွဲ့ရ ၁၉ ဦးနှင့် ဆေးပညာဘွဲ့ရ ၃၁၈၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ထိုမှတစ်ဆင့် ခုတင် ၂၀၀ ဆံ့ သင်ကြားရေးဆေးရုံ(မကွေး)သို့ ရောက်ရှိပြီး ခွဲစိတ်ကုပညာဌာန၊ ထိခိုက်ဒဏ်ရာနှင့်အရိုး၊ အကြော၊ အဆစ်ကုသဌာန၊ သားဖွားမီးယပ်ပညာဌာန၊ ဆေးပညာဌာန၊ ရောဂါဗေဒဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်လူနာများအား ရင်းနှီးခင်မင်စွာနှုတ်ဆက်အားပေးသည်။

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာမူမူအေးက ဆေးရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးတို့က ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဆောက်အအုံ၊ အဆောက်အအုံအတွင်း ဖြည့်ဆည်းရမည့် ပစ္စည်းလိုအပ်ချက်၊ ဝန်ထမ်းအင်အားနှင့် ဝန်ထမ်းများ၏ လူမှုရေးအခက်အခဲများကို ဖြည့်ဆည်း ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အခြားသောလိုအပ်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ဖြည့်ဆည်းပေးနိုင်သည်များ ဖြည့်ဆည်းပေးရန်ဖြစ်ပါကြောင်း၊ ဌာနအလိုက်လိုအပ်လျက်ရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်များအား မည်သို့ဖြည့်ဆည်းရမည်ကို အားလုံးဝိုင်းဝန်းစဉ်းစားအကြံပြုကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ခုတင် ၂၀၀ ဆံ့ သင်ကြားရေးဆေးရုံ(မကွေး)ကို ၂၀၀၃ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ဆရာဝန် ၁၂၂ ဦးအပါအဝင် ဝန်ထမ်းအင်အား ၃၀၂ ဦးဖြင့် ဖွင့်လှစ်ခဲ့သည်။

သင်ကြားရေးဆေးရုံ(မကွေး)၌ ကုသရေးဌာနကိုးခုနှင့် အထောက်အကူပြုဌာနသုံးခုဖြင့် မကွေး၊ တောင်တွင်းကြီး၊ ရေနံချောင်း၊ နတ်မောက်နှင့် ချောက်မြို့တို့အပါအဝင် မြို့နယ် ၁၄ မြို့နယ်မှ ပေးပို့လူနာများကို ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မကွေးမြို့ရှိ မြသလွန်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

✳ *ကျောဖုံးမှ*

ယဉ်ကျေးမှု အမွေအနှစ်များကို ထိခိုက်မှုမဖြစ်စေဘဲ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဆောင်ရွက်သွားရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်တို့ကလည်း ဒေသအတွင်းယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကြောင့် ပုဂံဒေသသည် မြန်မာ့ခရီးသွားလုပ်ငန်း၏ အဓိက ဆွဲဆောင်မှုဖြစ်ပြီး ကမ္ဘာတွင် အထင်ကရကျော်ကြားသောဒေသဖြစ်ကြောင်း၊ ပုဂံဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသည် ပုဂံဒေသ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရှေးမူမပျက် ဆက်လက်ထိန်းသိမ်းနိုင်မှုအပေါ် မူတည်ပါကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များကို နည်းလမ်းတကျ ထိန်းသိမ်းနိုင်ရေးအတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထားရှိပါကြောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆိုင်ရာပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံးက နိုင်ငံချစ်စိတ်ဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယဉ်ကျေးမှုရှုထောင့်၊ စီးပွားရေးဖွံ့ဖြိုးမှုရှုထောင့်၊ လူမှုရေးရှုထောင့်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရှုထောင့်များမှ ဘက်စုံထည့်သွင်းစဉ်းစားဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ လက်တွေ့အခြေအနေများနှင့် မကိုက်ညီဘဲ အကျိုးစီးပွားချင်း ဆန့်ကျင်ထိပ်တိုက်တွေ့နေသည့် ကိစ္စရပ်များအပေါ် အားလုံးအတွက် အကောင်းဆုံးဖြစ်နိုင်မည့် အဖြေများကို ညှိနှိုင်းပေါင်းစပ်ရှာဖွေသွားရန် လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် ပုဂံမြို့ဟောင်း တပ်မတော်ဧည့်ဂေဟာ၌ ပုဂံဟိုတယ်ဇုန်မှ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပုဂံဟိုတယ်ဇုန် အတွင်းရေးမှူး ဦးဇော်ဝိတ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စျေးကွက်မြှင့်တင်ရေးအသင်း ကော်မတီဝင် ဦးကျော်စွာမင်း၊ ဧည့်လမ်းညွှန်အသင်း ပုဂံဇုန်ဥက္ကဋ္ဌ ဦးသန်းဌေး၊ မြန်မာနိုင်ငံစားသောက်လုပ်ငန်းရှင်များအသင်း ပုဂံဇုန်ဥက္ကဋ္ဌ ဦးတင်ဆွေ၊ မြန်မာနိုင်ငံ ခရီးသွားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကျော်မင်းထင်တို့က ပုဂံယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဒေသခံပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် လုပ်ငန်းဆိုင်ရာ အခြေခံလိုအပ်ချက်များနှင့် လုပ်ကိုင်ဆောင်ရွက်လိုသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းစနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းရင်း ဒေသခံပြည်သူများအတွက် လူမှုစီးပွားဘဝပိုမိုတိုးမြှင့်စေမည့် အသေးစား၊ အလတ်စားလုပ်ငန်းများကို ဒေသခံပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးနည်းလမ်းများ၊ ယဉ်ကျေးမှုဇုန်၊ ဟိုတယ်ဇုန်နှင့် မြို့ပြဇုန်များ သတ်မှတ်ချက်နှင့် ဧရိယာနယ်နိမိတ်များကို ပြန်လည်ညှိနှိုင်းသတ်မှတ်ရေးများတွင် ဘက်ပေါင်းစုံအောင်မြင်မှုရရှိစေရေးအတွက် ပြုပြင်ပြောင်းလဲသင့်သည်များကို လက်တွေ့ဘဝနှင့်အညီ ပြောင်းလဲလုပ်ဆောင်ရေး၊ ချမှတ်ထားသော ဥပဒေနှင့်အညီ တာဝန်ရှိသူအသီးသီးက လိုက်နာဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းကွင်းဆက်အတွင်း ပါဝင်ပတ်သက်သူအချင်းချင်း သတင်းအချက်အလက်များဖလှယ်၍ တိုးတက်မှုရရှိအောင် ပူးပေါင်းဆောင်ရွက်သွားကြရေးနှင့် ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း အပြန်အလှန် အကျိုးပြုစေရေးတို့ကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မလေးရှားသို့ထွက်ခွာ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။ (မြဝတီ)

နေပြည်တော် ဧပြီ ၁၁

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ မလေးရှား ကြည်းတပ်ဦးစီးချုပ် General Datuk Raja Mohamed Affandi Bin Mohamed Noor ၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဆန်းဦးနှင့် ရန်ကုန်တပ်နယ်မှ တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့တွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဆွေနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

✳ *ကျောဖုံးမှ*

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ မော်တော်ဆိုင်ကယ်များကိုလည်း စီးနင်းခွင့် ပြုမည်မဟုတ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ သိရသည်။

သွန်းဝသန်

နိုင်ငံတကာသတင်းဂျာနယ်
စာဖတ်ပရိသတ်များသို့ အသိပေးကြေညာချက်

တနင်္လာနေ့တိုင်းထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်ကို နှစ်သစ်ကူးအတာသင်္ကြန်ကာလအတွင်း နှစ်ပတ်ရပ်နားသွားမည်ဖြစ်ပြီး ဧပြီ ၂၈ ရက် တနင်္လာနေ့မှစ၍ အပတ်စဉ်ပုံမှန် ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

နိုင်ငံတကာသတင်းဂျာနယ် အယ်ဒီတာအဖွဲ့

ကြော်ငြာနှင့် ဖြန့်ချိရေး ဖုန်း-၂၉၂၈၃၀၊ ၂၉၄၂၇၊ ၀၁-၈၆၀၀၆၈၅

ကလေးဝမြို့တွင် ပထမအကြိမ် စုပေါင်းသီလရှင် ဒုလ္လဘဝတ်ပွဲကျင်းပ

ကလေးဝ ဧပြီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် အမှတ်(၁) ရပ်ကွက် သီရိဇေယျာကျောင်းတိုက်တွင် နာယကဆရာတော် ဘဒ္ဒန္တဝဏ်ဏသရက ကြီးမှူး၍ ကလေးဝမြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် ဘီးဇမ်းကူလမိတာ သီလရှင်စာသင်တိုက်၌ ပထမအကြိမ် သီလရှင်ဒုလ္လဘဝတ်ပွဲကို ဧပြီ ၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ဘီးဇမ်းကူလမိတာ သီလရှင်စာသင်တိုက်၌ပြုလုပ်သော ပထမအကြိမ် စုပေါင်းသီလရှင်ဒုလ္လဘဝတ်ပွဲတွင် သီလရှင်အပါးရေ ၄၀ ကျော် ဒုလ္လဘဝတ်ခဲ့ကြပြီး ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ချင်းတွင်းသား(iprd)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ပိတောက်သင်္ကြန်-ချစ်သင်္ကြန်

ခင်ဆွေမြင့်(မြန်မာစာ)

ပူပြင်းတောက်ပလွန်းလှသော ခရမ်းလွန်ရောင်ခြည် နေရောင်အောက်တွင်ပင် သင်္ကြန်အတာရေသဘင်ပွဲဆင်နွှဲကြရပါတော့မည်။

ကုသိုလ်ကံအားလျော်စွာ ဟိုတစ်မြို့သည်တစ်မြို့ ဟိုတစ်နယ်သည်တစ်နယ် သင်္ကြန်ပိတောက်မိုး သွန်းဖြိုးရွာစွေခဲ့သောကြောင့် လျော့သွားသော အပူရှိန်နှင့်အတူ ပိတောက်ဖူးငုံများ ပွင့်လန်းလာကြပါသည်။

ပိတောက်မပွင့်ခဲ့ရသော မနှစ်က သင်္ကြန်နှင့်မတူ။

ယခုနှစ်တွင်မူ သင်္ကြန်လက်ဆေးမိုး ရွာလိုက်သောကြောင့် ကျွန်မတို့၏ "မဟာသင်္ကြန်အတာသင်္ကြန်" သည် မွှေးချိုသော ပိတောက်ရနံ့များဖြင့် ကြိုဆိုလိုက်ရသည့်ကျက်သရေရှိလှသော "ပိတောက်သင်္ကြန်"ဖြစ်ပါသည်။

ကျက်သရေရှိလှသော "ပိတောက်သင်္ကြန်" ကို ကျွန်မတို့သည် ကျက်သရေရှိစွာ ဖြတ်သန်းကြရပါမည်။

"သင်္ကြန်"သည် နှစ်ဟောင်းကို လွမ်းမောတသစွာ နှုတ်ဆက်ပြီး နှစ်သစ်ကို ချင်ခင်နှစ်လိုစွာကြိုဆိုကြသည့် မြန်မာတို့၏ကျက်သရေမင်္ဂလာရှိလှသော နှစ်သစ်ကူးပွဲတော်ကြီးဖြစ်ပါသည်။

အဓိပ္ပာယ်အနှစ်သာရ ပြည့်ဝလှသော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် ထုံမွှမ်းသော မြန်မာတို့၏ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုကိုဖော်ပြသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်(Intangible culture heritage)လည်း ဖြစ်ပါသည်။

မှတ်တမ်းမှတ်ရာများအရပင် နှစ်ပေါင်းထောင်ချီကြာခဲ့ပြီဖြစ်သော မြန်မာ့သင်္ကြန်ပွဲတော်ကို ကျွန်မတို့ မြန်မာလူမျိုးများသည် မည်သို့ဖြတ်သန်းခဲ့ပါသနည်း။

မြန်မာမင်းများလက်ထက်တော်ကပင် သင်္ကြန်ကာလတွင် ဦးခေါင်းဆေးမင်္ဂလာပြုကြပါသည်။ ဘုရားကျောင်းကန်များကို ပြုပြင်မွမ်းမံကြသည်။ ရောင်တော်ဖွင့်ကြသည်။ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသည်။ အလှူဒါနပြုကြသည်။ အရပ်လေးမျက်နှာမှ ရောက်ရှိလာသောသူများကို ဆင်းရဲချမ်းသာမခွဲခြားဘဲ လှူဒါန်းကျွေးမွေးသည့်စတုဒိသာအလှူကြီး ပြုကြသည်။ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိဟူသောဂုဏ်အားဖြင့်လည်းကောင်း၊ အသက်အားဖြင့်လည်းကောင်း ကြီးမြင့်သူများကို ရိုသေစွာဂါရဝပြုကြသည်။

နှစ်ဟောင်းမှစိတ်အညစ်အကြေး၊ ဘဝအညစ်အကြေးများကို ကြည်လင်သောရေဖြင့် ဆေးကြောသန့်စင်စေပြီး စိတ်သန့်သန့်ဘဝသန့်သန့်ဖြင့် နှစ်သစ်သို့ ကူးပြောင်းကြသည်ဟူသော အနှစ်သာရဖြင့် အတာရေသဘင်ပွဲဆင်နွှဲကြပါသည်။

လွန်ခဲ့သော နှစ်ပေါင်းလေးရာကျော် တောင်ငူရွှေနန်းတည်မင်းရဲ သီဟသူလက်ထက် တောင်ငူလေးကျွန်းကန်တော် သင်္ကြန်ရေကစားပွဲတော်တွင် မှူးမတ်များ၏သားပျိုများသည် မြူတာအိုးများတွင်ပန်းပေါင်းစုံများ၊ မွှေးကြိုင်သောရေများကိုထည့်ပြီး မိမိရေလောင်းလိုသော တောင်ငူနန်းတွင်းသူလေးများကို စောင့်မျှော်နေကြကြောင်း၊ အလုအယက်ရေသွန်းလောင်းကြကြောင်းကို

"မြူတာကြိုင်လွတ်
ပန်းစုံသတ်နှင့်
သွန်းဆွတ်လုယက်
ရည်ငံ့လျက်" ရှိကြကြောင်း မင်းရဲနရာချောင်းတွင် ဖွဲ့ဆိုထားပါသည်။

ရေစင်သွန်းလောင်းရင်း ချစ်စကားများလည်းဆိုချင်ဆိုကြပေလိမ့်မည်။ ရေလောင်းရင်း စရင်းနောက်ရင်း ကျီစယ်ရင်းပိုးပန်းရင်းဖြင့် သင်္ကြန်ဖူးစာရွာလည်ကာ ချစ်သူတွေတွေ့ကြ၊ အိမ်ထောင်ဖက်ကြခြင်းများလည်း ရှိကြပေဦးမည်။ ရှေးခေတ်မြန်မာသင်္ကြန်၏လှပသော သိင်္ဂါရသကို နှစ်လိုဖွယ်ခံစားရရှိစေပါသည်။

ခေတ်အဆက်ဆက်ဖြတ်သန်းလာခဲ့သော မြန်မာ့သင်္ကြန်ပွဲတော်သည် ခေတ်အလိုက် အသွင်သဏ္ဌာန်အမျိုးမျိုးပြောင်းလဲခဲ့ပါသည်။ မြို့ပြတွင် တူညီဝတ်စုံများဖြင့် ရေကစားသော မိန်းမပျိုများခေတ်၊ တူညီဝတ်စုံများဖြင့် ရေပက်ခံထွက်ကြသော ကာလသားများခေတ်၊ အလှပြယာဉ်များ၊ ရေပက်ခံကားများ အပြိုင်အဆိုင်အလှဆင်ပြီး ဆိုကြကကြ သံချပ်ထိုးကြနောက်ပြောင်ကြရင်း ရေပက်ကြသောခေတ်များမှသည် ယနေ့ခေတ် ရေကစားမဏ္ဍပ်ကြီးများ အကြီးအကျယ်ဆောက်ကြ၊ ကားနဲ့ကစားကြ၊ လမ်းလျှောက်ကစားကြ၊ အဝတ်အစားတွေအမျိုးမျိုး ဝတ်ကြ မဝတ်ကြ၊ အော်ဟစ်ပြီးဆိုကြ၊ ကော့ကော်ကန်ကားတွေကကြ၊ ခုန်ကြပေါက်ကြ၊ ဆွဲကြလွဲကြ၊ ဖက်ကြရမ်းကြ၊ နမ်းကြမူးကြ၊ ရန်ဖြစ်ကြ၊ အမျိုးသမီးငယ်များ၏ဘဝများ ဖြစ်ချင်ရာဖြစ်ပြီး ရေကစားကြသောခေတ်သို့ ရောက်ရှိလာပါပြီ။

စင်ပေါ်မှာ ဆိုနေကနေသော အဆိုတော်များ၊ မော်ဒယ်များ၊ အချို့သော သရုပ်ဆောင်များ၏ အရှက်မရှိ အဆင့်မရှိသော ဝတ်စားဆင်ယင်မှုများကို Globalization ခေတ် ခေတ်မီသည်ယူဆပြီး (တကယ်တော့ Globalization ၏ရည်ရွယ်ချက်နှင့် သဘောသဘာဝကိုလည်း မသိကြပါ) စင်ပေါ်ကလည်းဝတ်၊ စင်အောက်ကလည်းဝတ်ကြပြီး ဆိုကြ၊ ကကြ ရေကစားကြပါသည်။

မြန်မာ့ယဉ်ကျေးမှုရိုးရာသင်္ကြန်ကို သတင်းကြားဖြင့် အထင်ကြီးပြီး လာရောက်ခဲ့ကြသော နိုင်ငံခြားသားဧည့်သည်များ လက်လန်သွားကြပါသည်။

> **နိုင်ငံရပ်ခြားတွင်ပင် နာမည်ကျော်ကြား စိတ်ဝင်စားကြသည့် "မြန်မာ့သင်္ကြန်ပွဲတော်" ကို အကြောင်းပြုပြီး ကျွန်မတို့လူမျိုးသည် ပျော်တတ်သော လူမျိုး၊ စိတ်မဆိုးတတ်သော လူမျိုး၊ သဒ္ဓါတရားထက်သန်သော လူမျိုး၊ နုံ့သာရည်များ ပန်းပိတောက်များ မြနန္ဒာတေးသီချင်းသံများဖြင့် ယဉ်ကျေးပျူငှာသော လူမျိုးများအဖြစ် ကမ္ဘာကျော်ကြရမည့်သူများဖြစ် . . .**

သူတို့သိထားကြားထားဖူးသော မြန်မာသင်္ကြန်သည် ဤသို့မဟုတ်။ အခုမူ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မျှမရှိသော အဆင့်မရှိပွဲတော်ကြီး၊ အဝတ်အစားကိုသူ့နေရာနှင့်သူ လုံခြုံအောင်ဝတ်ရကောင်းမှန်ပင် မသိသည့်ယဉ်ကျေးမှုအောက်တန်းမှာပဲရှိနေသေးသော လူမျိုးများ၏ပွဲတော်ကြီး ဖြစ်သွားပါသည်။

တကယ်တော့ ဤသို့မူးရူးရမ်းကားပြီး ပစ်စလက်ခတ်ဝတ်စားဆင်ယင်ပြီး ရေကစားကြခြင်းမှာ မြို့ကြီးပြကြီး တချို့တွင်သာဖြစ်ပါသည်။ ကျွန်မတို့တစ်နိုင်ငံလုံးတွင် မဟုတ်ပါ။ မြို့ငယ်များ၊ မြို့နယ်များ၊ ကျေးလက်များတွင် သင်္ကြန်ကို ရုပ်ပျက်ဆင်းပျက် ဝတ်စားဆင်ယင်မူးရူးပြီး မဖြတ်သန်းကြပါ။

ဘုရားဆင်းတုတော်များကို ရေသပ္ပာယ်ခြင်း၊ စတုဒိသာကျွေးခြင်း၊ အလှူဒါနလုပ်ကြခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ သက်ကြီးပူဇော်ပွဲများပြုလုပ်ခြင်း၊ အဘိုးအို အဘွားအိုများကို ခေါင်းလျှော်၊ ခြေသည်းလက်သည်းညှပ်မှ အစ ဝေယျာဝစ္စကုသိုလ်ပြုကြခြင်း၊ ငါးလွှတ်ပွဲ၊ နွားလွှတ်ပွဲများ ပြုလုပ်ကြခြင်းစသော မြန်မာ့ယဉ်ကျေးမှုအသွင်အပြင်ဖြစ်သည့် သင်္ကြန်ကုသိုလ်တော်များကို အစဉ်အလာမပျက် တက်တက်ကြွကြွပျော်ပျော်ရွှင်ရွှင် စိတ်ပါလက်ပါ ပြုလုပ်နေကြဆဲ ဖြစ်ပါသည်။

နိုင်ငံတိုင်း လူမျိုးတိုင်းသည် မိမိတို့၏ အစဉ်အလာဓလေ့ထုံးစံများကို တန်ဖိုးထားကြပါသည်။ ထိန်းသိမ်းစောင့်ရှောက်ကြပါသည်။

အဘယ်ကြောင့်ပါနည်း။

အစဉ်အလာများ၊ ဓလေ့ထုံးတမ်းများသည် မိမိတို့ပိုင်ဆိုင်သော ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ဖြစ်ကြသည်။ မိမိလူမျိုး၏ တန်ဖိုးနှင့် အဆင့်အတန်းကို ဖော်ပြသည်။ ယဉ်ကျေးမှုဖြင့် မြင့်တက်သော ဂုဏ်ရည်သည် မည်သူမျှ မစော်ကားရဲသော ဂုဏ်ရည်ဖြစ်ပါသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲ ဖွင့်ပွဲအခမ်းအနားကြောင့် ကျွန်မတို့နိုင်ငံကို ကမ္ဘာ့နိုင်ငံများက အံ့သြသွားကြသည်။ ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များ၊ မီဒီယာများက ချီးမွမ်းသွားကြသည်။ နိုင်ငံတကာသို့ ရောက်နေကြ၊ သွားနေကြသော မြန်မာများကို ဂုဏ်ပြုစကားပြောကြသည်။ တလေးတစား နှုတ်ဆက်ကြသည်။

"**We can do-**ငါတို့လုပ်နိုင်သည်" ဟု ကမ္ဘာကိုပြခဲ့သော ဆီးဂိမ်းဖွင့်ပွဲအခမ်းအနားကြီးတွင် လူပေါင်းမြောက်မြားစွာနှင့် အိုင်တီနည်းပညာကို မည်မျှသုံးစွဲစေခဲ့ကာမူ အနှစ်သာရသည် "မြန်မာ့ယဉ်ကျေးမှု"ဖြစ်ပါသည်။

ရှေးမြန်မာမင်းများလက်ထက် ခမ်းနားထည်ဝါသော နန်းတွင်းယဉ်ကျေးမှု၊
ရှေးမြန်မာမင်းများ၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာယဉ်ကျေးမှု၊
နူးညံ့လှပသိမ်မွေ့သော မြန်မာ့အနုပညာယဉ်ကျေးမှု၊
စည်းကမ်းလိုက်နာခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ နိုင်ငံချစ်ခြင်းဟူသော စိတ်ဓာတ်ယဉ်ကျေးမှု စသည်များကြောင့် ကျွန်မတို့လူမျိုး၊ ကျွန်မတို့နိုင်ငံ၏ ဂုဏ်ရည်ကို နိုင်ငံတကာက အသိအမှတ်ပြုလာရခြင်းဖြစ်ပါသည်။

မဟာသင်္ကြန်ပွဲတော်သည် ကျွန်မတို့၏ ကြီးမြတ်သော၊ ကြီးကျယ်သော ထင်ရှားကျော်ကြားသော ယဉ်ကျေးမှုပြခန်းကြီးဖြစ်ပါသည်။ ကျွန်မတို့သည် ကုသိုလ်ရေးဆိုင်ရာ အစဉ်အလာဓလေ့ထုံးတမ်းများကို ထိန်းသိမ်းသည့်နည်းတူ "ကိုယ်နှုတ်နှလုံး ယဉ်ကျေးခြင်း" ဟူသော သရုပ်သကန်ကိုလည်း ထိန်းသိမ်းသင့်လှပါသည်။

ယခုနှစ်သင်္ကြန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာ့အမြင်တွင် မတင့်တယ်သည့် နေထိုင်ပြုမူမှုများ ရှောင်ကြဉ်ရန်၊ ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခြင်းမပြုရန်၊ မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်ခြင်းမပြုရန် နှိုးဆော်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မအပ်စပ်သော အပြုအမူ၊ အပြောအဆို၊ ဝတ်စားဆင်ယင်မှု၊ ကခုန်သီဆိုမှု စသည့် သရုပ်ပျက်လုပ်ဆောင်မှုများကို လုံးဝ(လုံးဝ)မပြုလုပ်ရန်၊ မဏ္ဍပ်များ၊ ရေပက်ခံကားများတွင် မြန်မာ့ရိုးရာနှင့်ဆန့်ကျင်သော မဖွယ်မရာဆိုင်းဘုတ်များ မရေးသားရန်၊ မဏ္ဍပ်များတွင် မူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲခြင်း မပြုရန် စသည့်စည်းကမ်းချက်များစွာကို ထုတ်ပြန်ထားပါသည်။

အမျိုးသားရေးကိစ္စအတွက် ဝိုင်းဝန်းတာဝန်ယူကြသည့် တာဝန်ရှိသူများကို ကျေးဇူးတင်ပါသည်။

ဤမျှ နှိုးဆော်ထုတ်ပြန်ထားသည့်ကြားထဲမှ မဏ္ဍပ်များတွင် နားနေခန်းအမည်ခံပြီး စုံတွဲနေအခန်းများ ထည့်ဆောက်ကြသောကြောင့် အမိန့်များထုတ်ပြန်ပြီး ဖျက်ခိုင်းပြင်ခိုင်းရသည်များကိုလည်း ကြားကြရပါသည်။ ဉာဏ်ကြီးရှင်မဏ္ဍပ်ပိုင်ရှင်များသည် သံပုံးတီးပြီး တောထုတ်ရမည့်အဆင့်သို့ ရောက်နေသည့်သူများ ဖြစ်ပါသည်။

နိုင်ငံရပ်ခြားတွင်ပင် နာမည်ကျော်ကြား စိတ်ဝင်စားကြသည့် "မြန်မာ့သင်္ကြန်ပွဲတော်" ကို အကြောင်းပြုပြီး ကျွန်မတို့လူမျိုးသည် ပျော်တတ်သော လူမျိုး၊ စိတ်မဆိုးတတ်သော လူမျိုး၊ သဒ္ဓါတရားထက်သန်သော လူမျိုး၊ နံ့သာရည်များ ပန်းပိတောက်များ မြနန္ဒာတေးသီချင်းသံများဖြင့် ယဉ်ကျေးပျူငှာသော လူမျိုးများအဖြစ် ကမ္ဘာကျော်ကြရမည့်သူများ ဖြစ်ပါသည်။

ရိုင်းစိုင်းကြမ်းတမ်းသော အဝတ်အစား အဆိုအကအပြုအမူ အပြောအဆိုများ၊ မူးယစ်ဆေးဝါးများ၊ သင်္ကြန်ပွဲကို ကာမဂုဏ်ပွဲလုပ်ကြခြင်းများဖြင့် သရုပ်ပျက် ယဉ်ကျေးမှု၊ သရုပ်ပျက်လူမျိုး၊ သရုပ်ပျက်နိုင်ငံအဖြစ်ထင်ရှားကျော်ကြားခြင်းမပြုရန်မှာမူ ပါဝင်ဆင်နွှဲကြသော လူငယ်လူရွယ်များက အသိတရားရှိရပါမည်။ ထို့အတူ အုပ်ချုပ်သူများ၊ မိဘများ၊ ဆရာ ဆရာမများ၊ဒွေးတော်မိကြီးများ၊ သရုပ်ဆောင်များ၊ အဆိုတော်များ၊ မော်ဒယ်များ၊ သမီးများ၊ တူမများနှင့်အပြိုင် ဒူးပေါ် ပေါင်ပေါ်၊ ရင်ပေါ်၊ ကျောပေါ်၊ ဗိုက်ပေါ်ဖြစ်ကတတ်ဆန်းဝတ်ဆင်နေကြသော အမေများ၊ အဒေါ်များအားလုံးတွင်လည်း တာဝန်ရှိပါသည်။ ဝိုင်းဝန်းထိန်းသိမ်းပေးကြရမည် ဖြစ်ပါသည်။

ယခုနှစ်တွင် ချစ်စရာကောင်းလှသော "ပိတောက်သင်္ကြန်-ချစ်သင်္ကြန်" ကို မြန်မာ့ယဉ်ကျေးမှုဂုဏ်ဒြပ်ဖြင့် စိတ်အေးချမ်းသာစွာဖြတ်သန်းနိုင်ကြပါစေကြောင်း ချစ်ခင်စွာဆန္ဒပြုအပ်ပါသည်။ ။

သတိပေးနှိုးဆော်ချက်

၂၀၁၉ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များတွင် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ လုပ်ငန်းခွင်သုံးယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား ရာဇသင်္ဂဟလမ်းရွှေကြာပင်လမ်းဆုံ (ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှူးရုံး)မှ အမရဟိုတယ်လမ်းဆုံအထိ လမ်းလွှဲလမ်းပိတ်ဆောင်ရွက်ထားရှိပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊
နေပြည်တော်

မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်ဆိုင်ရာ စီမံချက်သုံးသပ်လေ့လာမှုအစီရင်ခံစာရေးဆွဲပြီးစီး

မဟာဗျူဟာကျသော ဓာတ်အားထုတ်လုပ်သည့်ပုံစံ Mix Generation ကိုဆောင်ရွက်သွားနိုင်ရန်အထောက်အကူရရှိ

နေပြည်တော် ဧပြီ ၁၁

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ China Three Gorges Corporation နှင့် Hydrochina Kunming Engineering Corporation (KHIDI)ကုမ္ပဏီတို့၏ မြန်မာနိုင်ငံ ဓာတ်အားစနစ်ဆိုင်ရာ စီမံချက်သုံးသပ်လေ့လာမှုအစီရင်ခံစာရေးဆွဲပြီးစီးခြင်းနှင့် အစီရင်ခံစာ စာအုပ်များလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၉ ရက်က နေပြည်တော် သင်္ဂဟ ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မြန်မာနိုင်ငံ၏ လက်ရှိလူမှုဘဝဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံပြီး ၂၀၂၀၊ ၂၀၂၅၊ ၂၀၃၀ ပြည့်နှစ်များမှာဖြစ်ပေါ်လာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို သုံးသပ်လေ့လာတွက်ချက် ဖော်ပြထားကြောင်း၊ တိုးမြှင့်သုံးစွဲလာမည့် ဓာတ်အားလိုအပ်ချက်ကို ရာသီမရွေးဖြည့်ဆည်းပေးနိုင်ရန်အတွက် သဘာဝ ဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံများ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများ၊ ဘူမိအပူသုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ မဟာဗျူဟာကျသော ဓာတ်အားထုတ်လုပ်သည့်ပုံစံဖြစ်သည့် Mix Generation ကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်အတွက် China Three Gorges Corporation နှင့် Hydrochina Kunming Engineering Corporation (KHIDI) တို့က ပြုစုခဲ့သော အစီရင်ခံစာများသည် ကိုးကားအသုံးပြုရန်အတွက် များစွာအထောက်အကူရရှိမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် China Three Gorges Corporation မှ ဥက္ကဋ္ဌ Mr. Wang Lin နှင့် Hydrochina Kunming Engineering Corporation (KHIDI) ဥက္ကဋ္ဌ Mr. Feng Janin တို့က ဓာတ်အားစနစ်ဆိုင်ရာ စီမံချက်သုံးသပ်လေ့လာမှု အစီရင်ခံစာရေးဆွဲဆောင်ရွက်ခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Three Gorges Corporation မှ ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ဓာတ်အားစနစ်ဆိုင်ရာ စီမံချက် သုံးသပ်လေ့လာမှုအစီရင်ခံစာ စာအုပ်များကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လွင်ထံ လွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်နှင့် ပြည်သူများ၏ ဓာတ်အားလိုအပ်ချက်ကို ရာသီမရွေး ဖြည့်ဆည်းပေးနိုင်ရန်အတွက် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံများ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများ၊ ဘူမိအပူသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ မဟာဗျူဟာကျသော ဓာတ်အားထုတ်လုပ်သည့်ပုံစံ Mix Generation ကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်အတွက် ယခုလွှဲပြောင်းပေးအပ်သည့် အစီရင်ခံစာများသည် ကိုးကားအသုံးပြုသွားရန် အထောက်အကူများစွာ ရရှိမည်ဖြစ်ပါကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

သီတဂူအဓိပတိဆရာတော်နှင့် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း

အထက်တန်းကျောင်းဆောင်သစ်နှင့် ပြည်သူ့ဆေးရုံအဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်အားပေး

နေပြည်တော် ဧပြီ ၁၁

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နှင့် လဟယ်မြို့များတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တအရှင်ဉာဏိဿရ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများသည် ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းဖြင့် နေပြည်တော်မှထွက်ခွာပြီး ခန္တီးမြို့သို့ ရောက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီး ဦးစောမြင့်ဦး၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုံကြူး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြတ်ကို၊ ခန္တီးတပ်နယ်မှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ခန္တီးမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ လေရှီးမြို့တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးအောင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှီးသီး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် လေရှီးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် အဆောက်အအုံ ရေစက်ချမင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ကျောင်းဆောင်သစ်အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို အလှူရှင်မှ ပညာရေးဝန်ကြီးဌာနသို့ လည်းကောင်း၊ ဆေးရုံသစ်အဆောက်အအုံနှင့်ပတ်သက်သော စာရွက်စာတမ်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ကြီးဌာနသို့လည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကျောင်းသား/ကျောင်းသူများအတွက် ကျောင်းဝတ်စုံ အစုံ ၃၀၀ ကို သီတဂူသာသနာပြုအဖွဲ့မှ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အထက်တန်းကျောင်းဆောင်သစ်ကို စစ်ကိုင်းတိုင်းဒေသ အစိုးရအဖွဲ့ဝန်ကြီး ဦးစောမြင့်ဦးနှင့် အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အလှူရှင်များက စက်ခလုတ်နှိပ် ဖွင့်လှစ်ကြသည်။

ဆက်လက်၍ လေရှီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအဆောက်အအုံသစ်ကို ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီး ဦးစောမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ဆေးရုံအဆောက်အအုံအတွင်းသို့ လှည့်လည်ကြည့်ရှုပြီး ဆေးရုံတက်ရောက်နေသော လူနာများအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တအရှင်ဉာဏိဿရနှင့် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းတို့ လေရှီးမြို့ အထက်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲတွင် ဒေသခံများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

လေရှီးမြို့ အထက်တန်းကျောင်းဆောင်သစ် အဆောက်အအုံအတွက် အလှူရှင် ဦးတင်ဦး၊ ဒေါ်လှမြင့် (ရွှေစင်ရတနာရွှေဆိုင်) တို့က ကျပ်သိန်း ၁၀၀၀ အကုန်ကျခံ၍ လည်းကောင်း၊ 10 KVA မီးစက်တစ်လုံး၊ ကွန်ပျူတာ ၂၅ လုံးအပါအဝင် ဆက်စပ်ပစ္စည်းများနှင့် ကျောင်းဝတ်စုံ အစုံ ၃၀၀ အတွက် သီတဂူသာသနာပြုအဖွဲ့မှ ကျပ်သိန်း ၅၀၀ အကုန်ကျခံ၍ လည်းကောင်း၊ လေရှီးမြို့နယ် ပြည်သူ့ဆေးရုံ အဆောက်အအုံသစ်ကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့်လည်းကောင်း ဆောက်လုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ကြာအင်းဆိပ်ကြီးမြို့နယ် KNU နယ်မြေအတွင်း သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်း ကောက်ယူမှုများကြည့်ရှုအားပေး၊ အမျိုးသားရေးလုပ်ငန်းစဉ်တွင် ပါဝင်ထမ်းဆောင်သူများအဖြစ် ဂုဏ်ပြုပြောကြား

နေပြည်တော် ဧပြီ ၁၁

ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson နှင့် အဖွဲ့ဝင်များ၊ KNU ဒုပလာယာခရိုင် ဥက္ကဋ္ဌ ဖဒိုရွှေမောင်းနှင့် အဖွဲ့ဝင်များနှင့်အတူ ဧပြီ ၈ ရက် မွန်းလွဲ ၁ နာရီခွဲက ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျုံခဝန်ကျေးရွာသို့ ရောက်ရှိပြီး ယင်းကျေးရွာ၏ သန်းခေါင်စာရင်း နောက်ဆုံးကောက်ယူနေသည့်အိမ်သို့ သွားရောက်၍ စာရင်းစစ်စာရင်းကောက်ဆရာမများက နေအိမ်ရှိ မိသားစုများအား သန်းခေါင်စာရင်းမေးခွန်းများ မေးမြန်းကောက်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကျုံခဝန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ သန်းခေါင်စာရင်းဆိုင်ရာလုပ်ငန်း ရှင်းလင်းပွဲကိုကျင်းပရာ ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ကရင်ပြည်နယ် ဦးစီးဌာနမှူး ဦးထိန်ဝင်းနှင့် မွန်ပြည်နယ် ဦးစီးဌာနမှူး ဦးသန်းဝင်းတို့က ပြည်နယ်များအတွင်း သန်းခေါင်စာရင်း ကောက်ယူလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်မှုနှင့် မြေပြင်ကွင်းဆင်းကောက်ယူမှုအခြေအနေများ၊ လုပ်ငန်းစဉ်တစ်ခုလုံး အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကရင်အမျိုးသားအစည်းအရုံး KNU ဒုပလာယာခရိုင် ဥက္ကဋ္ဌ ဖဒိုရွှေမောင်းက သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်အပေါ် KNU အဖွဲ့အစည်းမှ ပူးပေါင်းပါဝင်မှုများနှင့် လုပ်ငန်းများ အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ယခင်ကာလများက တည်ငြိမ်အေးချမ်းမှုမရှိသော နေရာဒေသများအား သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း ယခုအခါ ငြိမ်းချမ်းရေး၏ အသီးအပွင့်ရလဒ်များကြောင့် နိုင်ငံတစ်ဝန်းနေရာအနှံ့အပြား၌ သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့ပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်မှ ရရှိလာသည့် ကိန်းဂဏန်းအချက်အလက်များအပေါ် မူတည်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သောစီမံကိန်းများ ရေးဆွဲဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူအားလုံးအား နိုင်ငံနှင့်ပြည်သူအကျိုးတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသူများအဖြစ် နိုင်ငံတော်အစိုးရက ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ကြာအင်းဆိပ်ကြီးမြို့နယ် KNU နယ်မြေအတွင်း သန်းခေါင်စာရင်းကောက်ယူရာတွင် ဒေသတာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ UNFPA နှင့် UNDP တို့မှ ဌာနေကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းစဉ်အား လေ့လာခွင့်ရရှိပြီး KNU အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများသည် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းကာ သန်းခေါင်စာရင်းလုပ်ငန်းများ အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို မျက်ဝါးထင်ထင်တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် မိမိတို့မှလည်း ဆက်လက်ပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကြာအင်းဆိပ်ကြီးမြို့နယ် တောင်ဒီး၊ တံခွန်တိုင်၊ ခလယ်၊ မြို့ဟောင်း၊ ဘုရားငါးဆူစသည့်ကျေးရွာများသို့ လှည့်လည်သွားရောက်၍ ကျေးရွာသန်းခေါင်စာရင်းကော်မတီဝင်များ၊ အထောက်အကူပြုအဖွဲ့များ၊ စာရင်းစစ် စာရင်းကောက်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ နိုင်ငံတွင် သမိုင်းတွင်မည့် သန်းခေါင်စာရင်း လုပ်ငန်းစဉ်ကြီးတွင် ပါဝင်ဆောင်ရွက်ခွင့်ရသည့်အတွက် ဂုဏ်ယူကြရန်နှင့် အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်ကြသူများအဖြစ် နိုင်ငံတော်အစိုးရက ကျေးဇူးတင် ဂုဏ်ပြုပါကြောင်း ပြောကြားကာ သကြၤန်အကြို အတာရေများပက်ဖျန်းကာ “ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့” ဟူသော သန်းခေါင်စာရင်းဆောင်ပုဒ်ကို သံပြိုင်သီဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အဖွဲ့အား အောင်နိုင်ရေးအလံ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၁

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်များခြေလျင်နှင့်တောင်တက် ကော်မတီ၏ ချင်းပြည်နယ် တီးတိန်မြို့နယ် ကနေဒီတောင် တက်ရောက်မည့် တောင်တက်အဖွဲ့ဝင်များအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်ကို ၁၉၆၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဗိုလ်မှူးကြီးလှအောင်က အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ဦးဆောင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ဖြစ်သော ပေ ၁၉၂၉၆ မြင့်သည့်ခါကာဘိုရာဇီတောင်ထိပ်ကို ၁၉၉၅ ခုနှစ်တွင် ဂျပန်နှင့်မြန်မာ ပူးပေါင်းတောင်တက်အဖွဲ့က အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း၊ ကမ္ဘာ့အမြင့်ဆုံး တောင်ဖြစ်သည့် ပေ ၂၉၀၂၉ မြင့်သည့် ဧဝရက်တောင်ကို ယခုလအတွင်း မြန်မာနိုင်ငံမှ တောင်တက်သမားများ သွားရောက်တက်ရာတွင် တက္ကသိုလ်များမှ လေ့ကျင့်ပျိုးထောင်ပေးလိုက်သော ခြေလျင်တောင်တက်သမား နှစ်ဦးပါဝင်ကြောင်း၊ ယခုသွားရောက်မည့် တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်းသည် ချင်းပြည်နယ်ရှိ ကနေဒီတောင်ကို အောင်မြင်စွာ တက်ရောက်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ လာမည့် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ဖြစ်သော ခါကာဘိုရာဇီတောင်ထိပ်သို့ တက်ရောက်မည့် တောင်တက်အသင်းတွင်လည်း တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းမှ ပြုစုပျိုးထောင်ပေးလိုက်သော အမာခံကျောင်းသားရှစ်ဦးပါဝင်ကြောင်း သိရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မတက်ရောက်ရသေးသော ရေခဲဖုံးတောင်တန်းများပေါ်တွင် ခြေရာတင်၍ မှတ်ကျောက်တင်ကြရန် ယခုကတည်းက ကြိုးစားလေ့ကျင့်သွားကြပါရန် တိုက်တွန်းပါကြောင်း မှာကြားသည်။

ထို့နောက် တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက် ဆပ်ကော်မတီဥက္ကဋ္ဌ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာလှဌေးက တောင်တက်ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်ပြီး ခြေလျင်တောင်တက်ခရီးစဉ်မှတ်တမ်းဗီဒီယိုပြသသည်။

ထို့နောက် ချင်းပြည်နယ် တီးတိန်မြို့နယ် ကနေဒီတောင်တက်ရောက်မည့် တောင်တက်အဖွဲ့အား တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်ကော်မတီနာယက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက “အောင်နိုင်ရေးအလံ” အပ်နှင်းသည်။

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အဖွဲ့သည် အပတ်စဉ်စနေ၊ တနင်္ဂနွေနံနက်တိုင်း ရန်ကုန်တက္ကသိုလ်မှ မင်္ဂလာဒုံအထိ လမ်းလျှောက်လေ့ကျင့်မှုများ ပြုလုပ်ကာ ပညာသင်နှစ်တစ်နှစ်လျှင် နှစ်ကြိမ် စာသင်နှစ်ဝက်ပြီးချိန်တိုင်း တောင်တက်ခရီးစဉ်များ သတ်မှတ်၍ တောင်တက်ခရီး ထွက်လေ့ရှိသည်။ ယခုနှစ် ဧပြီ ၁၂ ရက်မှ ၂၀ ရက်အထိ ချင်းပြည်နယ် တီးတိန်မြို့နယ်ရှိ အမြင့်ပေ ၈၈၆၈ ရှိသော ကနေဒီတောင်ကို ကြီးကြပ်ဆရာ ဆရာမ ၁၆ ဦးနှင့် တက္ကသိုလ်ကောလိပ်အသီးသီးမှ ကျောင်းသား ကျောင်းသူ ၁၀၄ ဦးတို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

စွန့်လွှတ်သည့်မြေယာများ သက်ဆိုင်သူများလက်သို့ တစ်ရက်စောရောက်လျှင် တစ်ရက်စောအကျိုးရှိ

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက် ၉ နာရီတွင် ဇေရာဝတီ(ပခုက္ကူ)တံတားသို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က တံတားအသုံးချမှုအခြေအနေ၊ ကာလအလိုက်ကြံ့ခိုင်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ပြည်သာယာခန်းမသို့ရောက်ရှိကာ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်အတွင်း ပြန်လည်စွန့်လွှတ်သည့်မြေယာများအား မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်က တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက ပခုက္ကူခရိုင် ဒေသဆိုင်ရာအချက်အလက်များနှင့် ပခုက္ကူခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ပခုက္ကူခရိုင်အတွင်း ခလရ (၂၅၂)မှ ပြန်လည်စွန့်လွှတ်မြေယာ ၁၂၂ ဒသမ ၉၃ ဧကကို တောင်သူ၂၉ ဦးသို့လည်းကောင်း၊ အမှတ်(၅)ချည်/ထည်စက်ရုံမှ ပြန်လည်စွန့်လွှတ်မြေယာ ၂၂၆ ဒသမ ၂၈ ဧကကို တောင်သူ ၄၁ ဦးသို့ လည်းကောင်း၊ အမှတ်(၁၂၄) သစ်စက် (ဆိပ်ဖြူ)မှ ပြန်လည်စွန့်လွှတ်မြေယာ ၁ ဒသမ ၉၉ ဧကကို တောင်သူတစ်ဦးသို့လည်းကောင်း၊ ဂန့်ဂေါခရိုင်အတွင်း နမခ (တောင်ခင်ရန်းစိုက်ကွင်း)မှ ပြန်လည်စွန့်လွှတ်မြေယာ ၁၀၅၉ ဧကကို တောင်သူ ၂၁၀ တို့က လည်းကောင်း၊ နမခ (ကြိုးကြာစိုက်ကွင်း) မှ ပြန်လည်စွန့်လွှတ်မြေယာ ၅၁၆ ဧကကို တောင်သူ ၂၀၆ ဦးသို့လည်းကောင်း ယာယီလုပ်ကိုင်ခွင့်လက်မှတ် (ပုံစံ-၃)ဖြင့် လွှဲပြောင်းပေးအပ်ရာ ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်တို့မှ ကိုယ်စားလှယ် တောင်သူများက လက်ခံရယူကြသည်။

ယင်းနောက် မြေယာလက်ခံရရှိသည့် မူလပိုင်ရှင်များကိုယ်စား တောင်သူဦးလှဆောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ ယခင်က အကြောင်းအမျိုးမျိုးဖြင့် သိမ်းဆည်းခဲ့သည့်မြေများအား မူလရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်နိုင်ခြင်းမရှိပါက သက်ဆိုင်ရာပိုင်ရေးဆိုင်ခွင့် တောင်းဆိုသူများအား တည်ဆဲမြေယာဥပဒေများနှင့်အညီ စိစစ်ပြီး ပြန်လည်ပေးအပ်နိုင်ရန် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်မှ တောင်သူများထံ မြေယာလုပ်ပိုင်ခွင့်လက်မှတ်များ လွှဲပြောင်းပေးအပ်နိုင်ခြင်းအတွက် ဝမ်းမြောက်ပါကြောင်း၊ စွန့်လွှတ်သည့်မြေယာများ သက်ဆိုင်သူများလက်သို့ တစ်ရက်

ဒုတိယသမ္မတ ဦးညဏ်ထွန်း ပခုက္ကူခရိုင်နှင့်ဂန့်ဂေါခရိုင်အတွင်း ပြန်လည်စွန့်လွှတ်သည့်မြေယာများအား မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စောရောက်လျှင် တစ်ရက်စောအကျိုးရှိသည့်အတွက် လျင်မြန်သွက်လက်စွာလွှဲပြောင်းပေးနိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ သို့သော် တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်၍ လုပ်ထုံးလုပ်နည်း လိုက်နာရန် အချိန်အတိုင်းအတာတစ်ခုအထိ ပေးရပါကြောင်း၊ သို့ရာတွင် စိုက်ပျိုးရာသီအမီ မြေယာများ လက်ခံနိုင်ရေးအတွက် လုပ်ပိုင်ခွင့်ရှိကြောင်း၊ သေချာပါက ယာယီလွှဲပြောင်းပေး၍ ရုံးလုပ်ငန်းများကို ဥပဒေပါ ကာလသတ်မှတ်ချက်အတိုင်း ဆက်လက်ဆောင်ရွက်စေပြီး လုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရှင်းလင်းလွယ်ကူလျင်မြန်စေရန် စဉ်းစားဖော်ဆောင်ထားသည့် နည်းလမ်းဖြစ်ပါကြောင်း၊ ယခုထက်ပိုမိုကောင်းမွန်သည့်နည်းလမ်းများ အကြံပြုတင်ပြလာလျှင်လည်း ကြိုဆိုပါကြောင်း။

ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖော်ဆောင်မှုနှင့် ပတ်သက်၍ ပြောကြားလိုပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုကော်မတီ၊ ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီများသည် လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်း၍ ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်ဖြစ်ပါကြောင်း၊ ဤလုပ်ငန်းစဉ်များ အောင်မြင်ရေး၏ သော့ချက်ဖြစ်သည့် လူထု၏အားပေးထောက်ခံမှုနှင့်တက်ကြွစွာ ပူးပေါင်းပါဝင်မှုရရှိရေးအတွက် စည်းရုံးလုပ်ဆောင်သွားရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားတက်ရောက်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ပခုက္ကူလေဆိပ်သို့ ဆက်လက်ရောက်ရှိကြရာ လေဆိပ်ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက ... [see below]

ဆက်လက်ရောက်ရှိကြရာ လေဆိပ်ဧည့်ခန်းမဆောင်၌ ဒုတိယဝန်ကြီး ဦးဇင်ယော်က လေယာဉ်ကွင်းတည်နေရာ၊ အကျယ်အဝန်းနှင့် နောက်ခံသမိုင်း၊ လက်ရှိကာလအထိ လေယာဉ်ကွင်း တိုးချဲ့ဆောက်လုပ်ရန်စီမံကိန်း ဆောင်ရွက်ချက်များ၊ လေယာဉ်ကွင်း၊ ပြေးလမ်း၊ လေဆိပ်အဆောက်အအုံသစ် တည်ဆောက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လေယာဉ်ကွင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၁၁

နန်းချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် တပ်ဆင်စက်အင်အား ၂၀ မဂ္ဂါဝပ်စီရှိသည့်ဓာတ်အားပေးစက်နှစ်လုံးတပ်ဆင်ထား နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၁၅၂ သန်း ထုတ်လုပ်ပေးနိုင်

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁)တည်ဆောက်ရေးမှ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် နန်းချိုရေအားလျှပ်စစ် စီမံကိန်း၏ ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၁ ရက် နံနက် ၈ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၆ မိုင်ခန့်အကွာ နန်းချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ဒုတိယဝန်ကြီးများ၊ ပြည်တွင်းကုမ္ပဏီများမှ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက နိုင်ငံတော်၏ တိုးတက်လာသော လူဦးရေ၊ လူနေမှုအဆင့်အတန်းတို့နှင့် လိုက်လျောညီထွေစွာ လျှပ်စစ်ဓာတ်အားကို ပိုမိုအသုံးပြုလာခြင်းတို့ကြောင့် နိုင်ငံတော်၏ဓာတ်အား လိုအပ်ချက်သည် အချိန်တိုအတွင်း တစ်မုဟုတ်ချင်းတိုးတက်လာလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဓာတ်အားသုံးစွဲမှုသည်

နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့်စီတိုးတက်သုံးစွဲလျက်ရှိကြောင်း၊ အဆိုပါတိုးတက်မှုနှုန်းအရ ၂၀၁၄ ခုနှစ် နွေရာသီတွင် ၂၃၇၀ မဂ္ဂါဝပ်၊ ၂၀၁၅ ခုနှစ် နွေရာသီတွင် ၂၈၄၄ မဂ္ဂါဝပ်၊ ၂၀၁၆ ခုနှစ်နွေရာသီတွင် ၃၉၅၀ မဂ္ဂါဝပ် ခန့်သုံးစွဲမည်ဟု ခန့်မှန်းရရှိကြောင်း။

သဘာဝကပေးအပ်သော မြေအနိမ့်အမြင့် အနေအထားအရ ပေါင်းလောင်း၊ နန်းချို၊ အထက်ပေါင်းလောင်းစသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို အဆင့်ဆင့်တည်ဆောက်အကောင်အထည်ဖော်ခဲ့ရာ ပေါင်းလောင်းနှင့် အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံများမှာ ရေသိုလှောင်စနစ် (Reservoir Type) နှင့် ဓာတ်အားထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်ခဲ့ကြောင်း၊ ယခုနန်းချို ဓာတ်အားပေးစက်ရုံကို မူလမြစ်ချောင်းများက သဘာဝအတိုင်း စီးဆင်းလာသည့် ရေအားကို အသုံးပြုပြီးဓာတ်အားထုတ်လုပ်သောစနစ် (Run-off River Type) ဖြစ်ပါကြောင်း၊ နန်းချိုရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် တပ်ဆင်စက်အင်အား ၂၀ မဂ္ဂါဝပ်စီရှိသည့် ဓာတ်အားပေးစက်နှစ်လုံးတပ်ဆင်ထားပြီး နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၁၅၂ သန်း ထုတ်လုပ်ပေးနိုင်မှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က နန်းချိုရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၆ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၄ ခုနှစ်အထိ စီမံကိန်းကာလ ကိုးနှစ်ခန့်ကြာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်းကြီး အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာခြင်း တို့ကို အထောက်အကူဖြစ်စေမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ဦးမော်သာထွေး၊ ဦးမြင့်ဇော်၊ တိုင်းဒေသကြီးလျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်နှင့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်းတို့က နန်းချို ရေအားလျှပ်စစ်စီမံကိန်း ရေထိန်းတမံနှင့် ဓာတ်အားပေးစက်ရုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ယင်းနောက် နန်းချိုရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်ဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စက်ရုံကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် နန်းချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းသို့ ဓာတ်အားပေးစက်များ၊ ဓာတ်အားထိန်းချုပ်ခန်းနှင့် နန်းချိုရေထိန်းတမံတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ရေထိန်းတမံ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယနေ့ ဖွင့်လှစ်သည့် နန်းချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် အဓိကရေအား အဆောက်အအုံများအနေဖြင့် အလျား ၄၄၃ ပေ၊ အမြင့် ၁၆၇ ပေရှိ Over Flow Type ကွန်ကရစ်ရေထိန်းတမံ တည်ဆောက်ခြင်း၊ အကျယ် ၃၄၉ ပေရှိ ရေတံခါးမပါ ရေပိုလွှဲအမျိုးအစား တည်ဆောက်ခြင်း၊ အကျယ် ၄၉ ပေ၊ အမြင့် ၇၃ ပေရှိ ရေတံခါးတပ်သံကူကွန်ကရစ် အမျိုးအစား ရေယူအဆောက်အအုံ တည်ဆောက်ခြင်း၊ အချင်း ၁၅ ဒသမ ၅ ပေ၊ အလျားပေ ၇၃၃၀ ရှိ ရေသွယ်ဥမင်လိုဏ် တည်ဆောက်ခြင်း၊ အချင်း ၁၅ ဒသမ ၅ ပေ၊ အလျား ၃၈၄ ပေရှိ သံမဏိပိုက်ရေတံလျှောက် တည်ဆောက်ခြင်း၊ အလျား ၂၆၉ ပေ၊ အနံ ၇၉ ပေရှိ သံကူကွန်ကရစ် ရေထိန်းကန် တည်ဆောက်ခြင်း၊ အချင်း ၁၃ ပေ၊ အလျား ၈၇၆ ပေရှိ ဖိအားမြင့် သံမဏိပိုက်လိုင်း တပ်ဆင်တည်ဆောက်ခြင်း၊ အလျား ပေ ၁၄၀၊ အနံ ၈၉ ပေ၊ အမြင့် ၉၈ ပေရှိ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်း၊ အလျား ၂၆၉ ပေ၊ အနံ ၂၀၅ ပေရှိ Switch Yard တည်ဆောက်ခြင်းလုပ်ငန်းများကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၈)ကြိမ်မြောက် ကိုရီးယား-မြန်မာ သစ်တောပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးနှင့်ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ပေးအပ်သည့်အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁၁

ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သစ်တောကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကိုရီးယား-မြန်မာ သစ်တော ပူးပေါင်းဆောင်ရွက်ရေး ကော်မတီကို ၁၉၉၉ ခုနှစ်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ကော်မတီ အစည်းအဝေးများကို နှစ်နှစ်တစ်ကြိမ် ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် အလှည့်ကျ ကျင်းပခဲ့ရာ (၈) ကြိမ်မြောက် အစည်းအဝေးကို ဧပြီ ၈ ရက်တွင် ကိုရီးယားနိုင်ငံ ဒေဂျွန်းမြို့ ကိုရီးယားသစ်တောဌာန၌ ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၈ ရက် နံနက်ပိုင်းတွင် ဆိုးလ်မြို့ ကိုရီးယားသစ်တောသုတေသနဌာန၌ ကိုရီးယားသစ်တောသုတေသနဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ယွန်ယောင်ကွန်းနှင့် သုတေသန ပညာရှင်များအား တွေ့ဆုံပြီး သုတေသနနှင့် လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။

ထို့နောက် ကိုရီးယားသစ်တော သုတေသနဌာန၏ သုတေသန လုပ်ငန်းများနှင့် ပြခန်းများအား ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားနိုင်ငံ အမျိုးသားလွှတ်တော် လယ်ယာ၊ သားငါးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ကော်မတီဥက္ကဋ္ဌ မစ္စတာ ချိုင်ကြူစန်း၏ ဖိတ်ကြားချက်အရ ကိုရီးယားနိုင်ငံလွှတ်တော်သို့သွားရောက်ခဲ့ပြီး နှစ်နိုင်ငံသစ်တောကဏ္ဍ ပိုမိုပူးပေါင်း ဆောင်ရွက်ရေး၊ သစ်တောကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကိစ္စရပ်များ ပိုမိုပူးပေါင်း ဆောင်ရွက်ရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ အဆိုပါ တွေ့ဆုံပွဲ ဆွေးနွေးပွဲသို့ ကိုရီးယားနိုင်ငံ အမျိုးသားလွှတ်တော် လယ်ယာ၊ သားငါးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ကော်မတီဥက္ကဋ္ဌ မစ္စတာချိုင်ကြူစန်းနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုရီးယားသစ်တောဌာနဝန်ကြီး ဒေါက်တာရှင်ဝန်စွပ်၊ AFoCo အတွင်းရေးမှူးရုံးမှ တွဲဖက်အမှုဆောင် ညွှန်ကြားရေးမှူးဒေါက်တာ ပတ်ချုံဟိုနှင့် ကိုရီးယားသစ်တောဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာလီချန်ဂျေးတို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒေဂူးမြို့ကိုရီးယားသစ်တောဌာန၌ ကျင်းပသော (၈) ကြိမ်မြောက် ကိုရီးယား-မြန်မာ သစ်တောပူးပေါင်းဆောင်ရွက်ရေး ကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ဖြစ်သည့် သစ်တောပြုန်းတီးခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်ခြင်း စသည်တို့ကို အတူတကွ ပူးပေါင်းလက်တွဲ ဖြေရှင်းရန် ဆွေးနွေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၉ ရက်တွင် ဒေဂူးမြို့ ယောင်နန်တက္ကသိုလ်မှ ချီးမြှင့်သည့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုင်ရာ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ (Honorary Ph. D.Degree Public Administration) ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကို လက်ခံသည်။ **(ဓာတ်ပုံ)**

အခမ်းအနားတွင် ယောင်နန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ နွံစွပ်ကွန်းက အမှာစကားပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးမှ ဘွဲ့ချီးမြှင့်ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ သန်းခေါင်စာရင်းကောက်ယူပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

ရန်ကုန် ဧပြီ ၁၁

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ တစ်နိုင်ငံလုံး ကောက်ယူခဲ့သည်။

အဆိုပါ သန်းခေါင်စာရင်း ကောက်ယူပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဗဟို သန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးခန်းမ၌ မီဒီယာများမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ခဲ့သည့်အပိုင်း၊ မြေပြင်တွင် လက်တွေ့ကောက်ယူခဲ့သည့်အပိုင်း၊ စာရင်းဇယားများ ပြန်လည်ပြုစု စိစစ်သည့်အပိုင်း၊ တရားဝင်ထုတ်ပြန်သည့်အပိုင်းဟူ၍ အဆင့်လေးဆင့်ဖြင့် ဆောင်ရွက်နေမှုများနှင့် ၂၀၁၄ ခုနှစ် ဧပြီ ၁၀ ရက် ညနေ ၆ နာရီတွင် တစ်နိုင်ငံလုံး၌ သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူပြီးစီးမှု အခြေအနေများကို ပဏာမရှင်းလင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ ယနေ့ပဏာမ ရှင်းလင်းပြောကြားခြင်းဖြစ်ကြောင်း၊ စာရင်းဇယား ကောက်ခံရရှိမှုနှင့် စပ်လျဉ်း၍ သင်္ကြန်အပြီးကာလတွင် မီဒီယာများအားထပ်မံ၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသွားရန် စီစဉ်ထားကြောင်း၊ ယမန်နေ့ညနေ ၆ နာရီတွင် ပြီးစီးခဲ့သည့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ကြောင်း ပြောကြားကာ မီဒီယာများ၏ မေးမြန်းမှုများကို ရှင်းရှင်းနှီးနှီး ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးဦးခင်ရီ သန်းခေါင်စာရင်းကောက်ယူပြီးစီးမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးနှင့်တရားမဝင်တားမြစ်ဆေးများ သယ်ဆောင်ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သုံးစွဲခြင်းမရှိစေရေး ကြိုတင်ကာကွယ်တားဆီးနေ

နေပြည်တော် ဧပြီ ၁၁

၂၀၁၄ ခုနှစ် သင်္ကြန်ကာလ မတိုင်မီ မတ်လ၊ ဧပြီလများအတွင်း ရန်ကုန်မြို့အပါအဝင် မြို့ကြီးများ၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိလျက်ရှိသည်။ စစ်ဆေးဖော်ထုတ်ချက်များအရ မူးယစ်ဆေးဝါးများ၊ စိတ်ကြွရူးသွပ်ဆေးများ၊ လိင်ပိုင်းဆိုင်ရာ စိတ်ကြွဆေးများနှင့် တရားမဝင်တားမြစ်ဆေးများအား သင်္ကြန်ကာလအတွင်း သင်္ကြန်မဏ္ဍပ်များ၊ ရေကစားသူများ သုံးစွဲရန်ရည်ရွယ်၍ သယ်ဆောင်ရောင်းဝယ်မှု ပြုလုပ်နိုင်ဖွယ်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါ မူးယစ်ဆေးဝါး၊ လိင်ပိုင်းဆိုင်ရာစိတ်ကြွဆေးပြားနှင့် တရားမဝင်တားမြစ်ဆေးများအား သယ်ဆောင်ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်းများကို အလေးထားဖော်ထုတ်ဖမ်းဆီးလျက်ရှိသည့်နည်းတူ သင်္ကြန်ကာလအတွင်း သင်္ကြန်မဏ္ဍပ်များ၊ ရေကစားသူများအနေဖြင့် အဆိုပါဆေးဝါးများအား သုံးစွဲခြင်းမရှိစေရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်တားဆီးခြင်း၊ ဖော်ထုတ်ဖမ်းဆီးခြင်းများအား တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်မြို့နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်ထံ တင်ပြ၍ နယ်မြေအတွင်း ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ပေါင်းစပ်လျက် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန် အသိပေးစီစဉ်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။ **ကိုရဲ**

ပြည်တွင်းသတင်း

ခါသင်္ကြန်နှစ်သစ်ဦး

* ပန်းပိတောက် ပွင့်ချိန်တန်
ခါသင်္ကြန် နှစ်သစ်ဦး။
မွှေးနံ့သာဖြန့်ကြက်မိုး
ချစ်ကြိုးဖွဲ့ထူး။

* ဗေတိုးပတ် ဗေတိုးဗုံ
ရွှေရိုးဂုဏ် ထိုအက။
ခါသင်္ကြန် လတန်ခူး
လှထူးပေစွ။

* စွမ်းသလေ လန်းတဝေ
ပန်းသပြေ ညွှန့်ဖြာခက်။
အောင်အစဉ် အောင်မြေလမ်းပေမို့
အေးစခန်း ဘေးမသန်းအောင်
ရေဖျန်းလို့ပက်။

* အလှထူးပါဘိ
လတန်ခူး ခါသင်္ကြန်။
မင်္ဂလာထူးထွေတင့်
မြူးဝေဝင့်ပျံ။

* သင်္ကြန်ရေစက်ရယ်က
ရန်ပြေလျက် ပြုံးပန်းပန်
ထုံးတမ်းမှန် စံထား။

* နှစ်အဆွေး
ညစ်အကြေးဟူသမျှ
ကင်းပစေသား။

* ထူးထွေဆန်းပါဘိ
မြူးဝေလန်း သည်ချိန်ခါ။
စဉ်အလာ ထိုအလေ့
မမေ့တွယ်တာ။

* ရေပေါ် ထိုမုန့်လုံးရယ်က
ဝါးမြုံ့ပြုံး အလင်္ကာ
ရင်အလှာ ရသမွန်း။

* အဘွားဘိုးတို့ကိုလ
ရေချိုးကာ ခေါင်းလျှော်ပေးပါလို့
ကုသိုလ်ရေး တွယ်အတာနဲ့
မြို့ပြည်ရွာ အောင်နိမိတ်
အေးရိပ်ဖော်ညွှန်း။ ။

ဖိုလေးလုံးသောင်းကိုကို

မြင်းခြံမြို့နယ်၌ လေပြင်းတိုက်ခတ်

မြင်းခြံ ဧပြီ ၁၁

မြင်းခြံမြို့နယ်၌ ဧပြီ ၁၀ ရက် ည ၇ နာရီခန့်တွင် လေပြင်းတိုက်ခတ်ခဲ့သဖြင့် ဆီမီးခုံကျေးရွာအုပ်စု ဆီမီးခုံရွာ၊ ကုလကျေးရွာအုပ်စု ကုလားရွာ၊ လှိုင်းတက်ရွာ၊ ငါ့နန်းကျေးရွာအုပ်စု ငါ့နန်းရွာ၊ ညောင်ပင်သာရွာ၊ မြစ်သာရွာတို့တွင် ဘုရားစေတီအချို့အပါအဝင် တန်ဆောင်း၊ ဇရပ်၊ မြေစိုက်တဲ နေအိမ်အချို့နှင့်ဓာတ်တိုင်များ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါပျက်စီးမှုဖြစ်ပေါ်သောနေရာများသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးဦးအောင်ဇံ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက သွားရောက်ကွင်းဆင်းကြည့်ရှုသည်။

ပျက်စီးမှုမှာ ဆီမီးခုံကျေးရွာရှိ ရေစည်းခုံစေတီတော် ထီးတော်ယိုင်ခြင်း၊ ဘုန်းကြီးကျောင်း၊ ဇရပ်တစ်လုံးနှင့် မြေစိုက်အိမ် ၁၅ လုံးပြိုကျခြင်း၊ အိမ်အလုံး ၉၀ ခန့် အမိုးလန်ပျက်စီးခြင်း၊ ဓာတ်တိုင် ၁၄ တိုင်ပျက်စီးခြင်း၊ ကုလကျေးရွာတွင် ကျောက်ဘုရားစေတီတော် ခါးပိုင်းကျိုးကျပျက်စီးခြင်း၊ တန်ဆောင်းတစ်ခုနှင့် အိမ်သုံးလုံးပြိုကျခြင်း၊ အိမ်အလုံး ၅၀ အမိုးလန်ခြင်း၊ လှိုင်းတက်ကျေးရွာ၌ အိမ်သုံးလုံးပြိုကျခြင်း၊ ငါ့နန်းအုပ်စု ညောင်ပင်သာကျေးရွာ၌ အိမ်ငါးလုံးပြိုကျခြင်း၊ အိမ် ၂၇ လုံးအမိုးလန်ခြင်း၊ မြစ်သာကျေးရွာ အိမ်ခြောက်လုံးအမိုးလန်ခြင်း၊ ကွေ့ကြီးကျေးရွာ၌ အိမ်နှစ်လုံး အမိုးလန်ခြင်းတို့ ဖြစ်ကြသည်။

တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့က ဆန်နှင့်ခေါက်ဆွဲခြောက်များ၊ ငွေကြေးများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်တွင်းသတင်း

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရာတွင် ကရင်ပြည်နယ်၌ အောင်မြင်စွာဆောင်ရွက်နိုင်

တွေ့ဆုံမေးမြန်း-နေလင်း၊ ဓာတ်ပုံ-မင်းသစ်

ကရင်ပြည်နယ်တွင် ငြိမ်းချမ်းရေး ရောင်ခြည်သန်းလာမှုနှင့်အတူ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအောက်ရှိ ပြည်သူ့အင်အား ဦးစီးဌာနတို့၏ ပူးပေါင်း ဆောင်ရွက်မှုတို့ကြောင့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရာတွင် ပူးပေါင်းပါဝင်ကူညီခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ သန်းခေါင်စာရင်း ကောက်ယူရာတွင် ပါဝင်သည့် တာဝန်ရှိသူများအား သန်းခေါင်စာရင်းကောက်ယူနိုင်မှုအခြေအနေနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

KNU ကရင်အမျိုးသားအစည်းအရုံးမှ ဦးစောရွှေမောင်းက-

"ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်တဲ့နေရာမှာ အားလုံးလိုလို ပူးပေါင်းဆောင်ရွက်ပါတယ်။ ကျွန်တော်တို့တပ်မဟာ (၆)ထဲမှာရှိတဲ့နေရာတိုင်းမှာ ကူညီပေးတယ်။ လိုအပ်တဲ့ စာရင်းကောက်တဲ့နေရာ သွားရေးလာရေးကအစ အစစအရာရာ ကူညီပေးနေပါတယ်။ ကျွန်တော်တို့ဒေသမှာရှိတဲ့ ပြည်သူလူထုဘယ်နှယောက်၊ လူထုအင်အား အရေအတွက် ဘယ်လောက်ရှိတယ်ဆိုတာ၊ သန်းခေါင်စာရင်းကောက်ယူမှုကနေ သိရတယ်။ သိရပြီးတဲ့နောက်မှာ လူထုတွေရဲ့လိုအပ်ချက်ကို ကျွန်တော်တို့ဘာတွေဆောင်ရွက်သင့်တယ်ဆိုတာ သိနိုင်မှာဖြစ်တဲ့အတွက် ရှေ့ဆက်ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာ အစိုးရနဲ့ညှိနှိုင်းပြီးလုပ်ဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားသည်။

KNU တပ်မဟာ (၆)ဌာနချုပ်မှ ဗိုလ်ကြီးစောထက်နေက-

"KNU ဗဟိုကနေ သန်းခေါင်စာရင်းကောက်ယူမှုနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ဖို့ အစီအစဉ်ချမှတ်တယ်။ ပြီးတော့ ခရိုင်နှင့်တပ်မဟာအဆင့်ကိုအစီအစဉ်ချမှတ်ပြီးတော့ ကြာအင်းဆိပ်ကြီးမှာ မြို့နယ် ၁၁ခုနဲ့ ပြည်နယ်မှူး၊ ခရိုင်မှူးတွေနဲ့ညှိနှိုင်းတယ်။ သန်းခေါင်စာရင်းကောက်ယူမှု မစခင်မှာတွေ့ဆုံညှိနှိုင်းခဲ့တယ်။ ဘယ်ကောက်ကွက်မှာ လူဘယ်နှယောက် ထည့်ပေးရမလဲ။ ကောက်ကွက်တွေမှာ အခက်အခဲမဖြစ်အောင် သန်းခေါင်စာရင်းကောက်တဲ့ ဆရာ ဆရာမတွေ သွားရေးလာရေး အဆင်ပြေအောင် အစစအရာရာ လဝကနဲ့ ပူးတွဲလုပ်ဆောင်ပါတယ်။ သန်းခေါင်စာရင်းကောက်တဲ့ အပေါ် ကျွန်တော်တို့က ဒီနေရာမှာနေတော့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ တာဝန်ရှိတဲ့အပေါ် ဒီနိုင်ငံမှာ လူဦးရေ ဘယ်လောက်ရှိလဲ၊ ဥပမာ ကရင်ပြည်နယ်မှာ မွန် ဘယ်နှယောက်၊ ကရင်ဘယ်နှယောက်ရှိလဲ၊ ပြည်လုံးကျွတ်မှာ ကရင်ဘယ်နှယောက်၊ အခြားတိုင်းရင်းသား ဘယ်နှယောက်ရှိလဲ။ အဲဒါမှလူဦးရေစာရင်းသိမှ နိုင်ငံတော်က ဖွံ့ဖြိုးရေးအစီအစဉ်ကို ချမှတ်လို့ရမှာပေါ့" ဟု ပြောသည်။

၎င်းက ထပ်မံ၍ သန်းခေါင်စာရင်းကောက်ယူရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့်ပတ်သက်၍လည်း "လူအရောက်အပေါက်နည်းတဲ့နေရာမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလို့ ကောက်ကွက်ထဲမှာ တစ်နေ့အတွက် သန်းခေါင်စာရင်းကောက်ယူတဲ့စာရင်းကို ချက်ချင်းမပို့နိုင်တော့ နောက်ရက်မှ ပို့နိုင်တဲ့ အခက်အခဲလောက်ပဲရှိပါတယ်" ဟု ပြောသည်။

KNU တပ်မဟာ (၆) တပ်ရင်း ၁၆ ရုံးအဖွဲ့မှ စောကလိုကညောက "ကျွန်တော်ဆိုရင် ဘုရားသုံးဆူမြို့နယ်ခွဲ သန်းခေါင်စာရင်းကောက်ယူတဲ့ လဝကဦးစီးဌာနနဲ့ တာဝန်ပေးပြီး နယ်မြေခံအနေနဲ့ပူးတွဲပြီး သန်းခေါင် စာရင်းကောက်ယူတဲ့ကိစ္စကို အစအဆုံး ကူညီပါတယ်။ တချို့ကျတော့ ဗမာစကားမတတ်တဲ့ ကျေးရွာတွေမှာ ဆရာမတွေအတွက် ပြောဆိုကူညီပေးရတာရှိတယ်။ အချို့ရွာတွေကျတော့လည်း အခုမှ ငြိမ်းချမ်းရေးရခါစဆိုတော့ တချို့ကလည်း သဘောမပေါက်တာတွေ ရှိတယ်။ ရှင်းပြရ၊ လိုက်ပြောပြရနဲ့ နယ်မြေခံအနေနဲ့လိုက်ပြီး လုပ်ပေးရတာတွေရှိတယ်" ဟု ပြောသည်။

ထပ်မံ၍ ၎င်းက "သန်းခေါင်စာရင်းကောက်တာကတော့ ကောင်းပါတယ်ဗျာ၊ ကိုယ်တောင် ကိုယ့်ကရင်လူမျိုးဘယ်နှယောက်ရှိမှန်း မသိဘူး၊ အခုလို သန်းခေါင်စာရင်းကောက်လိုက်တော့ ကိုယ့်ကရင် လူဦးရေလည်း အမှန်သိရတယ်။ ကိုယ့်နိုင်ငံလူဦးရေ၊ ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအခြေအနေက ဒီစာရင်းထဲမှာ ပါလာပြီဆိုတော့ လိုအပ်ချက်တွေ လုပ်လို့ရတာပေါ့၊ ကျွန်တော်တို့ KNU အနေနဲ့လည်း ကိုယ့် ကရင်လူဦးရေ မကောက်နိုင်ဘူးလေ"ဟုပြောသည်။

ကြာအင်းဆိပ်ကြီးမြို့နယ် တောင်ဒီးကျေးရွာမှ ဦးစောဝင်းလှိုင်က-

"နိုင်ငံတော်က ကောင်းတဲ့အလုပ်ကို လုပ်တယ်လို့ မြင်တယ်၊ KNUအဖွဲ့တွေ UNအဖွဲ့တွေ အစိုးရတာဝန်ရှိသူတွေ ပူးပေါင်းပြီး ဆောင်ရွက်တာတွေ့ရတဲ့ အတွက် အလွန်ဝမ်းသာတယ်၊ ကျွန်တော့်ရွာကတော့ တော်တော်များများ ကောက်ပြီးသွားပြီ၊ အနည်းအကျဉ်းပဲ ကျန်တော့တယ်"ဟု ပြောသည်။

ဖားပြရွာ(အထက)မှ ကျောင်းဆရာမ နော်ဝင်းဟန်က-

"တိုင်းရင်းသားတွေ ပူးပေါင်းဆောင်ရွက်ပြီး လုပ်တာကောင်းပါတယ်။ ပင်ပန်းပေမယ့် နိုင်ငံတော်ရဲ့အမျိုးသားရေးကို ဆောင်ရွက်ရတဲ့အတွက်ဂုဏ်ယူပါတယ်"ဟု ပြောသည်။

ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နယ်ခွဲ ဖားပြကျေးရွာမှ ဒေါ်နော်သန်းသန်းဝင်းက-

"အမိုးအမြင်ကတော့ ဟိုးအရင်က မငြိမ်းချမ်းတဲ့အတွက် သန်းခေါင်စာရင်းမကောက်ဖြစ်ဘူး၊ အခုတော့ အေးအေးချမ်းချမ်းပဲ ကောက်ရတဲ့အတွက် အမိုးတို့ရွာသူရွာသားတွေက တစ်ဦးနှင့်တစ်ဦးငြိမ်းငြိမ်းချမ်းချမ်းရှိတဲ့အတွက် သန်းခေါင်စာရင်းကောက်နိုင်တာပေါ့၊ အမိုးတို့ ရွာတွေမှာ ဆေးပေးခန်းတို့၊ စာသင်ကျောင်းတို့ တိုးတက်လာဖို့အတွက် ကောက်တဲ့အပေါ် ဝမ်းသာပါတယ်" ဟု ပြောသည်။

ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နယ်ခွဲ သပြေကုန်းကျေးရွာသား ဒီတာစောမောင်ရွှေက-

"အမှန်အကန်ဖြစ်ဖို့ ဝန်းရံပေးတာ၊ စောင့်ရှောက်ပေးတာ၊ အခက်အခဲမရှိပါဘူး၊ တချို့လူတွေက ခေါက်ရိုးကျိုးတဲ့ပုံစံ ဖြစ်နေတယ်။ လူမျိုးတစ်မျိုးရဲ့ သင်္ကေတလက္ခဏာ မကွယ်ပျောက်ဖို့အတွက် ဝန်းရံစောင့်ရှောက်ပေးတာပါ"ဟု ပြောသည်။

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းက-

"ဒေသမှာရှိတဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်း အသီးသီးကလည်း အင်တိုက်အားတိုက် ပူးပေါင်းကူညီဆောင်ရွက်ပေးတဲ့အတွက် မြို့ပေါ် ကျေးရွာတွေတွင်သာမက တချို့သော တောင်ခြေ၊ တောင်လျှော၊ အစွန်အဖျားနေရာတွေမှာပါနေတဲ့သူတွေကိုလည်း မကျန်အောင်၊ မထပ်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီသန်းခေါင်စာရင်းကောက်ယူမှုအပေါ် ရလာတဲ့ ကိန်းဂဏန်းတွေအပေါ်မှာ မူတည်ပြီးတော့မှ ငြိမ်းချမ်းရေးရလဒ်နဲ့အတူ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးတွေရလိမ့်မယ်လို့ယုံကြည်ပါတယ်"ဟု ပြောသည်။

ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထိန်ဝင်းက "မတ်လ ၃၀ ရက်ကနေ ဧပြီ ၁၀ ရက်အထိ သန်းခေါင်စာရင်းကောက်နေပါတယ်။ ဧပြီ ၆ ရက်အထိ အိမ်ထောင်စုပေါင်း နှစ်သိန်းလေးသောင်းကျော်ကောက်ပြီး လူဦးရေအားဖြင့် ၁၂ သိန်းကျော် ကောက်ပြီး ဖြစ်ပါတယ်။ ရာနှုန်းပြည့်ကောက်ခံလို့ရအောင်ကြိုးစားသွားမယ်၊ ရာနှုန်းပြည့်ကောက်လို့ရအောင်လည်း ကရင်ပြည်နယ်မှာရှိတဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်၊ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့အတွက် ကရင်ပြည်နယ်အနေနဲ့ သန်းခေါင်စာရင်းကောက်ယူမှုမှာ အပြည့်အဝ အောင်မြင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုသည် တိုင်းရင်းသားဒေသများနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုလာမည့်အပြင် ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်မှုတွင်လည်း အထောက်အပံ့တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း မေးမြန်းတင်ပြလိုက်ရပါသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ဓမ္မာရုံ၌ ဧပြီ ၁၀ရက်က ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူပြီးစီး၍ စာရင်းစစ်၊ စာရင်းကောက် ဆရာ ဆရာမများအား ဇမ္ဗူသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာန ခုတင်(၅၀)ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးနေသည်ကို တွေ့ရစဉ်။

ကိုပေါက်(ဥက္ကာမြေ)

လူဦးရေနှင့်အိမ်အကြောင်းသန်းခေါင်စာရင်း သီပေါမြို့နယ်တွင် ကောက်ယူပြီးစီး

သီပေါ ဧပြီ ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို မတ် ၃၀ ရက်မှ ဧပြီ ၉ ရက်အထိ မြို့နယ်သန်းခေါင်စာရင်းကော်မတီများ၏ ကြီးကြပ်မှု အထောက်အကူပြုအဖွဲ့များ၊ ရပ်/ကျေးရွာ သန်းခေါင်စာရင်းကော်မတီများ၊ လူမှုရေးအဖွဲ့များ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျေးရွာအုပ်စု ၇၆ အုပ်စု၊ ကောက်ကွက် ၂၄၅ ကွက်ကို စာရင်းစစ်၊ စာရင်းကောက် ၃၇၆ ဦးတို့ဖြင့် အိမ်ထောင်စု ၃၆၉၉၂ စုအား ကောက်ယူပြီးစီးကြောင်း သိရသည်။

သီပေါမြို့ပေါ် (၁၁) ရပ်ကွက်တွင်လည်း ရာခိုင်နှုန်းပြည့် ကောက်ယူပြီး စီးပြီးဖြစ်၍ တောင်မြို့ရပ်ကွက် ကွပ်ကဲရေးမှူးရုံးတွင် ဧပြီ ၁၀ ရက် နေ့လယ်ပိုင်းက စာရင်းစစ် စာရင်းကောက်များအား ဂုဏ်ပြုပွဲကျင်းပကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(အပေါ်ပုံ)** **စိုင်း(သီပေါ)**

မြို့နယ် ၁၄ မြို့နယ်တွင် အိမ်ထောင်စုပေါင်း ၄၇၈၉၈၅စုအားကောက်ယူနိုင်ခဲ့

ရန်ကုန် ဧပြီ ၁၁

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တွင်ကောက်ယူလျက်ရှိပြီး ကောက်ကွက်ပေါင်း ၃၃၈၆ ကို မတ် ၃၀ ရက်ကစတင်ကောက်ယူခဲ့ရာ ဧပြီ ၉ ရက်အထိ အိမ်ထောင်စုပေါင်း ၄၇၈၉၈၅ စုအား ကောက်ယူနိုင်ခဲ့ပြီး ကျန်အိမ်ထောင်စုများအား သတ်မှတ်ရက်အတွင်းပြီးစီးအောင် ကောက်ယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စိုးဝင်း(SP)

ပြည်တွင်းသတင်း

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ ဧည့်သည်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်တပ်မတော် **Armed Forces Division** မှ **Principal Staff Officer** နှင့်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။ (မြဝတီ)

နေပြည်တော် ဧပြီ ၁၁

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေတို့က မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်တပ်မတော် Armed Forces Division မှ Principal Staff Officer နှင့်အဖွဲ့အား ဧပြီ ၁၀ ရက် ညပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် Lake View ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့်ဇနီးတို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ အဖွဲ့ဝင်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်သံမှူးတို့ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တို့သည် နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးသောင်းထိုက် ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ ဆပ်ကော်မတီလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၁၁

အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် မတ် ၃၁ ရက် နံနက် ၉ နာရီက ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာဘရွှေနှင့် ဆပ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြနှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေ၊ ပဲခူးတိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဦး၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အစိုးရအဖွဲ့ကော်မတီခြောက်ခု၊ အစိုးရအဖွဲ့ ဆပ်ကော်မတီ ၂၈ ခုဖွဲ့စည်းကာ ကွင်းဆင်းဆောင်ရွက်နေမှုများနှင့် အမျိုးသမီးနှင့်ကလေးသူငယ်များ၏ လူနေမှုဘဝကာကွယ်စောင့်ရှောက်ရေး၊ အနာဂတ် ဖွံ့ဖြိုးတိုးတက်လုံခြုံရေးနှင့် ပညာရေး၊ ကျန်းမာရေးတို့အတွက် အောက်ခြေအဆင့်မှ ကြုံတွေ့နေရသော အခက်အခဲအတားအဆီး စိန်ခေါ်မှုများကို ချက်ချင်းလက်ငင်းအဖြေရှာဆောင်ရွက်ပေးရန်၊ အကြံဉာဏ်ပေးအပ်ရန်နှင့် လိုအပ်ချက်များ ဆက်သွယ်တင်ပြပေးရန်များအတွက် လာရောက်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်းနှင့် မိမိတို့အနေဖြင့် ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးလေးရပ်ဖြစ်သော ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အကာအကွယ်ရရှိခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်များရရှိအောင် ဆောင်ရွက်နေပြီး နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် နိုင်ငံအတွင်း မှီတင်းနေထိုင်သော မိခင်နှင့်ကလေးများ ဘဝကျန်းမာ၊ ချမ်းသာပြီး အခွင့်အရေး အပြည့်အဝရရှိရေး၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ပေးရန်ရှိသည်များကို ပြည်သူလူထုအနေဖြင့် ပွင့်ပွင့်လင်းလင်း မေးမြန်းတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာဘရွှေက စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ခြင်းဖြင့် နောင်အစိုးရလက်ထက်တွင် စိန်ခေါ်မှုများ နည်းနိုင်သမျှ နည်းပါးသွားစေရန်ဖြစ်ကြောင်း၊ စိန်ခေါ်မှုနည်းပါးသဖြင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ဆက်လက်မြင့်မားနေစေရန် လမ်းခင်းပေးခြင်းဖြစ်ကြောင်းဖြင့် ပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက မြန်မာနိုင်ငံ အမျိုးသမီးထု တစ်ရပ်လုံးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီမှ အစပြုကာ ယနေ့မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့ပုံများ၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ လုပ်ငန်းကော်မတီများဖွဲ့စည်းကာ အကောင်အထည်ဖော် ဆောင်ရွက်နေပုံများနှင့် အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်(၁၂)ရပ်တို့အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက မိခင်၊ ကလေး၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအထိ ကျန်းမာရေး စောင့်ရှောက်မှု၊ အသိပညာပေးမှု၊ စီးပွားရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းမှုများအထိ အသင်းကြီး၏ လူမှုရေးစိတ်ဓာတ်အပြည့်ဖြင့် လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှုများအား လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သူဇာချစ်တင်က ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့် အဓိကတာဝန်၊ ဆေးရုံ၊ ဆေးခန်းနှင့် ဆရာဝန်၊ ဆရာမများ တိုးချဲ့ဆောင်ရွက်နေမှုများနှင့် အိမ်ထောင်ရှင်မတိုင်း ကျန်းမာရေးစောင့်ရှောက်မှု အသိပညာကိုယ်စီရှိပြီး နိုင်ငံတော်အစိုးရမှ ပေးအပ်ထားသည့် ကျန်းမာရေးဆိုင်ရာအခွင့်အရေးများကို သိရှိ၊ ရယူ၊ ခံယူနိုင်ရန် ကြိုးစားအားထုတ်ကြရေးအားလည်းကောင်း တိုက်တွန်းမှာကြားခဲ့သည်။

ပူးပေါင်းပါဝင်

ထို့နောက် ပြည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က ကလေးသူငယ်များ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးတို့အတွက် ဒေသတွင်း ဆောင်ရွက်ရန်လိုအပ်မှုနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို တင်ပြဆွေးနွေးရာ ဆပ်ကော်မတီဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ကျောင်းနေအရွယ်ကလေးများ သင်ယူသင်ကြားမှုပညာရေးထက် ဝေဖန်ပိုင်းခြား သုံးသပ်ဆုံးဖြတ်တတ်သည့် ပညာရေးစနစ်သို့ ပြောင်းလဲပေးနိုင်ရေး၊ ကလေးတိုင်း ကိုယ်သင်ကြားလိုသည့် ပညာရေးကို မဖြစ်မနေ ရွေးချယ်သင်ကြားနိုင်သည့် စနစ်သို့ ပြောင်းလဲပေးနိုင်ရေး ဆောင်ရွက်မည့်အခြေအနေများနှင့် သဘာဝအရင်းအမြစ်ပေါ် အခြေခံသည့် စီးပွားရေးစနစ်မှ နည်းပညာဖွံ့ဖြိုးမှုကို အခြေခံသော စီးပွားရေးစနစ်သို့ အဆင့်ဆင့် ပြောင်းလဲနိုင်ရေး မိဘပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က အမျိုးသမီးရေးရာဝတ်စုံ၊ ပြက္ခဒိန်၊ စာအုပ်၊ ထီး၊ လုံချည်နှင့် အသုံးအဆောင်များ၊ သားဖွားဆရာမဝတ်စုံ၊ အနီးလိပ်နှင့် ပညာပေးစီဒီချပ်များ၊ အားကစားပစ္စည်းများကို မြို့နယ်အသီးသီးသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Rose Mary လက်ဝတ်ရတနာဆိုင်မှ စိန်ထည်ပစ္စည်းများခိုးယူသွားသူ ပါကစ္စတန်နိုင်ငံသားနှစ်ဦး ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၁၁

ဧပြီ ၉ ရက်က ကမာရွတ်မြို့နယ် (၇) ရပ်ကွက် ပြည်လမ်းနှင့် ကျွန်းတောလမ်း Junction Square အတွင်းရှိ Rose Mary လက်ဝတ်ရတနာဆိုင်သို့ နိုင်ငံခြားသားနှစ်ဦး ရောက်ရှိလာပြီး အင်္ဂလိပ်ဘာသာစကားဖြင့် ပြောင်ခေါင်းစိမ်းကျောက်များ ကြည့်ရှုလိုကြောင်းပြောဆိုသဖြင့် ဆိုင်ရှင်ဒေါ်မျိုးမမလွင်နှင့်အရောင်းဝန်ထမ်းဇော်ဇော်နိုင်တို့က ကောင်တာပေါ်တွင် ကျောက်များကိုတင်၍ ပြသခဲ့ရာ မကြိုက်ကြောင်းပြောပြီး စိန်ထည်ပစ္စည်းများ ထည့်ထားသည့် ကောင်တာဘက်သို့သွားကာ စိန်ထည်ပစ္စည်းများ ထပ်မံပြသခိုင်းသဖြင့် စိန်ထည်ပစ္စည်း ၄၄ မျိုးကို ထုတ်ယူ၍ပြသခဲ့သည်။ ၎င်းတို့နှစ်ဦးက မကြိုက်ကြောင်း ပြောဆိုကာ ထွက်သွားသဖြင့် စိန်ထည်များကို ပြန်လည်ရေတွက်စစ်ဆေးကြည့်ရှုစဉ် အသည်းပုံ စိန်လော့ကတ်တစ်ခု တန်ဖိုးငွေကျပ် ၁၁၈၀၀၀၀၀၊ မိုးစက်ပုံ စိန်လော့ကတ်တစ်ခုတန်ဖိုးငွေကျပ် ၉၆၃၀၀၀၀၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၁၄၃၀၀၀၀ မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် ကမာရွတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားခဲ့သည်။

အမှုဖွင့်စစ်ဆေး

အဆိုပါ အမှုမှပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူနှစ်ဦး၏ ဓာတ်ပုံများကို Rose Mary လက်ဝတ်ရတနာဆိုင်ရှိ CCTV တွင် ရှာဖွေရရှိခဲ့သဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ပူးပေါင်းအဖွဲ့နှင့်ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ လုံခြုံရေးတပ်ခွဲ (၂)မှ တပ်ဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင်အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များ၊ ကမာရွတ်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက လေဆိပ်တွင် စောင့်ဆိုင်း၍ စိစစ်ရှာဖွေခဲ့ရာ ဧပြီ ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ထိုင်းလေကြောင်းခရီးစဉ် TG-304 လေယာဉ်အမှတ် HS-TEK၊ လေယာဉ်အမျိုးအစား A-330 ဖြင့်လိုက်ပါမည့် ခရီးသည်များအနက် ပြစ်မှုကျူးလွန်ခဲ့သူနှစ်ဦးကို တွေ့ရှိခဲ့သဖြင့် စစ်ဆေးရှာဖွေခဲ့ရာ ပါကစ္စတန်နိုင်ငံသား Mr.Ali Afi နှင့် Mr.Hussain Baqir တို့ နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် အမှုဖွင့်စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖမ်းဆီးနိုင်

ယခုကဲ့သို့ ဖော်ထုတ်ဖမ်းဆီးရမိခြင်းမှာ CCTV မှတစ်ဆင့်ပြစ်မှုကျူးလွန်သူများ၏ ဓာတ်ပုံကို ရှာဖွေဖော်ထုတ်နိုင်ခြင်း၊ ရဲတပ်ဖွဲ့အချင်းချင်းဟန်ချက်ညီ အချိန်ကိုက်ပူးပေါင်း ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပြစ်မှုကျူးလွန်သူများအား ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဧပြီ ၅ ရက် နံနက် ၉ နာရီ နေပြည်တော် ပျဉ်းမနားမြို့မဈေးရှိ ဦးအောင်မြင့်၏ ရွှေဆိုင်သို့ ရွှေဝယ်ရန် ဟန်ပြကာ ရွှေဆွဲကြိုးခုနစ်ကုံး၊ တန်ဖိုးငွေကျပ် ၃၇ သိန်းခန့်ကို ခိုးယူသွားသူများမှာ အဆိုပါ ပါကစ္စတန်နိုင်ငံသားနှစ်ဦးဖြစ်ကြောင်း သိရှိရသဖြင့် အဆိုပါ အမှုဖြင့် ဆက်လက်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

မြန်မာ့ရိုးရာ မဟာသင်္ကြန်ကာလအတွင်း ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် နေပြည်တော် ဟိုတယ်ဇုန်တွင် မဏ္ဍပ်ကြီးများကို အခိုင်အမာတည်ဆောက်ပြီးစီးလျက်ရှိသည်ကို တွေ့ရစဉ်။

ဆွေမွန်

သင်္ကြန်ကာလ မီတာခနှင့် CNG ရောင်းရငွေများ စီးပွားရေးဘဏ်ကလက်ခံပေးမည်

မြန်မာ့စီးပွားရေးဘဏ်က နှစ်စဉ်ဆောင်ရွက်ပေးနေကျအတိုင်း နှစ်သစ်ကူးရုံးပိတ်ရက်ကာလများအတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (YESB) တို့၏ လျှပ်စစ်ဓာတ်အားခရောင်းရငွေများ ပေးသွင်းခြင်းနှင့် စွမ်းအင်ဝန်ကြီးဌာန မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များ၏ ရောင်းရငွေများပေးသွင်းနိုင်ရန်အတွက် ဧပြီ ၁၃ ရက် (တနင်္ဂနွေနေ့) သင်္ကြန်အကြိုနေ့၊ ဧပြီ ၁၆ ရက်(ဗုဒ္ဓဟူးနေ့) သင်္ကြန်အတက်နေ့၊ ဧပြီ ၁၉ ရက် (စနေနေ့) နှစ်သစ်ကူးရုံးပိတ်ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီးအတွက် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၃) ရန်ကုန်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွက် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁) မန္တလေးတွင် လည်းကောင်း လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့စီးပွားရေးဘဏ်)**

အသိပေးကြေညာခြင်း

မြန်မာ့စီးပွားရေးဘဏ်က နှစ်စဉ်ဆောင်ရွက်ပေးနေကျအတိုင်း နှစ်သစ်ကူးရုံးပိတ်ရက်ကာလများအတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (YESB) တို့၏ လျှပ်စစ်ဓာတ်အားခရောင်းရငွေများ ပေးသွင်းခြင်းနှင့် စွမ်းအင်ဝန်ကြီးဌာန၊ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များ၏ ရောင်းရငွေများပေးသွင်းနိုင်ရန်အတွက် ၁၃-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) သင်္ကြန်အကြိုနေ့၊ ၁၆-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) သင်္ကြန်အတက်နေ့၊ ၁၉-၄-၂၀၁၄ ရက်(စနေနေ့) နှစ်သစ်ကူးရုံးပိတ်ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီးအတွက် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃) ရန်ကုန်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွက် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) မန္တလေးတွင်လည်းကောင်း လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် သတိပေးကြေညာချက်

၁။ ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးမြို့နယ်ရှိ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာ ဇုန် (Ancient Monumental Zone)၊ ရှေးဟောင်းနေရာတည်ရှိရာဇုန် (Ancient Site Zone) နှင့် ကာကွယ်ထိန်းသိမ်းထားသောဇုန် (Protected and Preserved Zone) များအဖြစ် (၁၁-၂-၁၉၉၉) ရက်နေ့တွင် **အမိန့်ကြော်ငြာစာအမှတ်(၁/၁၉၉၉)** ဖြင့် ထုတ်ပြန်သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းလျက်ရှိပါသည်။

၂။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၃ တွင် **"အောက်ပါကိစ္စရပ်တစ်ခုခု ပြုလုပ်လိုသူသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်–**

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင်–

(၁) အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(၂) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံ နယ်နိမိတ်တိုးချဲ့ခြင်း၊

(ခ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊ ...." ဟု ဖော်ပြထားပါသည်။

၃။ လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဦးစီးဌာနသည် ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ အရ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို ပြုနိုင်သည်ဟု ပြဋ္ဌာန်းပါရှိပြီး ခွင့်ပြုပါက ဦးစီးဌာနသည် လိုက်နာရမည့်စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်ဟု ပြဋ္ဌာန်းထားပါသည်။

၄။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၃ အရ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်နှင့် ရှေးဟောင်းနေရာတည်ရှိရာဇုန်များအတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ၊ စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံများတည်ဆောက်ခြင်းကို ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်ခွင့်မရှိပါ။

၅။ သို့ဖြစ်ပါ၍ ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းလျက်ရှိသဖြင့် အများပြည်သူတို့အနေဖြင့်လည်း ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်း မိမိတို့ဆောင်ရွက်လိုသောကိစ္စရှိပါက အထက်ပါ ဥပဒေနှင့် နည်းဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း သိရှိလိုက်နာဆောင်ရွက်ကြရန် သတိပေးကြေညာအပ်ပါသည်။

၆။ မည်သူမဆို ယဉ်ကျေးမှုဇုန်တွင် ဟိုတယ်၊ မိုတယ်၊ စားသောက်ဆိုင် စသည်တို့အပါအဝင် မည်သည့် အဆောက်အအုံကိုပင် ဆောက်မည်ဆိုပါက ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ မန်နေဂျာများစသည့် ပုဂ္ဂိုလ်တို့သည် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို နားလည်သိရှိသည်အထိ ဖတ်ရှုမှတ်သားထားရန် လိုအပ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၄-၂၀၁၄

ရွှေဈေးနှုန်း (အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၇၂၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၃၂၉၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၇၂၀၀၀

စက်သုံးဆီဈေးနှုန်း (Max / Newday)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၂၀၀-၃၅၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၈၀၀-၃၂၀၀
၃။ ငါးရံ့	တစ်ပိဿာ	ကျပ် ၇၀၀၀-၉၅၀၀
၄။ ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၇၅၀၀-၉၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၂၅၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	ကျပ် ၈၅၀၀-၂၀၀၀၀
၈။ ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၀၀၀၀
၉။ ဝက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၁၀။အမဲ	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၁၁။ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၇၅-၉၈၃
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၂-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၇၅-၇၇၉
ထိုင်း	တစ်ဘတ်	ကျပ် ၃၀.၅-၃၀.၉
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၅.၉-၁၆
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၆၈
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၉-၃၀၇

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်(ဗီယာအသစ်)	တစ်အိတ်	၁၆၀၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၈၅၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၃၅၀၀-၂၇၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၆၅
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၇၅-၅၅၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၆၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၆၅၀-၁၆၇၅
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၇၅-၇၀၀
ငရုတ်ရှည်(ညောင်ရမ်း)	တစ်ပိဿာ	၂၄၀၀-၂၄၅၀
ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀-၄၈၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် ဓာတ်ပုံ ... ခင်ဆိုင် စေ့ငုတင်ပြသည်။

မိုးကောင်း၌ သက်ကြီးပူဇော်ပွဲကျင်းပမည်

မိုးကောင်း ဧပြီ ၁၁

မိုးကောင်းမြို့နယ် ၁၃၇၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီက ကြီးမှူး၍ နှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက်တွင် မိုးကောင်းခန်းမ၌ သက်ကြီးပူဇော်ပွဲ ကျင်းပရန် စီစဉ်လျက်ရှိရာ အသက် ၁၀၄ နှစ်ရှိ အဘွား ဒေါ်နန်းကွယ်(နောင်ကိုင်တော်ရပ်ကွက်) အသက် ၁၀၁ နှစ်ရှိ အဘိုး ဦးဘအေး(အလယ်ရပ်ကွက်) တို့အပါအဝင် မြို့ပေါ် ၁၀ ရပ်ကွက်မှ အသက် ၈၀ နှင့်အထက် အဘိုး အဘွား ၁၇၅ ဦးတို့ကို မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့် အညီ ပူဇော်ကန်တော့ကြမည် ဖြစ်ကြောင်း သက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးမြင့်အောင် (ဇီဝိတဒါနစေတနာသွေးလှူရှင်များအသင်း)ထံမှ သိရသည်။

(၀၆၂)

သင်္ကြန်ကာလ သရုပ်ပျက်ဝတ်စားမှု သတိပြု

၂၀၁၄ ခုနှစ်၏ မဟာသင်္ကြန် သို့မဟုတ် ၁၃၇၅ ခုနှစ် တန်ခူးလ အတာသင်္ကြန်ပွဲတော်ကြီးအတွက် ဝမ်းသာစရာအထူးသတင်းတစ်ခု ကြားသိရသည်မှာ သရုပ်ပျက်ဝတ်စားဆင်ယင်မှုထိန်းသိမ်းရေးကော်မတီ စတင်ဖွဲ့စည်းလိုက်ခြင်းပင်ဖြစ်သည်။ အမှန်တကယ်လိုအပ်နေသော အရာပင်ဖြစ်ပါသည်။ မြန်မာအမျိုးသမီးငယ်အချို့တို့သည် သင်္ကြန်၏ လွတ်လပ်စွာ၊ ပျော်ရွှင်စွာ ရေဆော့ကစားခြင်းကို ရမယ်ပြု၍ လွတ်လပ်ချင်တိုင်း လွတ်လပ်စွာ ဝတ်ဆင်နေမှုတို့က ဝတ်သူမရှက် မြင်သူရှက်ရသည့် ကိစ္စပင်ဖြစ်သည်။ မြန်မာတို့၏ ယဉ်ကျေးမှုများ ပေါင်းဆုံရာဖြစ်သည့် နှစ်သစ်မင်္ဂလာ အခါဖြစ်သည့် သင်္ကြန်ပွဲတော်ကာလကို မြန်မာလူမျိုးတိုင်း ပျော်ရွှင်စွာ ရေကစားကြပါသည်။ ပျော်ရွှင်စွာ အနုပညာများ ဖော်ထုတ်ခွင့်ရကြပါသည်။ မြန်မာတို့၏ ချစ်ခင်နှစ်လိုဖွယ် ရေကစားမှုကို ကမ္ဘာကလည်း သိခွင့်ရကြပါသည်။ ဤအခွင့်အခါထူးကြီးကို သရုပ်ပျက် ဝတ်စားဆင်ယင်မှုဖြင့် အိုးမဲသုတ်ခဲ့ကြသည်မှာ ရင်နာစရာ ကောင်းပေသည်။

ယခုအခါ နိုင်ငံတော်အစိုးရက ဤသို့အဖြစ်များ ထပ်မံအဖြစ်မခံတော့။ မြန်မာကို ကမ္ဘာကသိအောင် ကြိုးစားနေသည့် ယခုလို အချိန်အခါသမယတွင် ဤသို့သော သိုးမည်းများ မပေါ်ပေါက်လာစေရန် ထိန်းသိမ်းတော့မည်ဖြစ်သည်။ နိုင်ငံတော်နှင့် ကော်မတီမှ လူကြီးများ၏ ထိန်းသိမ်းကွပ်ကဲမည့်အကြောင်း လူငယ်များအနေဖြင့် ကြိုတင်သတိထား သိထားသင့်သည်။ ထို့ပြင် ပျိုရွယ်သူ လူငယ်လူရွယ်များ၏ မိဘများအနေနှင့်လည်း မိမိတို့၏သားသမီးများ အပျော်ထက်မလွန်အောင် သတိတရားလက်မလွတ်အောင်၊ ဝတ်စားဆင်ယင်မှု သရုပ်မပျက်အောင်ကြိုတင်သတိပေး ထိန်းသိမ်းကြရမည် ဖြစ်သည်။ သို့မှသာ မြန်မာတစ်မျိုးသားလုံး၏ နှစ်သစ်ကူးမင်္ဂလာ အခါသင်္ကြန်ပွဲတော်ကြီးမှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစွာ၊ အေးချမ်းစွာဖြင့် နှစ်သစ်သို့ ပျော်ရွှင်စွာ ကူးပြောင်းနိုင်ကြမည် ဖြစ်ပေသည်။

အတွေးအမြင်

အင်ကြင်းမွှေး

စာအုပ်စာပေ လှူမိတ်ဆွေ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနလက်အောက်ရှိ ပြည်နယ်ရုံး၊ ခရိုင်ရုံး၊ မြို့နယ်ရုံးများတွင် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အတွင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ၁ ရုံး၊ ခြောက်ခန်းတွဲ ဝန်ထမ်းနေအိမ် ၄ လုံး၊ နှစ်ခန်းတွဲဝန်ထမ်းနေအိမ် ၉ လုံး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး နေအိမ် ၅ လုံး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနေအိမ် ၁ လုံး၊ ဧည့်ရိပ်သာ ၁၄ လုံး တည်ဆောက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၄-၂၀၁၄ ရက်

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၅-၂၀၁၄ ရက် ၁၆:၀၀နာရီ

(ဂ) **တင်ဒါလျှောက်လွှာပုံစံရယူတင်သွင်းရမည့်နေရာ** - ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေမြို့

၂။ တင်ဒါစည်းမျဉ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ဦးထွေးမြင့်၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၄၃-၂၂၈၉၀၊ ၀၉-၄၉၃၀၁၃၃၉

(ခ) ဦးထူးထက်၊ ဦးစီးအရာရှိ ဖုန်း-၀၄၃-၂၂၈၉၄၊ ၀၉-၄၂၂၅၁၉၃၃၈

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး
စစ်တွေမြို့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ထိန်ကုန်းအုပ်စုရပ်ကွက်၊ အေးမြို့လမ်းရှိ (အလျားပေ ၈၀×အနံ ပေ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ကျွန်မ မရီလေးလှိုင်မှ ဦးသန်းဇော် အက်စ်/အိုကေအေ-၁၀၁၀၃၄ထံမှ ၂၃-၅-၂၀၁၂ရက်တွင် အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသောမြေကွက်ဖြစ်ပါသည်။ အထက်ပါကျွန်မ မရီလေးလှိုင် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသော မြေကွက်နှင့်ပတ်သက်၍ ကျွန်မ မရီလေးလှိုင် သိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ် လှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မရီလေးလှိုင် ၁၂/ဥကမ(နိုင်)၂၀၈၇၉၄
အမှတ် ၃၅၊ ရွာဦးလမ်း၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်

ဧပြီ ၁၁ရက် ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင် လေယာဉ် ၁၅စင်းနှင့်သင်္ဘော ၁၃စင်းအထိပါဝင်လာ

ပတ်သ် ဧပြီ ၁၁

ဩစတြေးလျမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ အနေဖြင့် ပျောက်ဆုံး မလေးရှားလေယာဉ်၏ Black Box ရီကော်ဒါရောက်ရှိသည့် နေရာနှင့် ပတ်သက်ပြီးအနီးစပ်ဆုံး သိရှိနေကြသည်ဟု ယုံကြည်ကြောင်း ဩစတြေးလျ ဝန်ကြီးချုပ် တိုနီ အလက်ဗော့က ဧပြီ ၁၁ ရက်တွင် ပြောကြားသည်။

သို့သော်လည်း ရှာဖွေရေးအဖွဲ့များကို ညှိနှိုင်းကွပ်ကဲပေးရသူ ဩစတြေးလျအေဂျင်စီအကြီးအကဲအက်ဂတ်ဟောက်စတန်က ဧပြီ ၁၀ရက်က နောက်ဆုံးထောက်လှမ်းရရှိသော ပဋ္ဌမမြောက်အသံလှိုင်းအချက် ပြမှာ ပျောက်ဆုံးမလေးရှားလေယာဉ်နှင့် ဆက်နွှယ်ပတ်သက်မှု မရှိကြောင်း ဆိုသည်။

စနေနေ့နှင့်အင်္ဂါနေ့များက အသံလှိုင်းအချက်ပြမှုလေးကြိမ်ထောက်လှမ်းရရှိခဲ့ပြီး ယင်းအသံလှိုင်းအချက်ပြမှုများနှင့် နောက်ဆုံး ထောက်လှမ်းရရှိသော အသံလှိုင်းအချက်ပြမှုမှာ ဆက်နွှယ်ပတ်သက်မှု ရှိသဖြင့် ရှာဖွေရေးအဖွဲ့များမှာ ဧပြီ ၁၁ရက်က အိန္ဒိယသမုဒ္ဒရာ သေးငယ်သော ရှာဖွေနယ်နိမိတ်တစ်ခုအတွင်း အလေးထားရှာဖွေနေကြသည်။ အသံလှိုင်း အချက်ပြငါးခုစလုံးကို အဆိုပါ သေးငယ်သော ရှာဖွေနယ်နိမိတ် အတွင်း၌ပင် ထောက်လှမ်းရရှိခဲ့ခြင်း ဖြစ်သည်။

ဩစတြေးလျဝန်ကြီးချုပ်တိုနီ အက်ဗော့က ကီလိုမီတာအနည်းငယ်ရှိသော ရှာဖွေနယ်နိမိတ်အတွင်း လေယာဉ်၏ Black Box ရီကော်ဒါကိုမကြာမီရှာဖွေတွေ့ရှိတော့မည်ဟုယုံကြည်ပါကြောင်း တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ရောက်ရှိစဉ် သတင်းထောက်များကို ပြောကြားသည်။ လွန်ခဲ့သော တစ်လကျော်ခန့်က ပျောက်ဆုံးသွားသော မလေးရှားလေယာဉ်၏ ဆန်းကြယ်သည့်ဖြစ်ရပ်က ကမ္ဘာ့လေကြောင်းသမိုင်း၌ ကုန်ကျစရိတ်အများဆုံး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကို ဖြစ်ပေါ်စေခဲ့သည်။

ဩစတြေးလျရှာဖွေရေး အေဂျင်စီအကြီးအကဲအက်ဂတ်ဟောက်စတန်က ထောက်လှမ်းရရှိသော အသံလှိုင်းအချက်ပြမှုများကို စိစစ်လိုက်သောအခါ ပထမအသံလှိုင်းအချက်ပြလေးခုမှာ ပျောက်ဆုံးလေယာဉ်နှင့် ဆက်စပ်မှုရှိသော်လည်း နောက်ဆုံး ထောက်လှမ်းရရှိသော အသံလှိုင်းအချက်ပြမှုမှာ ပျောက်ဆုံးလေယာဉ်နှင့်ဆက်စပ်မှုမရှိကြောင်း၊ မိမိတို့ရရှိသောနောက်ဆုံးသတင်းအရ ပျောက်ဆုံးလေယာဉ်ရှာဖွေရေးနှင့် ပတ်သက်ပြီး ကြီးမားသည့် ထူးခြားမှု မရရှိသေးကြောင်း၊ နောက်ထပ်ထူးခြားမှုရရှိပါက ချက်ချင်းထုတ်ပြန်ပေးမှာဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားသည်။

တော်ဝင်ဩစတြေးလျလေတပ် လေယာဉ်က ဧပြီ ၁၀ ရက်တွင် ပဋ္ဌမမြောက်အသံလှိုင်းအချက်ပြမှုကို ထောက်လှမ်းရရှိပြီး နောက်ပိုင်း ပျောက်ဆုံးလေယာဉ်ရှာဖွေရေး အရှိန်မြင့်တက်လာပြီဖြစ်ရာ ဧပြီ ၁၁ရက်က လေယာဉ် ၁၅ စင်း၊ သင်္ဘော ၁၃ စင်းဖြင့် အိန္ဒိယသမုဒ္ဒရာအတွင်း ရှာဖွေမှုပြုလုပ်ခဲ့ကြသည်။ တရုတ်နိုင်ငံသို့လေးရက်ကြာ ခရီးသွားရောက်ခဲ့သော ဩစတြေးလျဝန်ကြီးချုပ် အက်ဗော့သည် ဧပြီ ၁၁ရက် ညနေပိုင်းတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံပြီး ပျောက်ဆုံးလေယာဉ်ဆိုင်ရာ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ပြောပြမည်ဟု သိရသည်။

ပျောက်ဆုံးလေယာဉ်ပေါ်ပါရှိသော တရုတ်နိုင်ငံသား ၁၅၄ ဦး၏ မိသားစုဝင်များနှင့် တွေ့ဆုံရာတွင် ဩစတြေးလျဝန်ကြီးချုပ် အက်ဗော့က ဩစတြေးလျအစိုးရအနေဖြင့် လေယာဉ်ရှာဖွေရေးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသလို သက်ဆိုင်ရာ တရုတ်မိသားစုဝင်များ၏လို အပ်ချက်များကိုလည်း အတတ်နိုင်ဆုံးဖြည့်စွမ်းပေးမည်ဖြစ်ဟု ကတိကဝတ်ပြုပြောကြားသည်။

ထို့ပြင်ဩစတြေးလျဝန်ကြီးချုပ်အက်ဗော့တ်က မလေးရှားလေယာဉ်ပျောက်ဆုံးမှုသည် မိမိတို့၏ခေတ်၌ဖြစ်ပေါ်သည့် အထူးဆန်းဆုံးဖြစ်ရပ်များထဲက တစ်ခုဖြစ်သလို လူသားသမိုင်းတွင်လည်းအခက်ခဲဆုံးလေယာဉ်ရှာဖွေမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ အဆိုးထဲကအကောင်းဟု ဆိုနိုင်သော အချက်တစ်ချက်မှာ ခက်ခဲပြီး ငွေကုန်ကြေးကျများသော ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင် နိုင်ငံပေါင်းများစွာက တက်ညီလက်ညီရှိနေကြသည့်အချက်ဖြစ်ကြောင်း ဆိုသည်။

(ရိုက်တာ/ဆင်ဟွာ)

ဘာသာပြန်-ကျော်သဲအိမ်

တာချီလိတ်၌ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိ

တာချီလိတ် ဧပြီ ၁၁

တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်၌ ဧပြီ ၁၀ ရက် နံနက် ၇ နာရီက စိတ်ကြွရူးသွပ်ဆေးပြား ကာလတန်ဖိုး ငွေကျပ် ၂၇၀၀၀၀ ဖိုးခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်စိုးခမ်းစိုင်း ဦးစီးပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် အားခေရှာလမ်း အမှတ်(၁၄-ဂ/၉၉)ရှိ မထားထားနွယ်၏ နေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ မထားထားနွယ်နှင့်အတူ ဇာနည်ဘိုဘိုတို့အား နေအိမ်အိပ်ခန်းအတွင်း အသင့်တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ အိပ်ရာခေါင်းရင်းဘက်ရှိ အခန်းကာရံထားသည့် သွပ်ပြားကြားမှ အဖြူရောင်ကော်ဘူးငယ်ဖြင့်ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈ ပြား အလေးချိန် ၁၀ ဒသမ ၈ ဂရမ် ကာလတန်ဖိုးငွေကျပ် ၂၇၀၀၀၀ ကို တွေ့ရှိရသဖြင့် သက်သေများရှေ့ ရှာဖွေပုံစံဖြင့် ဖမ်းဆီးခဲ့သည်။

အမှုမှာ မထားထားနွယ်(၂၅ နှစ်) အိမ်အမှတ်(၁၄-ဂ/၉၉) အားခေရှာလမ်း ပုန်းထွန်ရပ်ကွက် တာချီလိတ်မြို့နေသူနှင့် ဇာနည်ဘိုဘို(၂၈နှစ်) ၄ လမ်း ပုန်းထွန်ရပ်ကွက် တာချီလိတ်မြို့နေသူနှစ်ဦးအား တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

မန္တလေးသင်္ကြန်ကာလတွင် ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲအင်အားများ တိုးမြှင့်ထား

မန္တလေး ဧပြီ ၁၁

မန္တလေးမြို့ သင်္ကြန်ပွဲတော်ကာလတွင် ရဲတပ်ဖွဲ့လုံခြုံရေးအင်အား ၁၅၀၀ ကျော်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အား ၂၆၇ ဦး၊ မီးသတ်တပ်ဖွဲ့များ၊ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ စည်ပင်ရဲတပ်ဖွဲ့များနှင့် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ကာလအတွင်း အစည်ကားဆုံးနေရာဖြစ်သည့် ကျုံးဘေးပတ်လည်နေရာများတွင် လှည့်ကင်းအင်အား ၆၀၊ မဏ္ဍပ်တိုင်းတွင် မိုင်းရှင်းလင်းရေးရဲအင်အား ငါးဦးနှင့် မဏ္ဍပ်လုံခြုံရေးအတွက် ရဲအင်အားခုနစ်ဦး တာဝန်ချထားပြီး ခိုးဆိုးနှိုက်ဖမ်းဆီးရေးအတွက် ရဲအင်အား ၂၅ ဦး၊ မြို့တွင်း လှည့်ကင်းအတွက် ရဲအင်အား ၆၀၊ ကန်တော်ကြီးမဏ္ဍပ်များအတွက် ရဲဝန်ထမ်းခုနစ်ဦး၊ လူစည်ကားရာနေရာများဖြစ်သော ဘုရားများ၊ ဥယျာဉ်များ၊ တောင်သမန်အင်း၊ ဆည်တော်လေးစသည့် နေရာများတွင် ရဲတပ်ဖွဲ့ အင်အား ၅၁ ဦးနှင့် ဆေးရုံကြီးတွင်လည်း ရဲတပ်ဖွဲ့ဝင်များ တာဝန်ချထားကြောင်း တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးခင်အောင်က ပြောကြားသည်။

ထို့ပြင် ယာဉ်အန္တရာယ်ကင်းရှင်းစွာရေကစားနိုင်ရန်အတွက် ယာဉ်ထိန်းရဲများအား တာဝန်ချထားရာ၌ ကျုံးပတ်လည်တွင် ၁၀၇ ဦး၊ ဗဟိုမဏ္ဍပ်တွင် ၁၃ ဦး၊ မြို့တွင်းမီးပွိုင့်များတွင် ၁၄ ဦး၊ ကန်တော်ကြီးတွင် ၁၁ ဦး၊ အခြားမြို့တွင်းစည်ကားရာနေရာများတွင် အသီးသီးတာဝန်ချထားကြောင်းနှင့် သင်္ကြန်တွင်း ကျုံးပတ်လည်တွင် နာရီလက်တံပြောင်းပြန်ပုံစံသုံး၍ တစ်လမ်းမောင်းစနစ်ဖြင့် လည်းကောင်း၊ ကန်တော်ကြီးတစ်လျှောက် လမ်းများကိုလည်း တစ်လမ်းမောင်းစနစ်ကျင့်သုံး၍လည်းကောင်း ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ထားကြောင်း ရဲမှူးသိန်းကိုကိုက ပြောသည်။

သင်္ကြန်ကာလတွင် ဆိုင်ကယ်များ အိတ်ဇောဖြုတ်မောင်းနှင်သည်ကို တွေ့ရှိရပါက သိမ်းဆည်းထားပြီး သင်္ကြန်ပြီးမှသာလျှင် အရေးယူမှုပြုလုပ်၍ ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

သင်္ကြန်ကာလအတွင်း ရေပြင်အသက်ကယ်အဖွဲ့ ထားရှိမည်

မဟာသင်္ကြန်ကာလအတွင်း ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့)မှ ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)အထိ ရန်ကုန်မြို့ရှိ အင်းလျားကန်၊ ကန်တော်ကြီးနှင့် သာခုကန်များတွင် အသက်ကယ်အဖွဲ့ လုပ်ငန်းတာဝန်များကို မြန်မာနိုင်ငံသန္ဓေမီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ကြမည်ဖြစ်သည်။

အင်းလျားကန်တွင် IBC အဆောက်အအုံအနီးတွင်လည်းကောင်း၊ ကန်တော်ကြီးတွင် ဗိုလ်ချုပ်ကြေးရုပ်အနီးတွင်လည်းကောင်း၊ သာခုကန်တွင်လည်းကောင်း၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ အင်းစိန်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်များမှ ဒုတိယမီးသတ်ဦးစီးမှူးအဆင့်ရှိ သန္ဓေမီးသတ်တပ်ဖွဲ့က ဦးဆောင်၍ တပ်ဖွဲ့ဝင်အင်အား ခုနစ်ဦးဖြင့် အဆိုပါကန်များတွင် ဖိုင်ဘာလှေ၊ အသက်ကယ်ဗောများဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဖြစ်သည်။

မဟာသင်္ကြန်ရက်များအတွင်း အပူဒဏ်ကိုကာကွယ်ရန်အတွက် ရေကန်များအတွင်းသို့ ဆော့ကစားသူများတွင် အရက်သေစာသောက်စားသူများအဖို့ ရေနစ်သည့်အန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အရာရှိတစ်ဦး၏ပြောကြားချက်အရ သိရသည်။

အောင်သူရ

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) [illegible]

(ခ) [illegible]

(ဂ) [illegible]

(ဃ) [illegible]

(င) [illegible]

(စ) [illegible]

(ဆ) [illegible]

(ဇ) [illegible]

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ မြို့တွင်းကြီးရပ်ကွက်နေ မောင်မျိုးညွန့် ၇/ပခန(နိုင်)၂၂၃၅၁၉၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားကြောင်း ကြေညာအပ်ပါသည်။

မောင်မျိုးညွန့်

ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ရေကျော်မြောက်နေ မောင်သက်ထိုက်ဝင်း ၇/သနပ(နိုင်)၀၈၇၇၃၆၏ နိုင်ငံကူး လက်မှတ်မှာ ပျောက်ဆုံးသွားကြောင်း ကြေညာအပ်ပါသည်။ မောင်သက်ထိုက်ဝင်း

လူပျောက်

ဦးအောင်ဝင်း၏သား မောင်ငြိမ်းထက်အောင် ၁၂/ကမတ(နိုင်)၀၅၆၅၂၅သည် ၁-၄-၂၀၁၄ရက်တွင် အိမ်မှထွက်သွားပါသဖြင့် ရောက်တဲ့အရပ်မှ အမြန်ပြန်လာပါ။ ပါပါကြီး အမြန်ပြန်လာပါ။

ဖေဖေ
မေသင်းခိုင်
သမီးကြီး မုသုန်
သမီးငယ် ထက်နှင်းအိမ်
ဖုန်း-၀၉-၇၃၆၃၁၅၂၃၊ ၀၉-၅၅၀၇၀၃၆

စာအုပ်စာပေ လူ့မိတ်ဆွေ

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)

ချောင်းသာ / ငွေဆောင်(နေ့စဉ်)

Ph: 209077, 209388, 09-73167000, 09-73168000

GOLDEN STAR ခရီးသွားလုပ်ငန်း

SCANIA အဝေးပြေးကားများဖြင့်

- ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
- ငွေဆောင်(နေ့စဉ်) ကားစီးလုံးငှားသည်။

Ph:209200 430480 544383 703448

Travels

Hotel Package - April 17,18

70000

110000

55000

09-425355758, 09-255709379

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသူရဟိန်း CDC-62573 ၏ Tanker Familarization Certificate မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၄၈၃၁၀၈

ဦးသိန်းဆုလှိုင်(ခ)ဦးသံချောင်း ၁၂/သကတ(နိုင်)၁၃၉၉၉၉ နှင့် အများသိစေရန်

ကျွန်မ ဒေါ်ဝေဝေနိုင် ၇/ဒဥန(နိုင်)၀၂၄၁၄၄ နှင့် ဦးသိန်းဆုလှိုင်(ခ) ဦးသံချောင်း ၁၂/သကတ(နိုင်)၁၃၉၉၉၉ တို့သည် ၆-၄-၂၀၁၄ရက်တွင် တရားလွှတ်တော်ရှေ့နေ ဦးအောင်သိန်း (စဥ်-၅၀၃၄)ရှေ့တွင် တရားဝင်ကွာရှင်းပြီးဖြစ်ပါသည်။ သို့ပါ၍ ဒေါ်ဝေဝေနိုင်၏ ပတ်ဝန်းကျင်တွင် ဂုဏ်သိက္ခာကျအောင်ပြုမူပြောဆိုခြင်းများ မပြုလုပ်ရန် သိစေအပ်ပါသည်။ ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်ဝေဝေနိုင် ၇/ဒဥန(နိုင်)၀၂၄၁၄၄

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

ဘိုင်ယန်နဲ့ ဒေါ့မွန်ဆုံတွေ့မယ့် ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၀)

ဘွန်ဒက်စ်လီဂါပွဲစဉ်(၃၀)ကို မေ ၁၂ ရက် ညပိုင်းမှာ ဆက်လက်ကစားမှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ ဘိုင်ယန်မြူးနစ်နဲ့ဒေါ့မွန်တို့ ထိပ်တိုက်ဆုံတွေ့နေပြီး ပွဲကောင်းအဖြစ်မြင်တွေ့ရပါဦးမယ်။ ဒီနှစ်ဘွန်ဒက်စ်လီဂါဖလားအတွက် ဘိုင်ယန်မြူးနစ်သိမ်းပိုက်ခဲ့ပေမယ့် မှတ်တမ်းကောင်းရေးထိုးနိုင်ဖို့ ဒေါ့မွန်ရဲ့ ကြိုးစားမှုကို အားပေးရဦးမှာဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

ဘိုင်ယန်မြူးနစ်နှင့် ဒေါ့မွန်

ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာ ဒေါ့မွန်တို့တစ်ပွဲသာ အနိုင်ရရှိထားပါတယ်။ ဂုဏ်သိက္ခာအတွက် ယှဉ်ပြိုင်မယ့် ဒီပွဲမှာ ဘိုင်ယန်မြူးနစ်တို့ ပေါ့ဆဆကစားမှာတော့မဟုတ်ပေမယ့် အဓိကပွဲထွက်ကစားသမားတွေ အနားပေးထားဖို့ ရှိနေပါတယ်။ ဘိုင်ယန်မြူးနစ်ကွင်းမှာ ဒေါ့မွန်တို့ခက်ခဲပေမယ့် ရှုံးပွဲမရှိ စံချိန်ကျိုးပျက်သွားတဲ့ ဘိုင်ယန်ကို ဒေါ့မွန်တို့ကလည်း ထပ်မံချိုးဖျက်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဟော့ဖန်ဟိန်းနှင့် အော့စ်ဘတ်

ခြေစွာနေတဲ့ အော့စ်ဘတ်ဟာ ဟော့ဖန်ဟိန်းကို အကျပ်အတည်းတွေ့အောင် ကစားပါလိမ့်မယ်။ ဟော့ဖန်ဟိန်းဟာ အော့စ်ဘတ်နဲ့ဆုံတိုင်း ရလဒ်မကောင်းတတ်တာမှန်ပေမယ့် အခုနောက်ပိုင်းစုဖွဲ့မှုကောင်းနေတာမို့ အိမ်ရှင်တို့ဒီပွဲမှာ အသာစီးမရနိုင်ပါဘူး။

ဂလာဘတ်နှင့် စတုဂတ်

ဒီနှစ်သင်းက တစ်လှည့်စီ အနိုင်ယူနေတဲ့အတွက် အခုပွဲမှာတော့ ဘယ်အသင်းအတွက် ရလဒ်ကောင်းဖြစ်မလဲဆိုတာစောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဂလာဘတ်တို့က စတုဂတ်ကို ဘယ်လိုကစားရမယ်ဆိုတာ သိထားတာမို့ တန်းဆင်းဇုန်ထဲက စတုဂတ်တို့အတွက် ရှန်းကန်အားများတဲ့ ပွဲဖြစ်ပါတယ်။

ဟန်နိုဗာနှင့် ဟမ်းဘတ်

ဟမ်းဘတ်ဟာ ရလဒ်ကောင်းအောင် အားထုတ်တဲ့အသင်းဖြစ်ပြီး ဟန်နိုဗာအတွက် ခြေကုန်ထုတ်ရမယ့်ပွဲဖြစ်ပါတယ်။ ဟန်နိုဗာဟာ ပထမအကျော့မှာ ဂိုးပြတ်ရှုံးထားတာကို အခုပွဲအိမ်ကွင်းမှာ လက်စားချေနိုင်ဖို့ အားထုတ်မယ့်ပွဲဖြစ်ပါတယ်။

လေဗာကူဆင်နှင့် ဟာသာဘာလင်

ခြေစွမ်းပိုင်းတူညီနေတဲ့အသင်းမို့ ကြည့်ကောင်းမယ့်ပွဲပါ။ နှစ်သင်းစလုံးဟာ အပြိုင်အဆိုင်ကြိုးစားမယ့်ပွဲဖြစ်တာမို့ အိမ်ကွင်းဆိုပေမယ့် လေဗာကူဆင်တို့ မလွယ်ကူပါဘူး။ ဒါပေမယ့် ဟာသာဘာလင်ရဲ့ ကစားသမားတွေဟာ စိတ်ဓာတ်ပိုင်းယိမ်းယိုင်နေတာမို့ အိမ်ရှင်တို့အားသာချက်ရှိနိုင်တဲ့ပွဲပါ။

မိန့်ဇ်နှင့် ဝါဒါဘရီမင်

ခြေစွမ်းပုံမှန်ရနေတဲ့ မိန့်ဇ်ဟာ တိုက်စစ်မှူးတွေ ခြေစွမ်းပြနိုင်ရင်တော့ အခြေအနေကောင်းနဲ့ကြုံတွေ့ရနိုင်ပါတယ်။

ဝါဒါဘရီမင်ဟာ စိတ်ဓာတ်ကောင်းတဲ့ အသင်းဖြစ်ပေမယ့် မိန့်ဇ်ရဲ့ စွမ်းဆောင်မှုတွေကို အသိအမှတ်ပြုရမယ့်ပွဲဖြစ်ပါတယ်။ ။

နိုင်ငံတကာလိဂ် ဘောလုံးပွဲစဉ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၃၄)				**၁၂-၄-၂၀၁၄**
ဆောက်သမ်တန်	-	ကာဒစ်ဖ်	ည	၈း၃၀
ခရစ္စတယ်ပဲလေ့စ်	-	အက်စတွန်ဗီလာ	ည	၈း၃၀
စတုတ်စီးတီး	-	နယူးကာဆယ်	ည	၈း၃၀
ဖူလ်ဟမ်	-	နော့ဝှစ်ချ်	ည	၈း၃၀
ဝက်စ်ဘရွန်း	-	စပါး	ည	၈း၃၀
ဆန်းဒါးလန်း	-	အဲဗာတန်	ည	၈း၃၀
စပိန်လာလီဂါ ပွဲစဉ်(၃၃)				**၁၂/၁၃-၄-၂၀၁၄**
ဆဲလ်တာဗီဂို	-	ဆိုစီဒက်	ည	၈း၃၀
ဗီလာရီးရဲလ်	-	လီဗန်တေး	ည	၁၀း၃၀
ဂရန်နာဒါ	-	ဘာစီလိုနာ	နံနက်	၀၀း၃၀
ရီးရဲမက်ဒရစ်	-	အယ်မာရီးယား	နံနက်	၂း၃၀
ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၃၀)				**၁၂-၄-၂၀၁၄**
ဂလာဘတ်	-	စတုဂတ်	ည	၈း၀၀
ဟန်နိုဗာ	-	ဟမ်းဘတ်	ည	၈း၀၀
မိန့်ဇ်	-	ဝါဒါဘရီမင်	ည	၈း၀၀
ဝုဖ်ဘတ်	-	နုရင်ဘတ်	ည	၈း၀၀
ဖရိုင်းဘတ်	-	ဘရန်နှ့ဝှစ်ချ်	ည	၈း၀၀
ဘိုင်ယန်မြူးနစ်	-	ဒေါ့မွန်	ည	၁၁း၀၀
အီတလီစီးရီးအေ ပွဲစဉ်(၃၃)				**၁၂/၁၃-၄-၂၀၁၄**
ဆက်ဆူအိုလို	-	ကာဂလီရာရီ	ည	၁၀း၃၀
ရိုးမား	-	အတ္တလန်တာ	နံနက်	၁း၁၅

ဗလင်စီယာက ဘေဆယ်ကို သုံးဂိုးရှုံးကြွေးဆပ်ပြီး ဆီမီးတက်

ယူရိုပါလိဂ်ကွာတားဖိုင်နယ်ပွဲများအဖြစ် မေ ၁၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားကြရာ ဗလင်စီယာကဘေဆယ်အသင်းကို ပထမအကျော့ သုံးဂိုးရှုံးကြွေးပြန်ဆပ်ပြီး နှစ်ကျော့ပေါင်းငါးဂိုး-သုံးဂိုးဖြင့် နိုင်ကာ ဆီမီးတက်သွားပြီဖြစ်သည်။ ဘေဆယ်အသင်းမှ ကစားသမားနှစ်ဦး ထုတ်ပယ်ခံရ၍ ကိုးဦးတည်းဖြင့် ကစားခဲ့သည်။ ဗလင်စီယာတို့ ပထမအကျော့သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အယ်လ်ကာဆာကဟက်ထရစ်ဂိုးသွင်းယူပြီး ရှုံးကြွေးပြန်ဆပ်လိုက်ခြင်းဖြစ်သည်။ အီဒူယာဒိုဗားဂတ်နှင့် ဂျူအန်ဘားနက်တို့ကလည်း တစ်ဂိုးစီသွင်းယူပေးခဲ့၍ ဒုတိယအကျော့တွင် ဗလင်စီယာက ငါးဂိုးပြတ်ဖြင့်နိုင်ခဲ့သည်။ အခြားပွဲအဖြစ်ဂျူဗင်တပ်စ်က လိုင်ယွန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ဂျူဗင်တပ်စ်က နှစ်ကျော့ပေါင်း သုံးဂိုး-တစ်ဂိုးဖြင့် ဆီမီးတက်လာခြင်းဖြစ်သည်။ ဘင်ဖီကာနှင့် ဆီဗီလာတို့လည်း ဆီမီးတက်နိုင်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

ပတ်ကွီယိုနှင့်ဘရက်ဒလေ ယနေ့ထိုးသတ်မည်

ဖိလစ်ပိုင်နာမည်ကြီး လက်ဝှေ့သမား ပတ်ကွီယိုနှင့်ဘရက်ဒလေတို့သည် မေ ၁၂ ရက်တွင်လက်ဗီးဂတ်စ်မြို့၌စိတ်မကျေပွဲပြန်လည်ထိုးသတ်ကြမည် ဖြစ်သည်။ ပတ်ကွီယိုသည်၂၀၁၂ခုနှစ်က အမေရိကန်လက်ဝှေ့သမားဘရက်ဒလေကို အငြင်းပွားဖွယ်အမှတ်ဖြင့်ရှုံးနိမ်ခဲ့သည်။ ပတ်ကွီယိုသည် ယင်းပွဲရှုံးနိမ့်ခဲ့ရသည့်အတွက် လက်ဝှေ့လောကမှ အနားယူရတော့မည့် အနေအထားသို့ ရောက်ခဲ့သည်။ အသက် ၃၅နှစ်ရှိ ပတ်ကွီယိုသည် ဝိတ်တန်းခုနစ်ခုတွင် ကမ္ဘာ့ချန်ပီယံခါးပတ်များရယူထားသူဖြစ်သည်။ သို့သော်လည်း နောက်ဆုံးသုံးပွဲတွင် နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ ပတ်ကွီယိုသည် ၁၉၉၅ ခုနှစ်တွင် ကမ္ဘာ့ကြေးစားလက်ဝှေ့သမားဖြစ်လာခဲ့ပြီး ၆၂ ပွဲတွင် ၅၅ ပွဲနိုင် ငါးပွဲရှုံးနိမ့်ခဲ့ဖူးသည်။ ပတ်ကွီယိုက အမေရိကန်လက် ဝှေ့သမားဘရက်ဒလေကို အမှတ်ဖြင့်အငြင်းပွားဖွယ် ရှုံးနိမ့်ခဲ့ခြင်းအတွက် မေ ၁၂ရက်တွင် စိတ်မကျေပွဲပြန်လည်ထိုးသတ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဌာနဆိုင်ရာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းပြီးစီးမှုအခြေအနေများအား ထုတ်ပြန်ကြေညာ

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ ဝဲကြီးကျေးရွာ၊ ဥယျာဉ်ကျေးရွာရှိ ကမ်းတာရိုးပြိုကျမှုများအသေးစားပြင်ဆင်မှုများဆောင်ရွက်သော်လည်း ရွာနေရာများပါပြိုကျပျက်စီးသည့် အခြေအနေများဆက်လက်ဖြစ်ပေါ်နေသည်ကို မည်သို့ကာကွယ်မှုများဖြင့် ပြင်ဆင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ကျောက်တန်းမြို့နယ် အရှေ့ပိုင်းရပ်ကွက် ပါဒဝချောင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ရန်စီစဉ်လျက်ရှိပါသည်။ ဥယျာဉ်ကျေးရွာ၊ ဝဲကြီးကျေးရွာနှင့် ကဒပ္ပနကျေးရွာကမ်းပြိုကာကွယ်ရေးအတွက် ကွင်းဆင်းတိုင်းတာမှုများဆောင်ရွက်ခဲ့ပြီး မြေပုံထုတ်လုပ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ **ပုသိမ်ကြီးမြို့နယ် ကျွန်းဆင်ကျေးရွာနှင့်ဂျိုင့်ကြီးကျေးရွာတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုများမဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍** ကျွန်းဆင်ရေမြွာပေါက်ပိတ်ဆို့ရေး ရေလှဲရေကာလုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလကုန်အထိ လုပ်ငန်း ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါသည်။

၃။ **မြင်းခြံမြို့နယ် ဒေါင့်သစ်ကျေးရွာအုပ်စု ဒါးကျွန်းကျေးရွာအပါအဝင် လင့်ကြီးမြောက်ရွာတို့မှာ ၂၀၀၉-၂၀၁၀ မှစ၍ နှစ်စဉ် မြစ်ရေကြီးတိုင်း ရေတိုက်စားခံရပါသဖြင့် ယာမြေဧကပေါင်းများစွာနှင့် ရွာရှိအိမ်ထောင်စုပေါင်း ၁၀၀ ကျော်မှာ အခြေခံပညာ အလယ်တန်းကျောင်းနှင့် ကျေးရွာအတွင်းရှိ အိမ်ဝိုင်းများပါ လာမည့်နှစ်တွင်ထပ်မံဆုံးရှုံးမည့်အခြေအနေ ရှိနေပါသဖြင့် မြစ် ချောင်းထိန်းသိမ်းရေးလုပ်ငန်း ကာကွယ်ထိန်းသိမ်းပြုပြင် ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍** လင့်ကြီးမြောက်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလအထိ လုပ်ငန်း ၄၅ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ပါသည်။

၄။ **ဖျာပုံမြို့ ကမ်းနားလမ်း ကမ်းပြိုကာကွယ်ရေးအတွက် ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍** ဖျာပုံမြို့ ကမ်းနားလမ်းကမ်းပြိုကာကွယ်ရေးအတွက် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၉ ရက်မှစတင်၍ ဖျာပုံမြို့တစ်ဘက်ကမ်း သောင်တူးလုပ်ငန်းအား မြေကော်သောင်တူးရေယာဉ်တစ်စင်း၊ မြေသယ် ရေယာဉ်နှစ်စင်းဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ သောင်တူးလုပ်ငန်း ၅၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပါသည်။ ဖျာပုံမြို့ကမ်းနားလမ်းတွင် မြေထိန်း နံရံတည်ဆောက်ရေးလုပ်ငန်းအား ဖေဖော်ဝါရီလပထမပတ်မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။

၅။ **ဓနုဖြူမြို့နယ် စံကင်း/ ကျောက်တိုင်ကျေးရွာ ကမ်းပြိုမှုနှင့်ပတ်သက်၍ သောင်တူးပေးနိုင်ပါရန်ကိစ္စနှင့်ပတ်သက်၍** ဓနုဖြူမြို့နယ် စံကင်း/ကျောက်တိုင်ကျေးရွာကမ်းပြိုမှုအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး၏ ဖြည့်စွက်ရန်ပုံငွေဖြင့် ကမ်းထိန်းလုပ်ငန်းများကို ၂၂-၁-၂၀၁၄ နေ့မှ စတင်ဆောင်ရွက်ခဲ့ရာလုပ်ငန်း ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါသည်။

၆။ **မြန်အောင်မြို့ အမှတ်(၁) ရပ်ကွက် မကျီးစုရပ် မြစ်ကမ်းပါးပြိုကျခြင်းနှင့် ကနောင်မြို့ (၁၊၂၊ ၃၊ ၄) ရပ်ကွက်လေးခုမှာ ကမ်းပါးနှင့်နီးကပ်စွာတည်ရှိနေပြီး ရှေးဟောင်းဘုရားစေတီများအခြေသို့တိုင် ရေတိုက်စားခံရလျက်ရှိပါသည်။ အဆိုပါရေတိုက်စားမှု ကာကွယ်ရန်ဒေသခံများအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း နိုင်နင်းစွာဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် အစိုးရအစီအစဉ်ဖြင့် ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးနိုင်ပါရန်ကိစ္စနှင့်ပတ်သက်၍** မြန်အောင်မြို့၊ အမှတ်(၁)ရပ်ကွက်နှင့်ကနောင်မြို့ အမှတ်(၁)၊ (၂)၊ (၃)၊ (၄)ရပ်ကွက်များတွင် ကမ်းပြိုမှုကာကွယ်နိုင်ရန် ကွင်းဆင်းတိုင်းတာမှုများအား ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

၇။ **ညောင်လေးပင်မြို့နယ်အတွင်းရှိ ချုံအင်းကျေးရွာ မဒေါက်မြို့မ (၁)ရပ်ကွက်နှင့်သောင်ကြီးကျေးရွာအောက်ပိုင်းတွင် စစ်တောင်းမြစ်၏ မြစ်ကွေးများကို ပြန်လည်ဖြောင့်ပေးရန်လိုအပ်နေကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပြန်လည်ဖြောင့်ဖြူးပေးရေးကိစ္စနှင့်ပတ်သက်၍** ညောင်လေးပင်မြို့နယ် မဒေါက်မြို့မ(၁)ရပ်ကွက်နှင့်သောင်ကြီးကျေးရွာအောက်ဘက်တွင် စစ်တောင်းမြစ်ကွေးပြန်လည်ဖြောင့်ပေးရေးအတွက် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများအား ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

၈။ **ချင်းတွင်းမြစ် ရေကြောင်းကျပ်တည်းသည့်နေရာများအား ပြုပြင်ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍** ချင်းတွင်းမြစ်အတွင်း ရေကြောင်းကျပ်တည်းသောနေရာများဖြစ်သည့် မုံရွာဆိပ်ကမ်းရေလမ်း၊ ချင်းတွင်းတံတားချဉ်းကပ်အလုံရေလမ်း၊ မင်းကင်းဆိပ်ကမ်းရေလမ်းများတွင် ရေလွှဲရေကာများ၊ သောင်တူးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါသည်။

၉။ **မန္တလေး-ကသာ-ဗန်းမော်ကြား ဧရာဝတီမြစ် ရေလမ်းကြောင်းကျပ်တည်းမှုအား ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍** မန္တလေးမှကသာအကြား ဧရာဝတီမြစ်အတွင်း ရေကြောင်း ရေလမ်းညွှန်အမှတ်အသားများ ပြသခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း (ပခ-၁၅)နှင့် (ပ-၉) ရေယာဉ်များဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။

၁၀။ **မြဝတီမြို့တွင် ပြီးခဲ့သည့်နှစ်က သောင်းရင်းမြစ်ရေထူးကဲစွာ မြင့်တက်ခဲ့မှုကြောင့် ပျက်စီးခဲ့သော မြေထိန်းတမံအား ပြုပြင်ပေးမည့်အခြေအနေနှင့် မယ်ထော်သလေးကျေးရွာ ကမ်းပြိုမှုကာကွယ်ရေးဆောင်ရွက်ပေးမည့်အခြေအနေများအား သိရှိလိုခြင်းကိစ္စနှင့်ပတ်သက်၍** မြဝတီမြို့တွင် ထူးကဲဒီရေမြင့်တက်စဉ် ပျက်စီးခဲ့သော မြေထိန်းတမံများအား ပြုပြင်လျက်ရှိရာ လုပ်ငန်း (၃၀)ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်ပါသည်။ မယ်ထော်သလေးကျေးရွာ ကမ်းထိန်းလုပ်ငန်းအား စတင်ဆောင်ရွက်လျက်ရှိပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ကြို့ပင်ကောက်ရထားလမ်းကူး ချဲ့ပေးပါရန်ကိစ္စနှင့်ပတ်သက်၍** ၂၆-၁၁-၂၀၁၃ ရက်နေ့တွင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ဘူတာတိုက်တန်းများမှ ဆိုင်ခန်းများအား မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ပေးနိုင်ခြင်းကိစ္စနှင့်ပတ်သက်၍** ဘူတာဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်ရေးအတွက် (၁၅-၁၂-၂၀၁၃)နေ့တွင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **ရေးမြို့နယ်၌ ကွမ်းသီးများအထွက်နှုန်းကောင်း၍ ကွမ်းသီးရာသီတွင် ရထားများအနေဖြင့် ကွမ်းကိုသယ်ယူပို့ဆောင်လျှင် နိုင်ငံတော်အတွက် အကျိုးရှိမည်ဖြစ်ပါ၍ မြန်မာ့မီးရထားမှ နည်းလမ်းရှာဖွေဆောင်ရွက်သင့်ပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** လက်ရှိ တစ်တန် တစ်မိုင် ၄၅ ကျပ်နှုန်းထားဖြင့်သယ်ယူပို့ဆောင်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ **မော်လမြိုင်-ရေး ပြေးဆွဲနေသောလော်ကယ်ရထားသည် တစ်ရက်ခြားသာ ပြေးဆွဲနေသဖြင့် နေ့စဉ်ပြေးဆွဲပေးနိုင်ပါရန်ကိစ္စနှင့်ပတ်သက်၍** အမှတ် (၁၇၄/၁၇၃) အစုန်-အဆန်ရထားသည် ရေး-မော်လမြိုင်-ရေးနှင့်အမှတ် (၁၇၅/၁၈၆) အစုန်/အဆန်ရထားသည် ရန်ကုန်-ရေး-ထားဝယ်သို့ နေ့စဉ်ပြေးဆွဲလျက်ရှိပါသည်။ ဒေသခံများ လိုအပ်ချက်ရှိပါက တွဲ/စက်ခေါင်းရရှိမှုပေါ်မူတည်၍ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ကားခိုးယူလာသူကို စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဧပြီ ၁၁

ဒဂုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ရွှေတိဂုံဘုရားလမ်းရှိ အမျိုးသမီးစွမ်းဆောင်ရှင်အသင်းတိုက် မြေအောက်ကားပါကင်တွင် Toyota Belta အမျိုးအစား ခဲရောင်ယာဉ် တစ်စီးရပ်ထားခဲ့ပြီး လာရောက်ယူဆောင်ခြင်းမရှိကြောင်း သတင်းရရှိသဖြင့် ဧပြီ ၈ ရက် နံနက် ၁၀ နာရီက သွားရောက်စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ သွားရောက်စစ်ဆေးခဲ့ကြရာယာဉ်၏နံပါတ်ကို တိတ်အဖြူဖြင့်ကပ်၍ ပြုပြင်ထားသည်ကို တွေ့ရသဖြင့် စစ်ဆေးရာမှ အဆိုပါယာဉ်မှာ ဧပြီ ၇ ရက် မွန်းလွဲ ၁ နာရီခန့်က စမ်းချောင်းမြို့နယ် စမ်းချောင်းမြောက်ရပ်ကွက်နေ ဦးအောင်ကိုကိုက လမ်းမတော်မြို့နယ်ရှိ ဂျန်းရှင်းမော်တင်၌ ၎င်းပိုင် ၁စ/---Toyota Belta အမျိုးအစား ခဲရောင်ယာဉ်မှာပျောက်ဆုံးသွားခဲ့သဖြင့် အမှုဖွင့်တိုင်တန်း ထားရှိသော လမ်းမတော် မြို့မရဲစခန်းတွင် အမှုဖွင့်ထားသည့် ယာဉ်ဖြစ်ကြောင်း သိရသဖြင့် ယာဉ်နှင့်ပတ်သက်၍ စုံစမ်းခဲ့ရာ ခိုးယူသူမှာ ကျော်ကျော်(ခ) ဆက်လင်းထက်ဖြစ်ကြောင်း သိရသောကြောင့် ယာဉ်အနီးဝန်းကျင်၌ စောင့်ကြည့်စုံစမ်းနေစဉ် ၎င်းမှာ ဧပြီ ၈ ရက် မွန်းလွဲ ၁ နာရီခန့်က ယာဉ်အနီးသို့ ရောက်ရှိလာသဖြင့် ဖမ်းဆီးစစ်ဆေးခဲ့ခြင်း ဖြစ်သည်။

ထို့နောက် စစ်ဆေးရာ ၎င်းသည် ဂျန်းရှင်းမော်တင်သို့ သွားရောက်ခဲ့စဉ် ဒုတိယထပ် စက်လှေကားအနီးမှ ကားသော့တစ်ချောင်းကောက်ရခဲ့သဖြင့် ကားပါကင်တွင် ယာဉ်ကို လိုက်လံရှာဖွေကာ ခိုးယူမောင်းနှင်လာပြီး ဝှက်သိမ်းထားခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့သဖြင့် အမှုမှ ယာဉ်နှင့် ပြစ်မှုကျူးလွန်သူ ကျော်ကျော်(ခ) ဆက်လင်းထက် (၃၅ နှစ်)အား မြို့မရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် မြို့မရဲစခန်းက ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

နေ့စားလပေး မူလတန်းပြဆရာ ဆရာမ ရာထူးခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မွန်ပြည်နယ်တွင် ဆရာလိုအပ်သည့် ကျောင်းများ၌ နေ့စားလပေး မူလတန်းပြ ဆရာ/ဆရာမ ရာထူးများတွင် ခန့်ထားနိုင်ရန် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) Ph. D ဘွဲ့ရသူများ အသက်(၄၀)နှင့်အောက်
(ဂ) MA/M.Sc ဘွဲ့ရသူများ အသက်(၃၅)နှစ်နှင့်အောက်
(ဃ) B.A/B.Sc ဘွဲ့ရသူများ အသက်(၃၀)နှင့်အောက်

၂။ မူလတန်းပြ ဆရာ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် မွန်ပြည်နယ်အတွင်း ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။ ဆရာအတတ်သင် သင်တန်းဆင်းလက်မှတ်ရရှိပြီးပါက မူလတန်းပြဆရာ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ(သို့)ဘွဲ့ရကြောင်းထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်၊ (အသက်ကန့်သတ်ချက်ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁ရက်ဖြင့် တွက်ချက်သည်။)

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် ၁၁-၄-၂၀၁၄ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့၏ လျှောက်လွှာများကို ၂-၅-၂၀၁၄ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ မိမိတို့ဖြေဆိုလိုသော မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးတွင် ပြန်လည်ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

၅။ ၉-၅-၂၀၁၄ရက်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်းဖြေဆိုရမည်။

၆။ ၁၄-၅-၂၀၁၄ရက်တွင် ရေးဖြေအောင်စာရင်း ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ၁၇-၅-၂၀၁၄ရက် ၀၉း၀၀နာရီတွင် မိမိတို့ဖြေဆိုထားသော မြို့နယ်ပညာရေးမှူးရုံးများတွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို ပြည်နယ်/ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရန်နိုင်ထွန်း ၁၀/သထန(နိုင်)၁၇၁၀၈၉၏ နိုင်ငံကူးလက်မှတ်အမှတ် M-၀၃၉၄၂၇သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၂၈၁၃၉၆**

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် မုံရွာမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရန်ရှိသော အောက်ဖော်ပြပါလုပ်ငန်းတို့အား အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

Lot.1- လွှတ်တော်ဧည့်ရိပ်သာ၊ ကိုယ်စားလှယ်များတည်းခိုဆောင်နှစ်ထပ် ၆ လုံး
Lot.2- လွှတ်တော်ဧည့်ရိပ်သာ
(၁) စားသောက်ဆောင် တစ်ထပ် ၁ လုံး
(၂) ပင်းမင်းဆောင် တစ်ထပ် ၁ လုံး
(၃) ဧည့်ရိပ်သာဝန်ထမ်းဆောင် တစ်ထပ် ၂ လုံး
(၄) ဧည့်တွေ့ဆောင် တစ်ထပ် ၁ လုံး
(၅) Reception တစ်ထပ် ၁ လုံး
Lot.3- ဝန်ထမ်းအိမ်ရာ လေးခန်းတွဲသုံးထပ်၄လုံး
Lot.4- ဝန်ထမ်းအိမ်ရာ လေးခန်းတွဲသုံးထပ် ၁လုံး၊ ကားပါကင်၊ ဝင်းကာရံခြင်းနှင့် လမ်းခင်းခြင်း
Lot.5- ဝန်ထမ်းအိမ်ရာများ
(၁) လုံးချင်းတစ်ထပ် ၄လုံး
(၂) နှစ်ခန်းတွဲ တစ်ထပ် ၄လုံး

၂။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၃၀-၄-၂၀၁၄ ရက် ရုံးချိန်အတွင်း ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဆောက်လုပ်လိုသည့်အဆောက်အအုံနှင့် လမ်းများ၏ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၁၁-၄-၂၀၁၄ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ စုံစမ်းမေးမြန်းနိုင်ပါသည်-

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၂၇၆၅၊ ၂၄၁၆၉၊ ၂၄၃၀၆

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/အောင်ချမ်းသာ၊ မြေကွက်အမှတ် ၅၄၈၊ မြေကွက်တည်နေရာအမှတ် ၁၆၊ အောင်ရတနာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမြသန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြသန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်အေးကြည် ၁၂/ဗတထ(နိုင်)၀၀၃၃၁၈က ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အောက်ဖော်ပြပါအဆောက်အအုံများ ဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) အစိုးရအဖွဲ့ရုံး Chain Lin ကာရံခြင်း၊ ဂိတ်တံခါးနှစ်ခုပြုလုပ်ခြင်း၊
(ခ) ဧည့်ရိပ်သာ Chain Lin ကာရံခြင်း၊ ဂိတ်တံခါးနှစ်ခုပြုလုပ်ခြင်း၊
(ဂ) ယာဉ်ရပ်နားရန်နေရာ (ပေ ၁၀၀×၄၅ပေ) ငါးလုံးဆောက်လုပ်ခြင်း၊
(ဃ) အစိုးရအဖွဲ့ ရုံးကွန်ကရစ်ခင်းခြင်း (အကျယ် ၂၄ပေ×အရှည် ၁၆၂၅ပေ)

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာရယူ တင်သွင်းရန်** - ၉-၄-၂၀၁၄ ရက်မှ ၈-၅-၂၀၁၄ ရက်အထိ ၁၆း၀၀ နာရီအထိ
(ခ) **တင်ဒါဖွင့်ရက်** - ၁၅-၅-၂၀၁၄ ရက်

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၁-၂၂၇၇၃သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

အမည်ပြောင်းလဲခေါ်ဆိုပါရန်

ပျဉ်းမနား၊ ရွှေချီရပ်၊ ၆ လမ်းနေ ဦးအောင်ဌေး၏သားများဖြစ်သော မောင်ပြည့်ဖြိုးအောင်အား မောင်အောင်ပြည့်ဖြိုးဟုလည်းကောင်း၊ မောင်ချမ်းငြိမ်းအောင်အား မောင်ချမ်းငြိမ်းသူဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ဦးအောင်ဌေး**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၈၆၊ ဧရိယာ ၀ဒသမ ၀၅၄ဧကရှိ ဦးချိုအမည်ဖြင့်ပိုင်ဆိုင်သောဘိုးဘပိုင်မြေကွက်အား ဦးမျိုးလှိုင် ပါ-(၇) ၉/ပမန(နိုင်)၀၀၂၇၅၆ (ဘ) ဦးတင်မောင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သတင်းဆောင်းပါးနှင့် ကြော်ငြာ

တကယ်ကြုံမှ ယုံမိသည်

လှလေးစိန်(ရွှေလုံမြေ)

မြန်မာနိုင်ငံတွင် အဓိကထင်ရှားသော မြစ်ကြီးများဖြစ်သော သံလွင်၊ ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်းမြစ်ကြီးများအနက် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့က မြန်မာနိုင်ငံ၏ ရေလမ်းခရီးပို့ဆောင်ဆက်သွယ်ရေးတွင် အဓိက အရေးကြီးသည့်မြစ်ကြီးများဖြစ်ပေသည်။ ခုလို နွေဦးအစရာသီတွင် မြစ်ကြောင်းများကျဉ်းလာပြီး သောင်ပေါ်ထွန်းမှုများ၊ ရေလမ်းကြောင်း ပြောင်းလဲလာမှုများကြောင့် ခရီးသွားပြည်သူများ နိစ္စဓူဝ စိတ်ပူပန်ခြင်း၊ စိုးရိမ်သောကများဖြင့် စိတ်ဒုက္ခရောက်စွာ ခရီးသွားလာနေရသည်ကို မြင်တွေ့သိရှိခဲ့ရသည်။

ကျွန်မကိုယ်တိုင် ဒီရေလမ်းခရီးကို ကိုယ်တိုင်လိုက်ပါသွားသော ခရီးသွား ပြည်သူတွေရဲ့ဒုက္ခမျိုးစုံကို မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရသလို စာရေးသူကိုယ်တိုင်ပါဝင်ပြီး ရေယာဉ်ပေါ်မှဆင်းကာ သောင်လွတ်တဲ့နေရာအထိ ရွာကမ်းပါးပေါ်တက်ပြီး တစ်မိုင်ကျော်ကျော်လောက် ခရီးသည်တွေနဲ့အတူတူ လမ်းလျှောက်ခဲ့ရသည့်နေ့ကို ဘယ်တော့မှ မေ့လို့ရမှာမဟုတ်ပါ။ ကျွန်မဘဝရဲ့အမှတ်တရနေ့လေးဆိုရင်လည်း မမှားပါဘူး။ လူမှုဘဝဒုက္ခအစုံစုံကို မြင်တွေ့ရတော့မှ ဒီရေလမ်းခရီးအားကိုးပြီး သွားနေရတဲ့ပြည်သူများရဲ့ဘဝဒုက္ခကိုမြင်ခဲ့ရသည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ချင်းတွင်းမြစ်ကိုသာအားပြုပြီး သွားလာလှုပ်ရှားနေကြသည့် ခရီးသွားပြည်သူတွေ အမျိုးမျိုးရှိကြသည်။ တာဝန်ပေးအပ်၍သွားရသည့် နိုင်ငံ့ဝန်ထမ်းတွေ၊ ကုန်သည်တွေ၊ အရောင်းအဝယ်သမားတွေ၊ အထက်ဘက်မှအောက်ပိုင်းဆင်း အလုပ်လုပ်ကြသည့် အလုပ်သမားတွေ၊ သာရေးနာရေးကိစ္စနှင့်သွားနေကြသောပြည်သူများ စုန်ချည်ဆန်ချည် ချင်းတွင်းမြစ်ကြီးကို အားကိုးပြုပြီး သွားလာနေကြခြင်းဖြစ်သည်။ မုံရွာဆိပ်ကမ်းမှ နှစ်ထပ်အမြန်ရေယာဉ်ငယ်များဖြင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်မုံရွာ၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီးအထိ ပြေးဆွဲပေးလျက်ရှိသည့်ကြားမှာ ဆင်းမယ့်တက်မယ့်ရွာတွေ အများကြီးမှာ အတင်အချလုပ်ကြသေးသည်။ တချို့လှေတွေနှင့် လမ်းကနေစောင့်စီးကြသည်။ ကျွန်မအနေနှင့် တစ်ခါမှမမြင်ဖူးသောမြင်ကွင်းတွေကို တွေ့ရတော့ အံ့ဩမိသည်။

ကျွန်မတစ်ခါမှ အိပ်မက်တောင်

နွေဦးအစရာသီတွင် မြစ်များသောင်ထွန်း၍ ရေလမ်းကြောင်း ပြောင်းလာ . . .

မမက်ခဲ့သည့်မြန်မာပြည်မြေပုံတွင်းက ချင်းတွင်းမြစ်ရိုးတစ်လျှောက် ကျွန်မ၏မိတ်ဆွေတာဝန်ကျရာ အရပ် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း မော်လိုက်မြို့သို့အဖော်အဖြစ် ဒုတိယအကြိမ် လိုက်ပါခဲ့ခြင်းဖြစ်သည်။ မုံရွာမှ မော်လိုက်ကို သွားတုန်းကလည်း မုံရွာအထွက်မှာ သောင်တင်လို့ တစ်နာရီလောက်ကြာသည်။ အသွားမှာတင် သုံးခါလောက် သောင်တင်သည်။ ရှိသမျှ ယောကျ်ားတွေ အကုန်ဆင်းပြီး ရေထဲမှာ ဝိုင်းပြီးညာသံပေးအော်ကြပြီး တွန်းကြရသည်။ ရေက ခါးလယ်ပဲရှိသည်။ သူတို့ကိုကြည့်ပြီး ဆရာကြီးမင်းသုဝဏ်၏ ရေချမ်းစင် စာအုပ်ထဲက ယီလေးလေး ကဗျာကို သတိရလိုက်မိသည်။ မနက် ၄ နာရီ မုံရွာဆိပ်ကမ်းကစပြီး ထွက်ခဲ့သည့်ရေယာဉ်မှာ မော်လိုက်မြို့ကို နောက်တစ်နေ့ မနက် ၁၀ နာရီမှာ ရောက်ခဲ့သည်။ သင်္ဘောပေါ်မှာတစ်ယောက်နှင့်တစ်ယောက် မလူးသာ မလွန့်သာ တစ်နေ့လုံး တစ်ညလုံး တစ်မနက် ခရီးကိုသွားရတာ တကယ်ပဲစိတ်ပျက်ဖွယ်ကောင်းသော အမှတ်တရခရီးတစ်ခုဖြစ်ခဲ့ရသလို တော၊ တောင်၊ ရေမြေ၊ သဘာဝအလှတွေ ပြည်သူတွေ ကြုံတွေ့နေရသော လူနေမှုဘဝတွေကို သိရှိ သိမြင်ခံစားခဲ့ရသည့်အတွက် အဖိုးမဖြတ်နိုင်သော ဗဟုသုတများကို ရရှိစေခဲ့သည်။ အကြောင်းမသိ ခရီးသွားပြည်သူတွေမှာ ဤခရီးရက်ရှည်ကြီးမှာ ကြုံတွေ့ရသော အခက်အခဲတွေကြောင့် ဒုက္ခများစွာ ရောက်ခဲ့ရပါသည်။ သွားနေကျသူတွေက ရိက္ခာတွေကို အပြည့်ယူဆောင်လာကြသည်။ ခုလို နွေဦးရာသီရောက်ပြီဆိုရင် အထက်ပိုင်းအလုပ်လုပ်သူတွေ၊ အောက်ပိုင်း ပြန် အောက်ပိုင်း အလုပ်လုပ်သူတွေ၊ အထက်ပိုင်းပြန် ရုံးဝန်ထမ်းတွေ၊ သင်္ကြန်ရုံးပိတ်ရက်ပြန်ကြတော့ ခရီးသည်တွေ ရေယာဉ်တိုင်းမှာပြည့်ကျပ်နေသည့်ကာလဖြစ်သည့်အတွက် မြစ်ကြောင်းကလည်းကျဉ်းလာ၊ သောင်တွေက နေရာတိုင်းမှာထွန်း၊ ရေလမ်းကြောင်းတွေက ပြောင်းလဲလာတော့ ရေယာဉ်တွေသွားရတာ အခက်အခဲတွေ အများကြီးတွေ့ပြီး ခရီးသွားပြည်သူတွေ အတော့်ကို ဒုက္ခရောက်ကြရသည်။ အပြန်မှာ သောင်တင်လို့ရွာထဲလမ်းဆင်းလျှောက်ရင်း ဟုမ္မလင်းမှ လိုက်လာသောအဘွားကြည်က "အဘွားတစ်သက် ခုလိုသောင်တင်လို့ လမ်းဆင်းလျှောက်ရတာ ဒါပထမဆုံးပဲကွယ်" လို့ ပြောပြီး "ဒီလိုသာဖြစ်နေမယ်ဆိုရင် မလွယ်ဘူး။ သက်ဆိုင်ရာဌာနတွေ၊ ပညာရှင်တွေနဲ့ ညှိနှိုင်းဆွေးနွေးပြီး ချင်းတွင်းမြစ်အလှနဲ့ ခရီးသွားတွေရဲ့ဘဝအဆင်ပြေအောင် ရေလမ်းကြောင်းများကို အမြန်ဆုံးပြုပြင်စေလိုတယ်"ဟုလည်း ပြောသည်။ သောင်တင်လို့ လမ်းလျှောက်ရင်း ခွင့်နဲ့ပြန်လာသော ဆက်သွယ်ရေးက ဦးဝင်းကလည်း"ရေတစ်တန် ကုန်းတစ်တန်ဆိုတာ ဒါမျိုးကို ခေါ်တာပေါ့ကွ"လို့ ရယ်စရာဟာသပြောပြီး "ဖြစ်လာတော့လည်း သူတို့ကဆင်းလျှောက်ဆို ဆင်းလျှောက်ရတာပေါ့၊ မလျှောက်ရင် လိုရာခရီးကိုမရောက်ဘဲ အချိန်တွေကြန့်ကြာရုံပဲရှိမှာ"ဟု ပြောသည်။ ဂျာနယ် တစ်စောင်မှာဖတ်လိုက်ရသည်။ နိုင်ငံတကာအကူအညီနဲ့ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်က သောင်ထွန်းနေတာတွေ၊ မြစ်ကြောင်းလမ်း ပြောင်းလဲနေတာတွေကို နိုင်ငံခြားက နည်းပညာ အထောက်အပံ့နဲ့သောင်ဖော်၊ သောင်တူးခြင်းလုပ်ငန်းတွေကို သက်ဆိုင်ရာ ရေကြောင်းဦးစီးဌာနနဲ့အစိုးရက အမြန်ဆုံး ဒီနှစ်ထဲမှာ ပြုလုပ်ပေးမယ်လို့ဖတ်လိုက်ရသည်။ ဒါဆိုရင် ပြည်သူတွေရဲ့ အခက်အခဲတွေ ဒုက္ခတွေအမြန်ဆုံးပြေလည်အောင်၊ ခရီးသွား အဆင်ပြေကြရအောင် သက်ဆိုင်ရာက အမြန်ဆုံး ဆောင်ရွက်ပေးစေချင်သည်"ဟုလည်း မုံရွာမှ ဟုမ္မလင်းသို့ အလုပ်သွားလုပ်နေသော ခရီးသွားတစ်ဦးက ရင်ဖွင့်ခဲ့လေသည်။

ဘာပဲဖြစ်ဖြစ် ထွက်လာရသောခရီးလမ်းကြောင်းရှည်လျားပြီး ငြိမ့်ငြိမ့်စရာကောင်းပေမယ့် မြန်မာပြည်မြောက်ပိုင်း ချင်းတွင်းမြစ်၏သဘာဝအလှရှုခင်းများအလှကို ခံစားရသလိုပြည်သူတွေရဲ့ဘဝ ခံစားချက်များကို သိခွင့်ရ၊ ဖော်ပြခွင့်ရ၍ ကျွန်မအတွက် အမှတ်ရစရာ ခရီးလမ်းတစ်ခုဖြစ်ခဲ့ပေသည်။ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရနှင့် ဝန်ကြီးဌာနကလည်း ခရီးသွားပြည်သူတွေ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရန် ချင်းတွင်းမြစ်အတွင်း သောင်များထွန်းခြင်းနှင့်ရေကြောင်းလမ်းကျဉ်းမြောင်းလာခြင်းတို့ကို အမြန်ဆုံးဆောင်ရွက်ပေးစေလိုပါကြောင်း ခရီးသွားပြည်သူများကိုယ်စား ရေးသားတင်ပြအပ်ပါသည်။

မြန်မာ့ရိုးရာလက်ဝှေ့ တွေ့ဆုံညှိနှိုင်း

ရန်ကုန် ဧပြီ ၁၁

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့ ဝါရင့်ပညာရှင်များထံမှ သြဝါဒခံယူပွဲနှင့် ရိုးရာလက်ဝှေ့နည်းပြ ဆရာများ တွေ့ဆုံညှိနှိုင်းပွဲကို ဧပြီ ၉ ရက်မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နာယကများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များက ဝါရင့်ရိုးရာလက်ဝှေ့ပညာရှင်ကြီးများ၊ နည်းပြများအားလက်ဆောင်ပစ္စည်းနှင့်အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်သို့ အလှူငွေများလှူဒါန်းကြရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က လက်ခံပြီးဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ တွေ့ဆုံညှိနှိုင်းပွဲသို့ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ သထုံ၊ မုဒုံ၊ မွန်ပြည်နယ်တို့မှ သက်ကြီးရိုးရာလက်ဝှေ့ပညာရှင်များ၊ လက်ဝှေ့ကလပ်များမှ နည်းပြများ တက်ရောက်ကြကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

မန္တလေးကျုံးပတ်လမ်းနှင့် ကန်တော်ကြီး တစ်လမ်းမောင်းစနစ်သတ်မှတ်

မန္တလေး ဧပြီ ၁၁

၂၀၁၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီးကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်ထိ ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည့်အတွက် မဟာသင်္ကြန်ပွဲတော်ကျင်းပစဉ် မိဘပြည်သူများ ယာဉ်အန္တရာယ် ကင်းဝေးစေရေး၊ ယာဉ်သွားလာမှုအဆင်ပြေချောမွေ့စေရေး၊ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်စေရေးအတွက် မန္တလေးကျုံးပတ်လည်လမ်းများနှင့် မန္တလေးကန်တော်ကြီးအတွင်းပတ်လမ်းကို တစ်လမ်းမောင်းစနစ် သတ်မှတ်ထားသည်။

မန္တလေးကျုံးပတ်လည်လမ်းပိုင်းဖြစ်သည့်၂၆လမ်းကိုအနောက်မှ အရှေ့သို့လည်းကောင်း၊ ၆၆လမ်းကို တောင်မှမြောက်သို့လည်းကောင်း၊ ၁၂လမ်းကို အရှေ့မှ အနောက်သို့လည်းကောင်း၊ လမ်း၈၀ကိုမြောက်မှ တောင်သို့လည်းကောင်း တစ်လမ်း မောင်းသွားလာရန် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာယီသတ်မှတ်ထားသည်။

အလားတူ မန္တလေးကန်တော်ကြီး အတွင်းပတ်လမ်းကိုလည်း မန္တလေးမှ စစ်ကိုင်းဘက်သို့တစ်လမ်းမောင်းသွားလာရန် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာယီသတ်မှတ်ထားသည်။

တစ်လမ်းမောင်း ယာယီသတ်မှတ်ချက်များကိုလည်း မန္တလေးရတနာပုံနေ့စဉ်ထုတ် သတင်းစာများမှလည်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့်အတွက် မိဘပြည်သူများ သတ်မှတ်ချက်နှင့်အညီ မောင်းနှင်သွားလာကြရန် ၂၀၁၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေး အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

တင်မောင်(မန္တလေး)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)**

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းအမည်
(က)	သင်တန်းသူ ၂၀၀ ဆံ့ နှစ်ထပ်အိပ်ဆောင် ပေ(၂၀၀×၁၇၄×၂၄)အတွက် - သံပန်း၊ ဆေးသုတ်၊ ရေမြောင်းကူးတံတား နှစ်စင်း၊ ရေ/မီးလုပ်ငန်းများ - ဂဝံခင်းခြင်းလုပ်ငန်း၊ ကွန်ကရစ်ခင်းခြင်း - သွပ်ဆူးကြိုးကာရံခြင်း၊ သံပန်းတံခါးများတပ်ဆင်ခြင်းအပါအဝင်
(ခ)	စားရိပ်သာတည်ဆောက်ခြင်း RC တစ်ထပ်၊ ပေ(၈၀×၅၂×၁၂)နှင့် မီးဖိုဆောင် ပေ(၄၀×၂၀×၁၂) ရေ/မီးအပါအဝင် တစ်လုံး
(ဂ)	အခြားအဆင့် ငါးခန်းတွဲ(အုတ်ညှပ်)ဆောက်လုပ်ခြင်း ပေ(၁၀၀×၂၈×၁၀) ရေ/မီးအပါအဝင် ငါးလုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၄-၄-၂၀၁၄ရက်မှ ၁၄-၅-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး လျှောက်လွှာများကို ၁၅-၅-၂၀၁၄ရက် ၁၁း၀၀နာရီ နောက်ဆုံးထားလက်ခံ၍ ၁၃း၃၀နာရီတွင် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာခြင်းကို တစ်ရက်တည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းတစ်ခုချင်းစီအတွက် သတ်မှတ်တင်ဒါအာမခံ စပေါ်ငွေကို ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် ပေးသွင်းပြီး ငွေပေးသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၆၂၆၀၆၇၊ ၀၁-၆၂၆၀၆၈ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့
ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်း ထရန်စဖော်မာနှင့် လိုင်းအသစ်တည်ဆောက်ခြင်းလုပ်ငန်း(၅)ခု၊ ၁၁ကေဗွီဓာတ်အားလိုင်းကြိုးအသေးမှ အကြီးလဲလှယ်ခြင်းလုပ်ငန်း(၁)ခု၊ ၁၁ ကေဗွီလိုင်းနှင့် ၄၀၀ ဗို့လိုင်းရှိ သစ်သားတိုင်များနှင့် ကြိုးအသေးများအား ကွန်ကရစ်တိုင် သံလက်တန်းဖြင့် ကြိုးအကြီးများလဲလှယ်ခြင်းလုပ်ငန်း(၃)ခု၊ ၁၁ ကေဗွီလိုင်းမှ သစ်သားတိုင်များအား ကွန်ကရစ်တိုင် သံလက်တန်းဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း(၃)ခု၊ ၄၀၀ဗို့ဓာတ်အားလိုင်းမှ ဆွေးမြေ့သစ်သားတိုင်နှင့်စံချိန်မမီသောကြိုးများအား ကွန်ကရစ်တိုင် သံလက်တန်းများ၊ စံချိန်မီသောကြိုးများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း ၁၀ ခု၊ ၄၀၀ ဗို့ဓာတ်အားလိုင်းမှ စံချိန်မမီသောကြိုးများအား စံချိန်မီသောကြိုးများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း(၁)ခု၊ ၄၀၀ ဗို့ဓာတ်အားလိုင်းသံတိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း(၁)ခု၊ ၄၀၀ ဗို့ဓာတ်အားလိုင်းသစ်သားတိုင်များအား သံတိုင်၊ သံလက်တန်းဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း(၁)ခု၊ မြို့နယ်ရုံးအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း(၃)ရုံး(၁)ခု၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း(၂)ခု၊ အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်း(၁)ခု၊ ဇီးချောင်းစက်ရုံ ရေသွယ်မြောင်းနှင့် စက်မှုပိုင်းဆိုင်ရာပစ္စည်းများဝယ်ယူခြင်းလုပ်ငန်း(၂)ခု၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း(၁)ခု၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ နေအိမ်တည်ဆောက်ခြင်းလုပ်ငန်း(၁)ခု၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း(၄)ခု စုစုပေါင်းလုပ်ငန်း ၃၇ ခုတို့အား တည်ဆောက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၉-၄-၂၀၁၄ရက်မှစတင်ပြီး တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတွင်ရယူ၍ အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၉-၄-၂၀၁၄ ရက်မှ ၃၀-၄-၂၀၁၄ ရက်အထိ
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး(မုံရွာ)

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး ဖုန်း-၀၇၁-၂၂၈၁၇၊ ၂၄၃၉၇ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစစ်ဆေးရေးအဖွဲ့

ပျောက်ဆုံး

ကျွန်မ အိဖြိုးခိုင်၏ နိုင်ငံကူး MA-၂၅၁၃၇၁ စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

ဖုန်း-၀၉-၇၃၀၀၇၇၅၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၄၄၈၄ Toyota Mark XC GRX 121 Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်းထွန်း ၁၂/မဂတ(နိုင်)၀၈၈၁၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ်(၁၈၆၀၊ ၁၉၄၆၊ ၁၉၄၇၊ ၁၉၆၈) အမည်ပေါက် ဦးဗေဒါဆာမိ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူဦးအောင်ဇေယျမျိုး၁၃/လရန(နိုင်)၀၇၉၉၈၉ မှ မြေကွက်စလစ်(မူရင်း)၊ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ဖုန်းလိုင်းနှင့်အင်တာနက်လိုင်းများ ကောင်းမွန်မြန်ဆန်စေရန် ဖိုင်ဘာကေဘယ်ကြိုးများ စဉ့်ကိုင်မြို့နယ်အတွင်း တပ်ဆင်နေ

မြန်မာနိုင်ငံအတွင်း ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများကောင်းမွန် မြန်ဆန်လာစေရန်အတွက် မြေအောက်ဖိုက်ဘာကေဘယ်ကြိုးများသွယ်တန်းလျက်ရှိကြောင်း သိရသည်။ ဖိုက်ဘာကေဘယ်ဆက်သွယ်ရေးအဖွဲ့တစ်ဖွဲ့ မေ ၇ ရက်မှစ၍ ပင်ချားတံတား၏ မြောက်ဘက်ထိပ်တွင် ရွက်ဖျင်တဲများထိုး၍ စခန်းချနေကြကြောင်းသတင်းရရှိသဖြင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

"ကျွန်တော်တို့အဖွဲ့မှာ အဖွဲ့ဝင် ၂၅၀ကျော်ပါဝင်ပါတယ်။ ကျွန်တော်တို့အဖွဲ့က နိုင်ငံအနှံ့မြေအောက်ဖိုင်ဘာကေဘယ်ကြိုး ကွန်ရက်တည်ဆောက် ဆက်သွယ်နေတဲ့ အဖွဲ့များအနက်မှတစ်ဖွဲ့ဖြစ်ပါတယ်။ ဒီကို မရောက်ခင် ရွှေဘို-ကန့်ဘလူလမ်းပိုင်းမှာ မိုင် ၇၀ နဲ့ ဟိုပင်-မိုးညှင်းလမ်းပိုင်းမှာ ၂၆ မိုင် ကွန်ရက်ဆက်သွယ်ခဲ့ပြီးဖြစ်ပါတယ်။ အခုဒီစဉ့်ကိုင်မြို့နယ်အတွင်းမှာ ဒုဌဝတီမြစ်တောင်ဘက်ထိပ်ကနေပြီး ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင် အမှတ်၄၀၈/၀ (တောမကျေးရွာနှင့် ဘယ်လင်းကျေးရွာကြား) အထိ ကျွန်တော်တို့အဖွဲ့က တာဝန်ယူတည်ဆောက်ဆက်သွယ်သွားမှာ ဖြစ်ပါတယ်။ အဖွဲ့တစ်ဖွဲ့လျှင် ၁၄ မိုင်တစ်ဖြတ်နှုန်းစီတာဝန်ယူလုပ်ဆောင်ရပါတယ်။ မိုင်တိုင်အမှတ် ၄၀၈ မှ မိုင်တိုင် အမှတ် ၄၂၂/၀ အထိ လမ်းပိုင်းကိုကျောက်ဆည်မြို့အနီးမှာ စခန်းချထားတဲ့အဖွဲ့က တာဝန်ယူ တည်ဆောက်မှာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့က မြစ်ငယ်တံတားတောင်ဘက်ထိပ်မှစတင်ပြီး သတ်မှတ်လမ်းကြောင်းအတိုင်း သွယ်တန်းလုပ်ကိုင်လာမှာဖြစ်ပါတယ်။ ကျောက်ဆည်အဖွဲ့က ကျောက်ဆည်ဘက်မှ စတင်သွယ်တန်းလာပြီး မိုင်တိုင် ၄၀၈ မှာ ဆုံမှာ ဖြစ်ပါတယ်။ မေလကုန်မှာ အပြီးတည်ဆောက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံအနှံ့မှာ သူ့လမ်းပိုင်းအလိုက် တာဝန်ယူလုပ်ဆောင်နေတဲ့ ကျွန်တော်တို့လိုအဖွဲ့ပေါင်း ၇၀ ခန့်ရှိပါတယ်။ ကျွန်တော်တို့အဖွဲ့တွေမှာ မိသားစုလိုက် ကိုယ့်စားအိုးစားခွက်နဲ့ ကိုယ့်ရွက်ဖျင်တဲနဲ့ ကိုယ်နေထိုင်စားသောက်ကြပါတယ်။ အုပ်စုအလိုက်စုပေါင်းနေထိုင် စုပေါင်းလုပ်ကိုင်ကြရပါတယ်။ အခု လုပ်ငန်းကိုကုမ္ပဏီသုံးခုအတူတကွ ပူးပေါင်းလုပ်ဆောင်တာဖြစ်တယ်လို့ သိရပါတယ်။ ဆက်သွယ်မှုအားလုံး ပြီးဆုံးသွားရင် ဖုန်းလိုင်းနဲ့ အင်တာနက်လိုင်းတွေဟာ အခုလက်ရှိအနေအထားထက် အဆပေါင်းများစွာ ကောင်းမွန်မြန်ဆန်လာမှာဖြစ်ပါတယ်"ဟု အဖွဲ့ခေါင်းဆောင် ကိုအောင်စိုးက ရှင်းလင်းပြောပြသည်။

အောင်မင်း(စဥ့်ကိုင်)

တိုင်းရင်းသား ရင်သွေးရတနာများအား သာသနာ့ဘောင်သို့ ပို့ဆောင်သည့် မြတ်ဒါနအလှူတော်ပြုလုပ်

မူဆယ် မေ ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်) မြို့နယ်ခွဲ ထေရဝါဒသာသနာပြုကျောင်းတိုက်၌ မေ ၈ ရက် နံနက် ၉နာရီက ဗဟိုဆရာတော် ဘဒ္ဒန္တပညာဓဇအား အမှူးထားလျက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် မြတ်ဒါနအလှူတော်မင်္ဂလာပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ အဆိုပါ အလှူမင်္ဂလာပွဲကို အလှူ့ဒါယကာ ဒါယိကာမ ဦးမင်းအောင်-ဒေါ်မြင့်မြင့်ဆွေ၊ သမီးကြီး သမီးငယ်တို့ မိသားစုက သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ ကင်းလွတ်ရာ အမှန် မြတ်နိဗ္ဗာန်ကို ရည်သန်တောင်းဆု အာရုံပြုလျက် ပန်ဆိုင်(ကြူကုတ်) မုံးကိုးမြို့နယ်ခွဲအတွင်းရှိ နယ်စပ် တောင်တန်းတိုင်းရင်းသားလူမျိုး ပေါင်းစုံတို့၏ ရင်သွေးရတနာ ရဟန်း ၄၂ ပါး၊ ရှင်သာမဏေ အပါး၁၁၀ သီလရှင်၄၈ ပါးတို့အား သာသနာ့ဘောင်သို့ ပို့ဆောင်ချီးမြှင့်ခြင်း မင်္ဂလာဒါနဖြစ်ကြောင်း သိရသည်။

ရဟန်းလောင်း၊ ရှင်လောင်း၊ သီလရှင်လောင်းများ လှည့်လည်ပွဲကို မေ ၇ ရက် မွန်းလွဲ ၁ နာရီက သာသနာ ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် ရှမ်းပြည်နယ်အစိုးရ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်/ခရိုင် အဆင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား လူငယ်များ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အယ်လ်စိုး(iprd)

သံတောင်ကြီးမြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ဆောင်ရွက်

သံတောင်ကြီး မေ ၁၁

သံတောင်ကြီးမြို့နယ်တွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ဘားအံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယခရိုင်မှူး ဦးစိုင်းထွန်းဝေက ကြီးကြပ်လျက် သံတောင်ကြီးမြို့နယ်၊ လိပ်သိုမြို့နယ်ခွဲနှင့် ဘောဂလိမြို့နယ်ခွဲများတွင် မတ် ၃၀ ရက် နံနက် ၆ နာရီကစ၍ စတင်စာရင်းကောက်ယူခဲ့သည်။

သံတောင်ကြီးမြို့နယ်နှင့် မြို့နယ်ခွဲတို့တွင် အိမ်ထောင်စုပေါင်း ၁၆၉၉၂ စုတို့ကို ကောက်ကွက်ပေါင်း၁၈၀ကွက် သတ်မှတ်ပြီး စာရင်းစစ်၊ စာရင်းကောက်ယူရာတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီ အဖွဲ့ဝင်များနှင့် အထောက်အကူပြုကော်မတီဝင်များက လိုက်လံကွင်းဆင်းဆောင်ရွက်ကြည့်ရှုပြီး လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ကိုတီ(iprd)

နွေရာသီအခြေခံ အင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲကျင်းပ

ရပ်စောက် မေ ၁၁

ရပ်စောက်မြို့နယ် ဓနုစာပေ၊ ယဉ်ကျေးမှုနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ရပ်စောက်)တို့မှကြီးမှူးဖွင့်လှစ်သည့် နွေရာသီ အခြေခံ အင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၅ ရက် ညနေ ၃နာရီက အခြေခံပညာအထက်တန်းကျောင်း (ရပ်စောက်)ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးသန်းဆွေ၊ အထက်တန်းကျောင်းအုပ် ဒေါ်ခင်မြသန်း၊ မြို့နယ်ဓနုစာပေ၊ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌဦးခွန်လှအောင်တို့က အမှာစကားပြောကြားကြပြီး အင်္ဂလိပ်စကားပြောသင်တန်းနည်းပြ ဦးစိုင်းလရောင်က နှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်ပြီး သင်တန်းသားများ၏ အင်္ဂလိပ်စကားပြောသင်ယူတတ်မြောက်မှု စွမ်းရည်ကို အဖွဲ့တစ်ဖွဲ့ချင်းအလိုက် သရုပ်ပြပြောဆိုတင်ဆက်ပြီး အကပဒေသာများဖြင့် ဖျော်ဖြေကြသည်။ ဆက်လက်၍ သင်တန်းထူးချွန်ဆုများကို တာဝန်ရှိသူတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကန်ပက်လက်မြို့၌ နွေရာသီကင်းထောက်လူငယ်သင်တန်းဖွင့်

ကန်ပက်လက် မေ ၁၁

နွေရာသီကင်းထောက် လူငယ် သင်တန်းဖွင့်ပွဲကို ကန်ပက်လက်မြို့ အထက(ဇလပ်ဝါ)ခန်းမ၌ မေ ၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲ၌ မြို့နယ်ပညာရေးမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆရာတစ်ဦးက ကတိသုံးပါး၊ ကျင့်ဝတ်(၁၀)ပါးနှင့် ကင်းထောက်လူငယ်သင်တန်းပို့ချရသည့် ရည်ရွယ်ချက်များကို မိဘပြည်သူများသိရှိနိုင်ရန် ပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ သင်တန်းသူသင်တန်းသားများ စုစုပေါင်း ၁၈၀ တက်ရောက်ကြသည်။ တက်ရောက်သူ သင်တန်းသား ၁၁၀ ရှိပြီး သင်တန်းကာလမှာ မေ ၇ ရက်မှ ၂၉ ရက်အထိ ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

နှစ်သစ်ကူးမင်္ဂလာဆုမွန်လွှာ

၁၃၇၆ ခုနှစ်တွင်ကျရောက်သည့် မြန်မာတို့ရဲ့ နှစ်သစ်မင်္ဂလာအခါသမယတွင် မြန်မာပြည်သူ ပြည်သားအပေါင်းနှင့်တကွ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် မှုဝေလှူဒါန်းကြသော အလှူရှင်များ၊ ကင်ဆာဝေဒနာရှင်များအား မေတ္တာဖြင့် ပြုစုစောင့်ရှောက်ပေးကြသော ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ဝန်ထမ်းများအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

အဖွဲ့ဝင်လူကြီးများ
ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း
ရန်ကုန်၊ မန္တလေး

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်းနေ
ဦးသန်းဌေး(Myanma Investment and Commercial Bank-ငြိမ်း)-ဒေါ်ခင်လှစီ
တို့၏သားကြီး

ဒေါက်တာကျော်သူ

B.E (YTU), MEng (AIT), PhD (Glasgow Caledonian University, UK)
(Programme Specialist, United Nations Human Settlement Programme)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗောဓိရိပ်သာလမ်းနေ
ဒေါက်တာဦးမျိုးသန့်(Asian Development Bank-Manila)-ဒေါက်တာ ဒေါ်ခိုင်စပါယ်လတ်
တို့၏သမီးငယ်

မခိုင်ခင်လတ် @ Sweet Latt

Masters in Public Health MPH (2014), B.Sc, Pre Law, Northeastern University, Boston, USA
(Senior Grant Officer, Whitehead Institute, Massachusetts Institute of Technology, Cambridge, USA)

တို့သည် ၁၁-၄-၂၀၁၄ ရက်တွင် Chatrium Hotel, Mandalay ခန်းမ၌ နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာကျော်သူ-မခိုင်ခင်လတ်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၈၅၀၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၀၁၀/က+ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၁၀/က+ခ၊ ယသဝတီ ၁၄ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးထိန်ဝင်း)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထိန်ဝင်းထံမှ ပိုင်ဆိုင်စာချုပ် ၂၃၈၉(၁၁-၆-၁၂)ဖြင့် ဒေါ်မူမူမှရရှိပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ် ၄၅၆၃(၄-၉-၁၂)ဖြင့် ဝယ်ယူထားသူ ဒေါ်မေသန္တာစိုး ၁၂/ဒလန(နိုင်)၀၄၀၅၂၆၊ ဒေါ်နှင်းမြတ်ခိုင် ၁၂/သဃက(နိုင်) ၁၅၇၅၄၉တို့ထံမှ ကိုယ်စားလှယ်လွှဲစာ ၂၇၄၁(၁၇-၂-၁၁)နှင့် ၈၂၆၄(၄-၅-၁၂)ဖြင့် အထွေထွေကိုယ်စားလှယ် ဦးမောင်မောင်ကြီး ၁၂/ဥကတ(နိုင်)၀၆၀၆၅၁၊ ဦးတင်မောင်ဝင်း ၁၂/သဃက(နိုင်) ၁၁၉၄၀၄တို့က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၄၈(၁၈-၁၁-၁၃)၊ ၁၄၇(၁၈-၁၁-၁၃)တို့တင်ပြ၍ အပြန်အလှန် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှုခင်းသတင်းနှင့် ကြော်ငြာ

မန္တလေးတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့တွင် တရားမဝင်သစ်များဖမ်းဆီးရမိ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တော ဦးစီးဌာနသည် နိုင်ငံ၏အဖိုးတန်သယံဇာတဖြစ်သော သစ်တောများ ရေရှည်တည်တံ့စေရေးအတွက် ပြုစုထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း စသည့် လုပ်ငန်းများသာမက သစ်တောပြုန်းတီးမှု၏ အကြောင်းရင်းတစ်ခုဖြစ်သည့် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများအား ခိုးထုတ်သယ်ယူမှုများကို စဉ်ဆက်မပြတ်အလေးထားကာ ဖမ်းဆီးဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိသည်။

သစ်တောများ ရေရှည်တည်တံ့ရေး ကာကွယ်ထိန်းသိမ်း . . .

မတ် ၁၉ ရက်တွင် စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် သတင်းအရ လက်ပန်လှကျေးရွာအုပ်စု ပြည်စိုးအောင်ကျေးရွာတောင်ဘက် မိုင်တိုင်အမှတ် (၄၇/၆)အနီးတွင် ယာဉ်အမှတ်8L-Canter Truck ကားပေါ်မှ တရားမဝင် တမလန်းသစ် ၁ ဒသမ ၉၃၉၂ တန်နှင့် ယာဉ်မောင်း/သစ်ပိုင်ရှင် ဦးတိုင်းလင်း(မတ္တရာမြို့)ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ မတ် ၂၀ ရက်တွင် သပိတ်ကျင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်သောအဖွဲ့သည် တောက်တာဂူကြီးကြိုးဝိုင်းအကွက်အမှတ် (၁၀) အတွင်းမှ တရားမဝင် ပိတောက်သစ် ၂ ဒသမ ၂၈ တန်ကို ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်း၊ မတ် ၂၁ ရက်တွင် မိုးကုတ်မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များသည် မိုးကုတ်မြို့နယ် မန္တလေး-မိုးကုတ် ကားလမ်းနေရာတွင်ယာဉ်မောင်းဦးညိုငွေး(မြစ်သားမြို့)မောင်းနှင်သော ယာဉ်အမှတ် ၈ည/. . . . Nissan ၁၂ ဘီးယာဉ်ပေါ်မှ တရားမဝင် တမလန်း/ပိတောက်ခားရွေ ၄ ဒသမ ၀၆၅၄ တန်ကို ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူအား သစ်တောဥပဒေပုဒ်မ ၄၂(ခ)အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ မတ် ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်သောအဖွဲ့သည် အမရပူရမြို့နယ် မြစ်ငယ်-ထုံးဘိုလမ်း မကျီးချိုကျေးရွာတွင် တရားမဝင်တမလန်းသစ် ၃၀ ဒသမ ၂၂၃၈ တန်နှင့်ယာဉ်အမှတ် 3B/. . . UD Nissan ၁၀ ဘီးကားတစ်စီးကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူအား အရေးယူရန် စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

မတ် ၂၄ ရက်က သယ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးဆောင်သော သစ်တောဝန်ထမ်းများသည် မင်းရဲကျော်စွာလမ်းမနှင့် အင်းဝလမ်းဆုံတွင် ယာဉ်အမှတ်-ရွှေနံ့ပါတ်ပြား ၈ခ/. . . နှင့် နောက်နံပါတ်ပြား ၈ဇ/. . . . တပ်ဆင်ထားသောစူပါကာစတန် ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ်ခွဲသား ၁ ဒသမ ၆၉၃၀ တန်ကို ပြစ်မှုကျူးလွန်သူ ဦးဌေးဝင်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေပုဒ်မ ၄၃ (က) အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ မတ် ၂၅ ရက်တွင် အင်းစိန်မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် ထောက်ကြန့်မြို့ မြို့ရှောင်လမ်းနေရာတွင်ယာဉ်အမှတ် 4D/. . . Toyota Estima ယာဉ်ပေါ်မှ တရားမဝင်ကျွန်းသစ်ခွဲသား ၀ ဒသမ ၉၅၅၂ တန်အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိသဖြင့် ပြစ်မှုကျူးလွန်သူအား အရေးယူနိုင်ရန် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သစ်တောဦးစီး)

သတင်းတို

ဆောမြို့တွင်တရားမဝင်ဝင်ရောက်လာသူ နှစ်ဦးအား အရေးယူမှုဖြစ်ပွား

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့ သီရိရပ်ကွက်ရှိ အိမ်ရှင်မမိဟဲ၏နေအိမ်တွင် ဧပြီ ၂ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က မသင်္ကာသူနှစ်ဦးရောက်ရှိနေကြောင်း သတင်းအရ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်၊ မြို့နယ်လဝကမှူးဦးလှသောင်းတို့ သွားရောက်စစ်ဆေးခဲ့ရာ မိုရ်ဆာ (၃၂ နှစ်)နှင့် ခိုကြိုက်(ခေါ်)စီဘန်လာ(၃၄နှစ်) မီဇိုရမ်ပြည်နယ် အိန္ဒိယနိုင်ငံနေသူတို့နှစ်ဦးဖြစ်ကြောင်းသိရပြီး မြန်မာနိုင်ငံအတွင်းသို့ အထောက်အထားတစ်စုံတစ်ရာမရှိဘဲဝင်ရောက်လာသဖြင့် အရေးယူပေးရန် ဆောမြို့နယ် လဝကရုံးမှ ဒုလဝကမှူး ဦးကျော်လွင်ဦးက တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် ဆောမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်ဇေယျ**

စလင်းမြို့တွင် ဆိုင်ကယ်နှစ်စီး အရှိန်ပြင်းစွာတိုက်မိ

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ဆိုင်ကယ်နှစ်စီး ကန့်လန့်ဖြတ်တိုက်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ စလင်းမြို့နယ် ငါးလင်ပန်းကျေးရွာနေ မနွယ်နွယ်အေး (၃၆ နှစ်)သည် စလင်း-စေတုတ္တရာကားလမ်းအတိုင်း အရှေ့မှ အနောက်သို့ 110 အစိမ်းပုပ် (လိုင်စင်စိစစ်ဆဲ)ကို စီးနင်းလာရာ ရွှေစေတီလမ်းအတိုင်း မြောက်မှတောင်သို့စီးနင်းလာသူ မစပယ်(၃၂နှစ်) ရှမ်ရမ်း 110 အစိမ်းပုပ် ၂၆ယ/. . . နှင့် လမ်းဆုံတွင် အရှိန်ပြင်းစွာတိုက်မိသည်။ အခင်းဖြစ်ပွားရာနေရာသို့ စလင်းရဲစခန်းမှ ဒုရဲအုပ်သန်းဝင်းဌေးက သွားရောက်စစ်ဆေးရာ မနွယ်နွယ်အေးမှာ ဒဏ်ရာများရရှိပြီး မစပယ်မှာမျက်နှာတွင် ပွန်းပဲ့ဒဏ်ရာရရှိခဲ့သည်။ ဆိုင်ကယ်တိုက်မိသူများအား စလင်းပြည်သူ့ဆေးရုံသို့အတွင်းလူနာအဖြစ် ပေးပို့ပြီး ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူနှစ်ဦးစလုံးကို စလင်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင် တိုက်မိရာမှ ဆိုင်ကယ်မောင်းနှင်လာသူ နှစ်ဦး ပွဲချင်းပြီး သေဆုံး

မိုးညှင်း ဧပြီ ၁၁

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ရဲကင်းစခန်း နယ်မြေအတွင်း ဧပြီ ၉ ရက် နံနက် ၁၀ နာရီခွဲခန့်က ဆိုင်ကယ်နှင့် ဖိုးဗိုးကား မျက်နှာချင်းဆိုင်တိုက်မိရာမှ ဆိုင်ကယ်သမားနှစ်ဦး နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၉ ရက် နံနက် ၁၀ နာရီခွဲခန့်က မော်ဟန် ရဲကင်းစခန်းတောင်ဘက် နှစ်မိုင်ခန့် အကွာ ရွှေဘို-မြစ်ကြီးနား ဗျူဟာ လမ်းမကြီး မိုင်တိုင်အမှတ် (၁၇၁/၆) နှင့် (၁၇၁/၇) အကြား (မော်ဟဲကျေးရွာနှင့် တစ်မိုင်ခန့်အကွာ) ယာဉ်မောင်းနိုင်သော်သူ (၂၃နှစ်) (ကံကောင်းသော ကျောက်စိမ်းကမ္ဘာ ကျောက်မျက်ကုမ္ပဏီ) မောင်းနှင်လာသည့် ဖိုးဗိုးအဖြူရောင် တစ်ခန်းတွဲ ယာဉ်အမှတ်၆က/--- သည် မြစ်ကြီးနားဘက်မှ မောင်းနှင်လာသည့် အောင်ကိုဦး (၁၇နှစ်) မော်ဟန် ရွာမရပ်၊ နောက်တွင်လိုက်ပါလာသူ ဝင်းဇော်ဦး (၁၆ နှစ်) မော်ပင့်ရပ်ကွက်နှင့်

မျက်နှာချင်းဆိုင် တိုက်မိခဲ့ကြောင်း၊ အဆိုပါယာဉ်တိုက်မှုကြောင့် ဆိုင်ကယ် မောင်းနှင်လာသည့် အောင်ကိုဦးနှင့် နောက်လိုက်ဝင်းဇော်ဦးမှာ အခင်းဖြစ်ရာနေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ နိုင်သော်သူကို မိုးညှင်းရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပြီး အမှုစစ် ဒုရဲအုပ်ထွန်းထွန်းဝင်းက တရားလိုပြုလုပ်ကာအမှုကို ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၁၇၁)**

အမည်မသိ အလောင်းတစ်လောင်းတွေ့ရှိ

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် န/ကျားထူးကျေးရွာ၏ အနောက်ဘက်နှစ်ဖာလုံခန့်အကွာရှိ ယင်းချောင်းထဲတွင် ကြောင်ပန်းခြုံအနီး၌ ဧပြီ ၇ ရက် ည ၈ နာရီ ၄၅ မိနစ်က (အသက် ၅၀)ခန့်ရှိ အမည်မသိအမျိုးသားအလောင်းတစ်လောင်း သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် ထိုအမျိုးသားသေဆုံးမှုနှင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် သိရှိရန်အတွက် နတ်မောက်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါဓာတ်အားခွဲရုံများအတွက် လိုအပ်သောပစ္စည်းများကို နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

(၁) ဂန့်ဂေါ-ကလေး ၂၃၀ ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်း
(၂) မော်လမြိုင်-ကော့ကရိတ်-မြဝတီ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်း
(၃) ကော့ကရိတ်-မြဝတီ ၆၆ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၂-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပျောက်ဆုံးခြင်း
ကျွန်တော် မောင်ဖုန်းမိုအောင် ALE-၀၁၃၂၈၄ ၏ နိုင်ငံကူးလက်မှတ် M-၆၁၉၉၅၅ သည်ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်းမိုအောင် ဖုန်း-၃၁၆၄၃၁၂၃**

တစ်ဦးတည်း ဖြစ်ကြောင်း
ဦးမာမက်စကင်ဒါ(ခ)ဦးစကင်ဒရ်၏သမီး မော်လမြိုင်မြို့၊ ရွှေပြည်အေးရပ်ကွက်၊ အမက-၂၊ အလယ်တန်းပြဆရာမ၊ MME-၆၁၅၀၁၅ ကိုင်ဆောင်သူ မသီတာဝင်း(ခ)မစပဟီဒါသည် တစ်ဦးတည်းဖြစ်ကြောင်း။**မသီတာဝင်း(ခ)မစပဟီဒါ**

အများသိစေရန် ကြေညာခြင်း

ကျောက်မဲမြို့၊ ရပ်ကွက် ၈၊ အကွက်အမှတ် ၈/ဖြူးရွာသစ်၊ ဦးပိုင်အမှတ် ၂၇-ခ၊ ဧရိယာ ၀ ဒသမ ၁၃၀၈ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်သည် မောင်ရိုးရှင်း၊ မအေးကြည် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့်ပတ်သက်သော ဂရန်စာချုပ် အမှတ် ၃၂၅/၉၅-၉၆(ခထအ)မူရင်းနှင့် စာရွက်စာတမ်းမူရင်းများအားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေဒေါ်အေးကြည်(ဘ)ဦးဆန်ဝိ ၁၃/ကမန(နိုင်)၀၅၈၉၂၉၏ လက်ဝယ်တွင်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဂရန်မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးကြည် မသိရှိဘဲ၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လျှုဒါန်းခြင်း၊ အခြားတစ်နည်းနည်းလွှဲပြောင်းခြင်းများမပြုလုပ်ပါရန်နှင့် အကယ်၍ အဆိုပါကိစ္စရပ်များပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်အေးကြည်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဥမ္မာမြင့် LL.B, D.B.L, D.I.L
ဒေါ်အိမွန်ကျော် LL.B, D.B.L, P.G.D.E
တရားလွှတ်တော်ရှေ့နေများ
အကွက် (ဓေ-၂၇/၃၈)၊ အေးသုခလမ်း၊ ၅၄×၅၅လမ်းကြား၊ (ဆ)ရပ်ကွက်၊ ရတနာပုံမြို့သစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၉-၄၃၁၀၂၁၀၇

ကန့်ကွက်နိုင်ပါကြောင်း
မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ် ၁၁၉၂၊ မြေကွက်တည်နေရာအမှတ် ၁၁၉၂၊ ဧရာ ၂၂ လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးအောင်မြင့် အန်/အိုကေအေ-၀၄၃၉၈၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်မြင့်က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ရဲစခန်းထောက်ခံချက်များ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ရွှေဘိုမြို့နယ်၊ ချီပါကျေးရွာအုပ်စု၊ မဲတောကျေးရွာနေ ဦးခင်ဝင်း ၅/ရဘန(နိုင်)၀၇၈၆၅၃-ဒေါ်တာ ၅/ရဘန(နိုင်) ၀၇၈၆၅၆တို့၏သမီး မစန်းစန်းထွေးအား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးခင်ဝင်း-ဒေါ်တာ

အမွေပြတ်စွန့်လွှတ်ခြင်း
သားဖြစ်သူ မောင်ဝိုင်းချစ်ဇော် ၁၂/အစန(နိုင်)၂၀၁၃၄၄ သည် မိဘစကားနားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ၈-၄-၂၀၁၄ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဖခင်-ဦးဝင်းရှိန် ၁၀/မလမ(နိုင်)၀၈၅၉၄၉
မိခင်-ဒေါ်အေးအေးသန်း ၁၀/မလမ(နိုင်)၀၁၂၈၆ဝ
၉/၁၀၂၊ အောက်မင်္ဂလာဒုံလမ်း၊ ဒညင်းကုန်း၊ အင်းစိန်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုစစ်ဆေး

မကွေး ဧပြီ ၁၁

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဧပြီ ၇ ရက်က ပခုက္ကူမြို့နယ် ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းအတွင်း လျှပ်စစ်မြစ်ရေတင်မှ ရေကိုယူ၍ နွေစပါးကို GAP စနစ်ဖြင့် ပုလဲသွယ်မျိုးစိုက်ပျိုးထားသော ဦးကြည်ဝင်း၏ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းကို ဝင်ရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ချင်းတွင်းမြစ်မှ ရေကို ရေတင်စက်ကြီးများဖြင့် တူးမြောင်းအတွင်း ရေသွင်းနေမှုအခြေအနေကို ကြည့်ရှုကာ မြစ်ရေတင်စီမံကိန်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန တိုင်းတာဝန်ခံ ဦးတင်မောင်ဝင်းက ရေတင်စက်ကြီးများ၏ ကွဲခိုင်မှုအခြေအနေ၊ မြောင်းကြွဲခိုင်မှုအခြေအနေနှင့် ရေပေးဝေနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က နွေစပါးစီမံကိန်းအတွက် ရေပေးဝေရာတွင် အလေအလွင့်မရှိအောင် စနစ်တကျထိန်းသိမ်း၍ ရေပေးဝေရေး၊ ရေမြောင်းများ ကျိုးပေါက်ပါက အချိန်မီပြန်လည်ပြင်ဆင်ရေးတို့ကို ဆောင်ရွက်ရန် မှာကြားသည်။ ယင်းကြီးရွာ လျှပ်စစ်မြစ်ရေတင်အတွင်း နွေစပါးပုလဲသွယ်မျိုး ဧက ၆၀၀ ကို တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိကြောင်း သိရသည်။

ယင်းနောက် ရေစကြိုမြို့နယ် ရှင်မတောင်ပေါ်မှနေ၍ ရှင်မတောင် စိမ်းလန်းစိုပြည်ရေးအတွက် ရေဝေရေလဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ထပ်မံစိုက်ပျိုးရမည့်နေရာများ၊ မီးတားလမ်းများဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးချုပ်သည် ရေစကြိုမြို့ အမှတ်(၄၀၆)၊ အမှတ်(၄)ရပ်ကွက်အတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှု လုပ်ငန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခင်မာလာ(မကွေး)**

နွေရာသီအားကစားသင်တန်းများဆင်းပွဲ ကျင်းပ

စစ်ကိုင်း ဧပြီ ၁၁

စစ်ကိုင်းခရိုင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော နိုင်ငံကိုယ်စားပြုအားကစားသမား မျိုးဆက်သစ်များပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်လျက်ဖွင့်လှစ်ခဲ့သော အားကစားသင်တန်းပေါင်းစုံ သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၉ ရက် နံနက် ၉ နာရီက စစ်ကိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေးက အမှာစကားပြောကြားပြီး ဘောလုံး၊ ဘော်လီဘော၊ ကရာတေးဒို၊ ကြက်တောင်၊ တင်းနစ်၊ အေရိုးဗစ် သင်တန်းဆင်းလက်မှတ်များကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာဟိန်းက ပေးအပ်သည်။

သင်တန်းနည်းပြများကိုယ်စား ကရာတေးဒိုနည်းပြ ဒေါ်စန်းလှသွယ်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေးကိုက သင်တန်းနည်းပြများအား သင်တန်းဝတ်စုံများ ပေးအပ်သည်။ အားကစားသင်တန်းအတွက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ် ၄၂၀၀၀ လှူဒါန်းသည်။ ဆက်လက်၍ ကရာတေးဒိုသင်တန်းသား သင်တန်းသူများနှင့် အေရိုးဗစ်သင်တန်းသူများက သရုပ်ပြသသည်။ **(အပေါ်ပုံ)**

သင်တန်းဆင်းပွဲအခမ်းအနားကို ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်အားကစားအရာရှိ ဦးစောယုဝင်းနှင့် သင်တန်းသား သင်တန်းသူများ၊ နည်းပြ စုစုပေါင်း ၁၄၈ ဦး တက်ရောက်ကြသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

မှုခင်းသတင်းများ

အလုပ်ရမည်ဟု ခေါ်ဆောင်ကာ ထိုင်းနိုင်ငံသို့ ပို့ဆောင်ခဲ့သူကို အရေးယူပေးပါရန်တိုင်တန်း

ရန်ကုန် ဧပြီ ၁၁

ရွှေပြည်သာမြို့နယ်အတွင်း မတ်လပိုင်းက မြဝတီတွင်အလုပ်ရမည်ဟု ခေါ်ဆောင်ကာ ထိုင်းနိုင်ငံသို့ ပို့ဆောင်ခဲ့သူကို အရေးယူပေးပါရန် တိုင်တန်းခဲ့သောဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၃ ခုနှစ် မေ ၂၁ ရက် နံနက် ၁၀ နာရီက ရွှေပြည်သာမြို့နယ်နေ ဒေါ်---က ၎င်းနှင့်အတူနေ ချွေးမဖြစ်သူ မ---(၂၆နှစ်)ထံသို့ မ---၏ အစ်ကိုဝမ်းကွဲတော်စပ်သူ တင်စိုး(၃၈နှစ်) (၅/၂)ရပ်ကွက် ရွှေပြည်သာမြို့နေသူ ရောက်ရှိလာပြီး မ---အား မြဝတီတွင် အလုပ်ရရန်အတွက် အကူအညီပေးမည်။ လမ်းစရိတ်တစ်သိန်းခွဲယူလာပါက အလုပ်ရရှိရေးအဆင်ပြေအောင် လုပ်ပေးမည်ဟု ပြောဆိုခဲ့ရာ ၎င်းတို့က သဘောတူခဲ့ကြောင်း၊ ယခုနှစ် မတ် ၂၅ ရက်တွင် ချွေးမဖြစ်သူကို တင်စိုး၏ နေအိမ်သို့ သွားရောက်ပို့ပေးခဲ့ကြောင်း၊ နောက်ရက်တွင် တင်စိုးနှင့် ချွေးမဖြစ်သူတို့မှာ မြဝတီမြို့သို့ ကားဖြင့်ထွက်ခွာသွားသည်ကို သိရှိရကြောင်း၊ တစ်လခန့်အကြာတွင် ချွေးမဖြစ်သူမှ ၎င်းထံသို့ ဆက်သွယ်လာပြီး တင်စိုးက ထမင်းဆိုင်တွင် အလုပ်သွင်းပေးမည်ဟု ပြောဆိုခဲ့သော်လည်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပို့ခဲ့သည်ကို ပြောပြသိရှိခဲ့ရကြောင်းနှင့် ပြန်လည်ခေါ်ဆောင်ပေးရန် ပြောဆိုလာသဖြင့် ၎င်းက တင်စိုးအား ဆက်သွယ်ကာ ပြန်လည်ခေါ်ခိုင်းခဲ့ကြောင်း၊ ထိုသို့ ခေါ်ခိုင်းခဲ့သော်လည်း တင်စိုးက ပို့ဆောင်ခနှင့် စားစရိတ် ငွေကျပ် ခြောက်သိန်းပေးမှ ပြန်လွှတ်ပေးမည်ဟု ပြောဆိုကာ ခေါ်ဆောင်ပေးခဲ့ခြင်း မရှိကြောင်းနှင့် ယင်းသို့ အလုပ်ရမည်ဟု ခေါ်ဆောင်ကာ ထိုင်းနိုင်ငံသို့ပို့ဆောင်ခဲ့သူ တင်စိုးကို အရေးယူပေးပါရန် တိုင်တန်းလာခဲ့ခြင်းဖြစ်သည်။

ထိုသို့ တိုင်တန်းချက်အရ ရွှေပြည်သာမြို့မရဲစခန်းက (ပ)၂၇၇/၂၀၁၄ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ-၂၆ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

၂၀၁၄ ခုနှစ် မတ်လအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုစာရင်း

နေပြည်တော် ဧပြီ ၁၁

၂၀၁၄ ခုနှစ် မတ်လအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ ဘိန်း ၅၆ မှု၊ အလေးချိန် ၁၅၇ ဒသမ ၆၃၀၉ ကီလို၊ ဘိန်းဖြူ ၁၇၀ မှု၊ အလေးချိန် ၃ ဒသမ ၇၆၈၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄ မှု၊ အလေးချိန် ၁၄၁၀၅၇၆ ပြား၊ ဆေးခြောက်ရှစ်မှု၊ အလေးချိန် ၂ ဒသမ ၃၂၇၉ ကီလို၊ ဘိန်းရည်တစ်မှု၊ အလေးချိန် ၀ ဒသမ ၁ လစ်တာ၊ ကဖင်းတစ်မှု၊ အလေးချိန် ၂ ဒသမ ၃၂ ကီလို၊ ဘိန်းဆီခဲရှစ်မှု၊ အလေးချိန် ၂၉ ဒသမ ၂၀၂၄ ကီလို၊ အဆင့်နိမ့်ဘိန်း ၂၀ မှု၊ အလေးချိန် ၅ ဒသမ ၆၂၄၁ ကီလို၊ စိတ်ကြွဆေးအကြေမှုန့်-မှု၊ အလေးချိန် ၀ ဒသမ ၂၈၅၂ ကီလို၊ အိုက်စ်သုံးမှု၊ အလေးချိန် ၁ ဒသမ ၃၀၃၂ ကီလို၊ ဘိန်းစာမှုန့်နှစ်မှု၊ အလေးချိန် ၀ ဒသမ ၀၃၀၅ ကီလို၊ ဆူဒိုအက်ဖီဒရင်းတစ်မှု၊ အလေးချိန် ၂၀၀၀၀ ပြား၊ အက်ဖီဒရင်းလေးမှု၊ အလေးချိန် ၁၃ ဒသမ ၄၁၂၁ ကီလို၊ ထရာမဒေါလ်တစ်မှု၊ အလေးချိန် ၆၀ တောင့်၊ ဒိုင်ရာဇီပမ်တစ်မှု၊ ၆၂၅၆၀၀ ပြား၊ အက်တက်စီတစ်မှု၊ တစ်ပြား၊ အခြားငါးမှု၊ မှတ်ပုံတင်ပျက်နှစ်မှုတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၄၅၈ မှု ဖမ်းဆီးခဲ့ရာတွင် ပြစ်မှုကျူးလွန်သူ အမျိုးသား ၅၄၅ ဦး၊ အမျိုးသမီး ၈၆ ဦး စုစုပေါင်း ၆၃၁ ဦးတို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဆိုင်ကယ် ချောက်ထဲထိုးကျ

ကသာ ဧပြီ ၁၁

ဧပြီ ၈ရက်က ကသာမြို့မရဲစခန်းတွင် ဒုရဲအုပ်ကျော်အောင်သည် တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ကသာအရှေ့ သစ်ထုတ်လုပ်ရေးလမ်း ပန်းပဲကုန်းထိပ်ရပ်ကွက်(၃)တွင် ဆိုင်ကယ်တိမ်းမှောက်မှု ဖြစ်ပွားနေကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ကသာမြို့ ရပ်ကွက်(၁၀)နေ ဦးချစ်တင်သည် ဟွန်ဒါစူပါကပ်ဆိုင်ကယ်ကို အရှိန်ပြင်းစွာမောင်းနှင်လာစဉ် ပန်းပဲကုန်းထိပ်အရောက်၌ အရှိန်မထိန်းနိုင်ဘဲ ကမ်းပါးချောက်သို့ ထိုးကျတိမ်းမှောက်သွားခဲ့ပြီး ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကသာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဦးရဲ(ကသာ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၅၉၁၈ Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယုယုဆွေ ၉/မဟမ(နိုင်)၀၀၆၆၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၈/၃၇၈၇ SM Super Mann P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရင်ရင်လှ ၁၂/ဥကတ(နိုင်)၀၁၈၉၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ မြေကွက်အမှတ် ၅၅၅၊ အလျား×အနံ ပေ(၄၀×၆၀)ရှိ ဦးလှအောင်အမည်ဖြင့် မှတ်သားထားသော ပါမစ်မြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အမှတ် ၅၅၅၊ ဗညားဒလလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သောမြေကွက်နှင့် ရေ၊ မီးစသည့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို မြေအမည်ပေါက် ပိုင်ဆိုင်သူထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မိမိသာလျှင် လက်ရှိတရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟု ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခိုင်ခိုင်ဦး TGO-၁၈၆၈၈၀မှ ကျွန်ုပ်မိတ်ဆွေဖြစ်သူထံသို့ ရောင်းချရန်ကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းအဖြစ် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများကို ပေးချေပြီးအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရီစလင်း(စဉ်-၉၆၈၅) တရားလွှတ်တော်ရှေ့နေ
အမှတ် ၇၅၆၊ သရဖီလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၉၃၁၁၅

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ဥတ္တရသီရိအနောက်ရပ်၊ မြေကွက်အမှတ် (ဥ-၃၁၈၈) အမည်ပေါက်ပိုင်ရှင် ဗိုလ်မှူးကြီး နိုင်လွင်ဦးသေဆုံးသွားသဖြင့် တရားဝင်ဇနီး ဒေါ်နီလာအေးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားဂရန်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများတင်ပြပြီး ယနေ့မှစ၍ ၁၄ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၃၁၃/ခ၊ မြေကွက်တည်နေရာအမှတ် ၃၁၃/ခ၊ ဝိဇ္ဇူရလမ်း၊ ရွှေပြည်သာမြို့နယ် မြေအမျိုးအစား ပါမစ်မြေအား အမည်ပေါက် ဦးဘငွေထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဦးမင်းသူရိန်ဖေ ၁၂/တကန(နိုင်)၁၆၂၆၃၅ မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/၂၊ မြေကွက်အမှတ် ၁၂၄၊ မြေကွက်တည်နေရာအမှတ် ၁၂၄၊ ၁၃ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးမျိုးအောင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမျိုးအောင် ၈/ပခက(နိုင်)၀၃၃၃၁၀မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြရန် ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် တရားဝင် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၅၃၂၁ Toyota Mark II S/L (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးနေထွန်း ၁၂/မရက(နိုင်)၁၃၁၄၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၈၆၃၀၊ 8G/8630 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ မြေကွက်အမှတ် ၄၁၁၊ မြေကွက်တည်နေရာအမှတ် ၄၁၁၊ ဝေဘာဂီလမ်း၊ (ဈ)ရပ်ကွက်၊ ဒေါ်သန်းကြည် ၁၂/ဥကမ(နိုင်)၀၂၁၈၈၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား မြောက်ဥက္ကလာပမြို့နယ်၊ တရားရုံးတရားမဇာရီအမှုအမှတ်(၂၅၈/၁၃) အရ တရားရုံးကိုယ်စား တရားရုံးကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ရန် ခန့်အပ်ခြင်းခံရသူ ဘိလစ် ဦးခင်မောင်ချစ် ၁၂/သကတ(နိုင်)၁၀၈၇၃၉ က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၁၀၄၅၊ မြေကွက်တည်နေရာအမှတ် ၁၀၄၅၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်ဗီးနပ်(စ်)အမ်နမ်းဘောက် BMO-၀၈၇၆၈၅ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ဗီးနပ်(စ်)အမ်နမ်းဘောက်ထံမှ အရောင်းအဝယ်အရပ်ကတိဖြင့် ဝယ်ယူသူ ဒေါ်သင်းသင်းခိုင် ၁၂/ဥကမ(နိုင်)၁၀၈၉၂၆မှ မြေချပါမစ်ခြကိုက်ပျက်စီးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကမ္ဘာ့ဘဏ်၏အကူအညီရယူကာ ကျေးရွာများမီးလင်းရေးဆောင်ရွက်နေပြီ

သတင်း-ကြီးတိုင်းအောင်၊ ဓာတ်ပုံ-သက္က

မြန်မာနိုင်ငံတွင်ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိသည့်အနက် ကျေးရွာပေါင်း ၂၀၀၀၀ ကျော်ကို လျှပ်စစ်မီးလာမည့် ၂၆ လ တာကာလအတွင်း ကျေးရွာများအားလုံး လျှပ်စစ်မီးရရှိအောင် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။

လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခြင်း မရှိသေးသော ဒေသများတွင် ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်မည့် နည်းလမ်းနှင့် ဓာတ်အားစနစ်ပြင်ပတွင် အခြားနည်းလမ်းအသုံးပြုကာ ဓာတ်အားပေးနိုင်မည့်အခြေအနေများကို ကမ္ဘာ့ဘဏ်မှ ခန့်အပ်ပေးထားသော တာဝန်ရှိသူများက ကွင်းဆင်း ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဓာတ်အားစနစ်မှ ချိတ်ဆက်ပေးနိုင်မည့်နေရာ သီးခြား mini-grid ဖြင့် ပေးနိုင်မည့်နေရာနှင့် တစ်အိမ်ချင်းဆိုလာစနစ်ဖြင့် လျှပ်စစ်မီးပေးနိုင်မည့်နေရာများအတွက် ကုန်ကျစရိတ်များ တွက်ချက်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လာမည့် ၂၆ လ တာကာလအတွင်း ကျေးရွာပေါင်း ၂၀၀၀၀ ကျော်ကို လျှပ်စစ်မီးရရှိရန် လျာထားဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်အဖွဲ့အစည်းအနေဖြင့် လာမည့် ၂၀၃၀ အရောက်တွင် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး ကူညီဆောင်ရွက်ပေးသွားရန် ကတိကဝတ်များပြုထားသည့်အလျောက် National Electricfication Plan ကိုလည်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများအကောင်အထည်ဖော်ရန် လိုအပ်သောငွေကြေး ကမ္ဘာ့ဘဏ်အုပ်စုက မြန်မာနိုင်ငံ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရန်လျာထားသော အမေရိကန်ဒေါ်လာ တစ်ဘီလီယံအောက် ကျခံသုံးစွဲသွားမည်ဟု သိရသည်။

ထို့အပြင် ဓာတ်အားစနစ်ပြင်ပဒေသများ၌ နေစွမ်းအင်နှင့်လေစွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ အသုံးပြုကာ လျှပ်စစ်ဓာတ်အားပေးနိုင်ရေးလုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်နှင့် ADB တို့၏ အထောက်အပံ့အကူအညီများ ရယူဆောင်ရွက်သွားရန်

ဒေသတစ်ခုဖွံ့ဖြိုးရေးတွင် လျှပ်စစ်မီးရရှိမှုသည် အရေးပါလှပေရာ ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းထားရှိမှုကို တွေ့ရစဉ်။

စီစဉ်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အားရရှိခြင်း၊ မရရှိခြင်းသည်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါနေသည့်အလျောက် လျှပ်စစ်ဓာတ်အားကို မြို့ပြများသာမက ကျေးလက်များအထိရရှိအောင် နိုင်ငံတော်အစိုးရအနေဖြင့် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသများ လျှပ်စစ်ဓာတ်အားရရှိလာသည်နှင့်အမျှ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်လာမည်ဖြစ်သည့်အတွက် မကြာမီနှစ်များအတွင်း ကျေးလက်ဒေသများ လျှပ်စစ်ဓာတ်အားရရှိလာမည်ဟု မျှော်လင့်ရသည်။

ကျောက်တံခါးမြို့ ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်၌ မျက်နှာချင်းဆိုင် ယာဉ်တိုက်မှုဖြစ်ပွား

ကျောက်တံခါး ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာ ရန်ကုန်-မန္တလေးကားလမ်းဟောင်းတွင် ဧပြီ ၉ ရက် ညနေ ၃ နာရီက မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ကြည်သာထွေး(၂၈ နှစ်) ရေဥက္ကံ ရပ်ကွက် မြနန္ဒာလမ်း လှိုင်သာယာမြို့နယ် ရန်ကုန်မြို့နေသူ မောင်းနှင်လာသော ၇ခ/---ဟီးနိုး အဖြူရောင်ခြောက်ဘီးယာဉ်နှင့် ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်း အောင်သူ(၂၃ နှစ်) စိုက်ပျိုးရေးရပ်ကွက် သစ္စာပန်းလမ်း မြောက်ဥက္ကလာပနေသူ မောင်းနှင်လာသော ယာဉ်အမှတ် ၉ခ/--- နယူးဖူဆိုနီပြာကြားယာဉ်တို့သည် မိုင်တိုင် အမှတ်(၁၁၈/၆) နှင့် (၁၁၈/၇)ကြားလမ်း၏ အလယ်တွင် ယာဉ်၏ဦးခေါင်း ပိုင်းဝဲဘက်ခြမ်းချင်းပွတ်တိုက်မိရာမှ ၇ခ/--- ယာဉ်ပေါ်တွင် လိုက်ပါလာသူ နိုင်လင်းထက်(၁၈ နှစ်) အရောင်းစာရေးတွင် ဝဲလက်မောင်းပေါက်ပြဲဒဏ်ရာတစ်ချက်နှင့် ခရီးသည်တင်ယာဉ်မှ ယာဉ်နောက်လိုက် အောင်နိုင်ဝင်း(၂၂ နှစ်) တွင် ပေါက်ပြဲဒဏ်ရာများရရှိပြီး ကျန်ခရီးသည်များ ဒဏ်ရာရရှိခြင်းမရှိကြောင်းနှင့် ယာဉ်နှစ်စီးလုံးမှာ ရှေ့လေကာမှန်များကွဲကြေ၍ ယာဉ်ဦးခေါင်းပိုင်းများ ပျက်စီးခဲ့သည်။ **(ဝဲပုံ)**

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့မရဲစခန်းက ယာဉ်မဆင်မခြင်မောင်းနှင်သူ ကြည်သာထွေးနှင့် အောင်သူတို့အား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းမှ အမှတ်(၂၁)အကြီးစားစက်ရုံ (သထုံ) ရော်ဘာပစ္စည်း စက်ရုံခွဲ(ရွှေဟင်္သာလမ်း) ရန်ကုန်တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါကုန်ကြမ်းပစ္စည်းလေးမျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	
၁။	Polyethylene	၂၇၅၂၀၀	ပေါင်
၂။	Dye (Olive Green)	၄၈၀၀	ပေါင်
၃။	Tarpaulin Fabric 1/21	၁၁၀၀၀	ကိုက်
၄။	Chemical Compound	၂၂၀၀	ပေါင်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်နှင့် အသေးစိတ်အချက်အလက်များကို ၁၁-၄-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၄-၄-၂၀၁၄ ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

စီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၀၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၈၊ ၀၆၇-၄၀၅၁၅၁

တနင်္သာရီတိုင်းဒေသကြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရန်ပုံငွေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မည့် ရပ်မြင်သံကြားထပ်ဆင့်လွှင့်စက် (၁၀)စုံ ဝယ်ယူတပ်ဆင်ခြင်းနှင့် ဘုန်းကြီးကျောင်း သုံးကျောင်းဆောက်လုပ်ခြင်းတို့အား ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် - ၉-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မှစတင်၍ ရုံးချိန်အတွင်း
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၅-၂၀၁၄ရက်(ကြာသပတေးနေ့) ၁၆:၀၀ နာရီ
အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆန်းချီရပ်ကွက်၊ ထားဝယ်မြို့
ဖုန်း-၀၅၉-၂၂၁၂၆၊ ၀၅၉-၂၃၉၃၄၊ ၀၉-၈၇၆၂၃၆၄
အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၂-၅-၂၀၁၄ရက် (ကြာသပတေးနေ့) ၁၀:၀၀ နာရီ
အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ - ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(အသစ်)၊ ကမ်းနားလမ်း၊ ထားဝယ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈/၁၁၊ မြေကွက်အမှတ် ၃၉၇၊ မြေကွက်တည်နေရာအမှတ် ၃၉၇၊ ချယ်ရီပတ်လမ်း၊ ရွှေပြည်သာမြို့နယ် ဒုတိယဗိုလ်မှူးကြီးမျိုးဆွေ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒုတိယဗိုလ်မှူးကြီးမျိုးဆွေ(ငြိမ်း) ၄/ဟခန(နိုင်)၀၀၉၅၇၈ ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ပန်းဘဲတန်းမြို့နယ်၊ ၃၂ လမ်း၊ အမှတ် ၁၁၉ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၁၆ဒီ၂၊ မြေကွက်အမှတ် V Class 64 နှင့် Southern ½ of V 65၊ မြေပိုင်မြေအမျိုးအစားမြေအမည်ပေါက် ဦးမိုဟာမက်စံလင်း အမည်ပေါက်မြေအား ဦးအောင်သိန်း(ခ) အရစ်အစ္စမေးလ်မူလာ+၉ ထံမှ ဝယ်ယူခဲ့သည့် အရောင်းအဝယ်စာချုပ်အမှတ် ၃၇၆၄/၉၆(၂၀-၁၂-၉၆)ကို တင်ပြလျက် ဦးမိုဟာမက်စံလင်း ၁၂/ပဘတ(နိုင်) ၀၁၃၆၀၉ မှ အဆောက်အအုံဆောက်လုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၄၊ မြေကွက်အမှတ် ၆၀၅/ခ၊ အကျယ်အဝန်းပေ (၂၀×၆၀)ရှိ နှစ် ၆၀ဂရန် ဦးငွေဘင် ၁၂/သဃက (နိုင်)၀၂၆၁၀၃အမည်ပေါက် အိမ်မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း အဆိုပြုကြေညာသူ ဒေါ်ခင်စောမွန် ၁၂/သဃက(နိုင်) ၀၂၆၉၇၄+၅ တို့ထံမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်တင်တင်အေး ၁၄/ဘကလ(နိုင်) ၂၀၀၀၇၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းလင်းအောင် LL.B, D.B.L, D.M.L ဒေါ်ဖြူဖြူခိုင် LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေများ
ဒေါ်ငြိမ်းချမ်းစုရည် LL.B အထက်တန်းရှေ့နေ
အမှတ် ၂၇(ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၂၀၁၈၃၄၊ ၀၉-၄၂၁၁၁၁၃၁၇

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ လူနေရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၉၂၄၊ မြေဧရိယာအကျယ်အဝန်း ပေ(၄၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြောက်ဘက်ခြမ်း ပေ(၂၀×၆၀) မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံနှင့် လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ဦးထွန်းစိန် ISN-၂၀၄၆၃၇ မှ ပိုင်ဆိုင်၍ ရောင်းချရန်အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့် တကွလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးစီးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန်းသီတာစိုး LL.B, D.B.L, D.M.L အထက်တန်းရှေ့နေ
အမှတ် ၆၀၆၊ သီတာရေစင်လမ်း၊ (၁၆/၄)ရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၀၇၄၃၈

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
မန္တလေးနည်းပညာတက္ကသိုလ်
မဟာအင်ဂျင်နီယာဘွဲ့၊ မဟာဗိသုကာဘွဲ့နှင့် မဟာသိပ္ပံဇီဝနည်းပညာဘွဲ့ သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ၂၀၁၄ ခုနှစ် ဇွန်လ ၉ ရက်မှစတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာနှင့် ဗိသုကာ၊ မဟာသိပ္ပံဇီဝနည်းပညာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

(က)	M.E (Civil)	(စ)	M.E (Mechatronic)
(ခ)	M.E (Mechanical)	(ဆ)	M.E (Chemical)
(ဂ)	M.E (Electrical Power)	(ဇ)	M.E (Nuclear)
(ဃ)	M.E (Electronic)	(ဈ)	M.Arch
(င)	M.E (Information Technology)	(ည)	M.S (Bio-Tech)

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြို သင်တန်း(၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၁)နှစ် စုစုပေါင်း (၂)နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း(Course Work)ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့နှင့် ဗိသုကာဘွဲ့၊ သိပ္ပံဘွဲ့ (ဇီဝနည်းပညာ) မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာဗိသုကာဘွဲ့၊ မဟာသိပ္ပံဇီဝနည်းပညာသင်တန်းများသို့ တက်ရောက်ရန်အဆင့်မီသူများဖြစ်ရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက် (မူရင်း)တင်ပြနိုင်သူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှထောက်ခံစာ (မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့နှင့် သိပ္ပံဘွဲ့(ဇီဝနည်းပညာ)ရှိပြီး မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာသိပ္ပံဇီဝနည်းပညာဘွဲ့သင်တန်းများသို့ တက်ရောက်ရန်အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံချက်(မူရင်းနှင့် မိတ္တူ)တို့ကို တင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို မန္တလေးနည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၂-၅-၂၀၁၄ ရက် (သောကြာနေ့)တွင် ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်သည်-

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၅-၅-၂၀၁၄ ရက် (တနင်္လာနေ့)	အင်္ဂလိပ်စာ	၉း၀၀ နာရီမှ ၁၂း၀၀ နာရီ
၆-၅-၂၀၁၄ ရက် (အင်္ဂါနေ့)	သက်ဆိုင်ရာဘာသာရပ်	၉း၀၀ နာရီမှ ၁၂း၀၀ နာရီ

၇။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့်အမည်စာရင်းကို ၂၂-၅-၂၀၁၄ ရက် (ကြာသပတေးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၄-၅-၂၀၁၄ ရက် (စနေနေ့)မှစ၍ မန္တလေးနည်းပညာတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်သည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂၀၁၄ ခုနှစ် ဇွန်လဆန်းတွင် ထုတ်ပြန်ကြေညာမည်။

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၃၆၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
မန္တလေးနည်းပညာတက္ကသိုလ်
ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ၂၀၁၄ ခုနှစ် ဇွန် ၉ ရက်မှစတင်၍ အောက်ဖော်ပြပါဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

စဉ်	ဖွင့်လှစ်မည့်ဌာန		ဖွင့်လှစ်မည့်သင်တန်းများ	အခြေခံဘွဲ့လိုအပ်ချက်
၁။	Mechanical Engineering	က	Diploma in Renewable Energy Engineering	All B.E
		ခ	Diploma in industrial Engineering Technology	All B.E
၂။	Electrical Power Engineering	က	Diploma in Renewable Energy System	B.E(EP.EC), M.Res(Phys), M.S(Engg:Phys), M.Sc(Phys)
		ခ	Diploma in Power System Control Engineering	B.E(EP.EC), M.Res(Phys), M.S(Engg:Phys), M.Sc(Phys)
၃။	Chemical Engineering	က	Diploma in Food Technology	B.E(Chemical), MBBS, BVS, B.Pharm, B.Med.Tch/B.Sc(IC) B.Sc(Chem, Zoo, Bot).B.Ag
၄။	Remote Sensing	က	Diploma in Remote Sensing & GIS	B.E(Civil, EC, IT, Min, PE) B.Arch, B.Sc(Geol, Forestry B.Marine Scienc), B.A(Geo)
၅။	Biotechnology	က	Postgraduate Diploma in Biotechnology	B.Sc(Chem, Zoo, Bot, Bio-ChE, IC, Bio-T), B.S(Bio-T)

၂။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့်မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်- (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်။)

(ခ) အခြေခံဘွဲ့လိုအပ်ချက်ပါဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူတို့ကိုတင်ပြရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့်လျှောက်ထားရမည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံသုံးပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်များမှ ဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကိုတင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို မန္တလေးနည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၂-၅-၂၀၁၄ ရက် (သောကြာနေ့)တွင် ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၅-၅-၂၀၁၄ ရက် (တနင်္လာနေ့)	အင်္ဂလိပ်စာ	၉း၀၀နာရီမှ ၁၂း၀၀နာရီ
၆-၅-၂၀၁၄ ရက် (အင်္ဂါနေ့)	သက်ဆိုင်ရာဘာသာရပ်	၉း၀၀နာရီမှ ၁၂း၀၀နာရီ

၆။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့်အမည်စာရင်းကို ၂၂-၅-၂၀၁၄ ရက် (ကြာသပတေးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၄-၅-၂၀၁၄ ရက် (စနေနေ့)မှစ၍ မန္တလေးနည်းပညာတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်သည်။ ဘွဲ့လွန်ဒီပလိုမာသင်တန်းတက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို ၂၀၁၄ ဇွန်လဆန်းတွင် ထုတ်ပြန်ကြေညာမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၃၆၃သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဂ/၇၂၁၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ဘုရားကြီးလမ်းရပ်ကွက်၊ မောင်းထောင်ကျောင်းလမ်းနှင့် ရွှေဟင်္သာလမ်းထောင့် ဘုရားကြီးလမ်းအား မျက်နှာမူထားသော ကုမ္မာရီအသင်းအမည်ရှိ အဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရှိရာမြေတို့အား သုံးဆယ်မြို့ရှိ ဘာသာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာ၌ အသုံးပြုရန်အတွက် အဆောက်အအုံအား အသစ်ပြန်လည်တည်ဆောက်ခြင်း၊ မြေပိုင်ဆိုင်မှုအမည်ပြောင်းခြင်းတို့ကို သုံးဆယ်မြို့ရှိ ဘာသာရေး၊ လူမှုရေးဆောင်ရွက်နေသော အသင်းအဖွဲ့များအမည်ဖြင့် ဆောင်ရွက်ရန်ရှိ၍ ယင်းကိစ္စအပေါ် ကန့်ကွက်လိုသူရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများပြသ၍ သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သာယာဝတီမြို့

အထူးကျေးဇူးတင်ရှိခြင်း
ဒေါ်ကြင်
အသက်(၇၂)နှစ်

ထိုင်းနိုင်ငံ Bumrungrad International Hospital ၌ ၂၇-၃-၂၀၁၄ ရက်တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားသော ဒေါ်ကြင် အသက်(၇၂)နှစ်အား နာမကျန်းဖြစ်နေစဉ်ကာလတွင် ထိုင်းနိုင်ငံအထိ လာရောက်၍ အားပေးစောင့်ရှောက်ခဲ့ကြသော လုပ်ငန်းရှင်များနှင့် မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ သတင်းစာ၊ E-mail, ဖုန်းတို့ဖြင့် ဝမ်းနည်းကြောင်း အားပေးနှစ်သိမ့်ခဲ့ကြသော မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ၄-၄-၂၀၁၄ ရက်တွင် ဗဟန်းမြို့နယ် ကွမ်းရင်စီတရုတ်ဗုဒ္ဓဘာသာကျောင်း၌ ဒေါ်ကြင် အသက်(၇၂)နှစ်အားရည်စူး၍ ပြုလုပ်ခဲ့သည့် ကုန်တိုက်အလှူတော်အခမ်းအနားသို့ လှူဖွယ်ပစ္စည်းများ၊ သင်္ကန်းများ၊ သစ်သီးခြင်းများနှင့်လွမ်းသူ့ပန်းခြင်းများပေးပို့ခဲ့ကြသည့် လုပ်ငန်းရှင်များနှင့် မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ကုန်တိုက်အလှူသို့ အနယ်နယ်အရပ်ရပ်မှ ကြွရောက်၍ ဂါရဝပြုနှစ်သိမ့်အားပေးခဲ့ကြသော လုပ်ငန်းရှင်များနှင့် မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ နာရေးကိစ္စ ဆောင်ရွက်နေစဉ်ကာလနှင့် ကုန်တိုက်အလှူတို့၌ အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော မိတ်ဆွေသင်္ဂဟများ၊ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၁၈/ခ၊ မြေကွက်တည်နေရာ ၄၈၊ ဇင်္ဂမလမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးညွန့်မောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးညွန့်မောင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီး ဒေါ်တိုးကြည် ၁၂/သကတ (နိုင်) ၁၀၅၁၀၂ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဇ၀န၊ မြေကွက်အမှတ် ၆၄၊ မြေကွက်တည်နေရာအမှတ် ၇၊ သီရိဂေဟာလမ်း၊ ဇ၀နရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဒေါ်တင်မြင့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်တင်မြင့်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးသန်းညွှန့် ၁၂/သဃက(နိုင်)၁၀၂၇၃၅က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၄၁၀/ခ၊ မြေကွက်တည်နေရာအမှတ် ၄၀၊ ၅လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်း ဦးမောင်ရီ ၁၂/သဃက(နိုင်)၀၈၄၁၆၃ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်ရီ(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်အေးမြင့် ၁၂/သဃက(နိုင်)၀၈၄၁၆၂က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် GP No.၁၉၆၂/၂၁-၁-၁၄ ရသူ ဦးထွန်းထွန်း ၁၂/သဃက(နိုင်) ၁၅၃၉၁၁မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၁၅၂/ခ၊ မြေကွက်တည်နေရာအမှတ် ၁၁၅၂/ခ၊ ယသာဝတီလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးအေးချိုအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအေးချို ကွယ်လွန်သဖြင့် ဒေါ်မြမြမော်၁၂/ဥကတ(နိုင်)၀၆၂၃၃၃က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊
ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား ဒါယကာကြီး
ဦးရွှေ
မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်း၏ရာသက်ပန်နာယက
ကန်ဟာတုံဘုံကျောင်းအသင်း၏ ဒု-ဥက္ကဋ္ဌ
ကျိုက်လတ်မြို့နယ်အသင်း၏ ဂုဏ်ထူးဆောင်နာယက
ဥက္ကဋ္ဌ၊ ရွှေသဇင်ကုမ္ပဏီလီမိတက်၊
ဥက္ကဋ္ဌ၊United GP Development Co.,Ltd.
Jewel Collection Manufacturing Co.,Ltd.
ဝါဝါဝင်းပဲခွဲစက်၊ ဝါဝါဝင်းစိန်ရွှေရတနာဆိုင်၊ ရတနာနန်းတော်၊
စိန်နန်းတော်စိန်ရွှေရတနာဆိုင်၊
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်တို့၏ဖခင်ကြီး
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ခြံအမှတ် ၁၀၂နေ ဦးမောင်မောင်ကြီး-ဒေါ်တင်တင်မွေး၊ ဦးအောင်ကျော်ဦး-ဒေါ်နန်းစံပွင့်ဆိုင်၊ ဒေါ်ယဉ်ယဉ်မွေး၊ ဦးကျော်လင်း-ဒေါက်တာဥမ္မာနု၊ ဒေါက်တာအောင်ကျော်ဝင်း-ဒေါက်တာသက်သက်ခိုင်တို့၏ဖခင်ကြီး၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၆-၄-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ည ၉း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးပိုင်-ဒေါ်ခင်မြတ်ဆွေ
မရွှေရည်ရွှန်းမြတ်(Julia)၊မောင်ခန့်ပိုင်စိုး(Albert)
Paing Family International Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊
ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား ဒါယကာကြီး
ဦးရွှေ
မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်း၏ရာသက်ပန်နာယက
ကန်ဟာတုံဘုံကျောင်းအသင်း၏ ဒု-ဥက္ကဋ္ဌ
ကျိုက်လတ်မြို့နယ်အသင်း၏ ဂုဏ်ထူးဆောင်နာယက
ဥက္ကဋ္ဌ၊ ရွှေသဇင်ကုမ္ပဏီလီမိတက်
ဥက္ကဋ္ဌ၊ United GP Development Co.,Ltd.
Jewel Collection Manufacturing Co.,Ltd.
ဝါဝါဝင်းပဲခွဲစက်၊ ဝါဝါဝင်းစိန်ရွှေရတနာဆိုင်၊ ရတနာနန်းတော်၊
စိန်နန်းတော်စိန်ရွှေရတနာဆိုင်၊
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်တို့၏ဖခင်ကြီး
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ခြံအမှတ် ၁၀၂နေ ဦးအောင်ကျော်ဦး-ဒေါ်နန်းစံပွင့်ဆိုင်တို့၏ဖခင်ကြီးသည် ၆-၄-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ည ၉း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်သောင်း-ဒေါ်ရီရီချို
အင်ကြင်းပွဲရုံ(ကျောက်ပန်းတောင်းမြို့)
ဦးတင်မြင့်-ဒေါ်ဝင်းဝင်းသန်း
ချောက်မြို့
ဦးအုန်းမောင်-ဒေါ်မြစန်း
ပခုက္ကူမြို့
အန်တီဝင်း၊ ကိုအောင်မိုး-မသင်းသင်း
ဝင်းမိသားစုပွဲရုံ(မကွေးမြို့)
ဦးဇော်မိုး
မုံရွာမြို့

မီးဘေးရှောင် မလောင်ခင်တား၊ တားဆီးကာကွယ် မီးရန်စွယ်

လူမှုရေးကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးရွှေ

အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်းနေ ဦးအောင်ကျော်ဦး-ဒေါ်နန်းစံပွင့်ဆိုင် (ဝါဝါဝင်းစိန်ရွှေရတနာဆိုင်)တို့၏ဖခင်ကြီး ဦးရွှေသည် ၆-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဦးမြင့်ဆွေ-ဒေါ်နီနီဝင်း

ခေတ်ဆန်း စိန်ရွှေရတနာဆိုင် (မကွေးမြို့)

ရေးမြို့နယ်အသင်း(ရန်ကုန်)

ရေးမြို့နယ်အသင်း ဂုဏ်ထူးဆောင်နာယက

သက်ကြီးကန်တော့ခံ

သီဟသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

ဦးချုသန်း

အသက်(၉၁)နှစ်

မော်လမြိုင်မြို့နေ (ဦးလှဖေ-ဒေါ်မြရင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၉၉/F နေ သုဓမ္မသိင်္ဂီဒေါ်ဝင်းကြည်၏ခင်ပွန်း၊ (ဒေါ်သောင်းခင်)၊ (ဦးချုရှိန်း-ဒေါ်လှကြူ)၊ ဒေါ်သောင်းကြည်၊ ဦးချုတီ-ဒေါ်မြင့်မြင့်ဝေတို့၏အစ်ကိုကြီးသည် ၉-၄-၂၀၁၄ရက် နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကုမာရ

သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အိုးဝကျေးရွာ၊ အနန္တဂုဏ်ရည်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရ(သာသနဓဇ ဓမ္မာစရိယ တိုင်းသံဃာဝန်ဆောင်မဟာထေရ်မြတ်)သည် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၅ရက်)၃၀-၄-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၁၄ရက်) ၂၈-၄-၂၀၁၄ရက်(တနင်္လာနေ့)တွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့်ဦးဝိနယနှင့် ဒါယကာ၊ ဒါယိကာမများ

ဝမ်းနည်းစွာကြေကွဲခြင်း

ဦးစံမြင့်(ခ)ဓာတ်ပုံခဲ့ကျော် (၅၉)နှစ်

EMBA 12 batch မှ ဒေါက်တာအောင်သူ၏ဖခင် ဦးစံမြင့်(ခ) ဓာတ်ပုံခဲ့ကျော် (၅၉)နှစ်သည် ၂-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) ဒေသစံတော်ချိန် ၁၃း၁၀ နာရီ (မြန်မာစံတော်ချိန် ၁၂း၀၀ နာရီ)တွင် အမေရိကန် (တိုင်ပေ)၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

EMBA 12 batch မှ ကျောင်းသား ကျောင်းသူများ
ရန်ကုန်စီးပွားရေးတက္ကသိုလ်

တစ်လပြည့်အလွမ်း

နန်းခင်မြတ်သွယ် အသက် (၃၉)နှစ် ကွယ်လွန်ခဲ့သည်မှာ ၉-၄-၂၀၁၄ ရက်တွင် တစ်လပြည့်ခဲ့ပါပြီ။ ယနေ့တိုင် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာဘုံဘဝရောက်နေမည်ဟု ယုံကြည်ကြပါသည်။

လားရှိုးသူနာပြုဒီပလိုမာ (၁၉၉၇-၂၀၀၀)ဆင်းသူငယ်ချင်းများ

ဒေါ်စန်းစန်းခိုင် အသက်(၈၇)နှစ်

လှိုင်မဟာစည် မင်္ဂလာဒုံ တိုက်ခွဲ-၁နှင့် ပြင်ဦးလွင် လှိုင်မဟာစည် သီလရှင်ကျောင်းတိုက်အလှူရှင်

အလုံမြို့နယ်နေ (ဦးချစ်ခိုင်-ဒေါ်အေးကြူ)တို့၏သမီး၊ (ဗိုလ်ကြီးစံဝင်း)၊ (ဒုတိယဗိုလ်မှူးကြီး အေးဝင်း)-ဒေါ်သန်းရီ၊ (ဦးမေအောင်)တို့၏ညီမ၊ (ဦးမြင့်အောင်)-ဒေါ်သိန်းဇင်၊ (ဒေါ်လှလှခင်)၊ (ဒေါ်မြမြသိန်း)၊ (ဦးချန်ထွန်းအောင်)-ဒေါ်မြင့်မြင့်သိန်းတို့၏အစ်မကြီး၊ [ဒေါ်ခင်ငြိမ်းကြွယ်(ခ)ပန်းချီစောနန်း]၊ ဒေါ်ခင်အေးကြွယ်၊ ဦးအောင်ဇေယျ၊ ဦးရန်နောင်၊ ဒေါ်ကဠနသိရီ၊ ဒေါ်ခင်ပိုတို့၏မိခင်ကြီး၊ မောင်စစ်ရှိန်း၊ မောင်စစ်ငြိမ်း၊ မောင်ချမ်းငြိမ်း၊ မောင်ဘိုဘိုအောင်၊ မောင်အောင်နန်းခန့်၊ မောင်ပီတာ၊ ဆမ်စည်သူနောင်၊ စတီဇေယျာနောင်တို့၏အဘွား၊ ဦးတင်အောင်မြ(ခ)ဦးဂွမ်တိတ်၏ဇနီးသည် ၉-၄-၂၀၁၄ရက် ည ၈း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၁၄ရက် နံနက် ၈နာရီတွင် ပန်းလှိုင်ဆေးရုံမှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄- ၂၀၁၄ရက်တွင် လှိုင်မြို့နယ်၊ (၁၁) ရပ်ကွက်၊ ယောဂီကျောင်းလမ်း၊ လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြရောက်ပါရန် ဓမ္မမိတ်ဆွေများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရှင်ဇဝန (ဦးစိန်ဝင်း) အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ မြေနီ ၂လမ်း၊ အမှတ် ၄၄နေ (ဦးရန်ရွှေ)-ဒေါ်အုန်းကြည်တို့၏သားကြီး၊ ဒေါ်ညွန့်ညွန့်ကြည်၊ ဦးစိန်မင်း-ဒေါ်အေးအေးမိုး၊ ဦးအောင်လွင်-ဒေါ်သက်သက်ဝေ၊ဒေါ်တင်တင်စိုး၊ ဒေါ်သီသီမိုး၊ ဒေါ်အေးအေးဝင်း၊ ဦးသန်းကျော်-ဒေါ်အေးအေးသင်း၊ ဦးသိန်းထူး-ဒေါ်ကြည်ကြည်ထွေးတို့၏အစ်ကိုကြီး၊ တူ၊တူမ ရစ်ယောက် တို့၏ဘကြီးသည် ၁၀-၄-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၂း၃၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၄ရက် (စနေနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ နံနက် ၁၁နာရီတွင် ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရှင်ဇဝန (ဦးစိန်ဝင်း) အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ မြေနီ ၂လမ်း၊ အမှတ် ၄၄နေ(ဦးရန်ရွှေ)-ဒေါ်အုန်းကြည်တို့၏သားကြီး၊ ကိုတင်ထွဋ်ဝင်း (M & E Engineer)-မတင်တင်အုံး၊ ကိုကျော်စွာဝင်း(ခေတ္တ-S'pore)-မနီနီလှိုင်၊ မအေးသူဇာဝင်း၊ ကိုချမ်းငြိမ်း-မနန္ဒာဝင်း(ခင်မောင်ညွန့် Trading)၊ မောင်အောင်ကျော်စိုးဝင်း (ခေတ္တ-S'pore) တို့၏ဖခင်ကြီး၊ အမှတ် ၁၀၈၇၊ ပတ္တမြား ၄လမ်း၊ ၇/အနောက်ရပ်ကွက်နေ ဒေါ်ရီရီဝင်း၏ခင်ပွန်း၊ မြေး လေးယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၂း၃၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၁၄ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဆွေ (ခရိုင်ဥပဒေအရာရှိ၊ ငြိမ်း)

အသက်(၆၈)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးမင်းသိန်းထွန်း-ဒေါ်ထက်ထက်ခိုင်တို့၏ ဖခင် ဦးမြင့်ဆွေ (ခရိုင်ဥပဒေအရာရှိ၊ ငြိမ်း)သည် ၆-၄-၂၀၁၄ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်ကြီးကျော်ဇင်လတ်(ငြိမ်း)-ဒေါ်မေပွင့်ဦးဝေ

ဗိုလ်ကြီးထက်ဝင်း(ငြိမ်း)-ဒေါ်ရွှေရည်မိုး

မမြတ်လှဲ့ခိုင် (ဒုတိယဦးစီးမှူး)

အောင်ဘာလေဌာနခွဲ၊ ပြည်တွင်းအခွန်များဦးစီးဌာန

အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာနေ ဦးဝင်းညွန့် [ဒုတိယညွှန်ကြားရေးမှူး (ပြည်တွင်းအခွန်များ ဦးစီးဌာန)]-ဒေါ်မေရီမြင့်တို့၏သမီး၊ (ဗိုလ်မှူးမော်လင်း)-ဒေါ်ဖြူဖြူဦးတို့၏သမီးချွေးမ၊ Dr. သန်းထွဋ်အောင်(CEO Eleven Media group)-ဒေါ်ယဉ်မော်ဦး တို့၏ညီမ၊ ကိုသန်းထွဋ်ဦး၏ဇနီး၊ ကိုမြတ်သီဟ(ခေတ္တ-စင်ကာပူ)၏ညီမ၊ ဗိုလ်ကြီးလှိုင်မျိုး-မစိုးမြတ်သန္တာ(ဒုတိယဦးစီးမှူး၊ FERD)၊မောင်မြတ်ချိုတို့၏အစ်မသည် ၁၀-၄-၂၀၁၄ရက် နံနက် ၆း၄၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

စောမျိုးဝင်းကျော် (ရန်ကင်းပညာရေးကောလိပ်)တောင်ငူမြို့

အသက်(၄၉)နှစ်

တောင်ငူမြို့၊ မြစ်အရှေ့ဘက်ကမ်း၊ အစ္စတုရပ် (၂၃)ရပ်ကွက်၊ နယ်မြေ(၂)နေ (ဦးစောအက်ဒဝပ်ထွန်းကျော်)-ဒေါ်ဖလော်ရီဒါတို့၏သား၊ ဆရာတော် လင်းဗင်းစတုံး-နော်ကေသီကျော်၊ စောမောင်မောင်ကျော်၊ စောမျိုးမင်းကျော်-မရီရီမြင့်တို့၏ညီ/မောင်၊ စောကျော်ကျော်စိုး၊ စောအောင်သန်းနိုင်တို့၏အစ်ကိုသည် ၈-၄-၂၀၁၄ရက်(အင်္ဂါနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၄-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၉နာရီတွင် တောင်ငူမြို့ အနောက်ခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်ပြီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဆရာဦးကျော်ဝင်း (ဆရာ William)

(M.A English)

ကထိက(ငြိမ်း)၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၄၈၊ တတိယ ထပ်(ဝဲ)၊ ၃၉လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်နေ (ဦးဝေါင်ရတ်ရှင်-ဒေါ်လိငွေဟိန်)တို့၏သား၊ (ဦးဘဆန်း-ဒေါ်ခင်ခင်သန်း)တို့၏သားသမက်၊ [ဒေါ်ခင်ဝေဆန်း (M.A English) ကထိက၊ ငြိမ်း၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်]၏ခင်ပွန်း၊ ဒေါ် Choon Lan ၊ ဦးသန်းညွန့်၊ ဦးဝင်းစိန်၊ (ဦးဇော်မင်း)တို့၏ညီ/မောင်၊ ဒေါက်တာဦးမျိုးဆန်း၊ ဒေါ်ခင်မာဆန်း၊ဒေါ် Ivy ဘဆန်းတို့၏အစ်ကို၊ ဦးဝင်းဆန်း-ဒေါ်မြဥမ္မာခိုင်တို့၏ဖခင်၊ မောင်အောင်ကောင်းမြတ်(Grade-5၊ ထ-၅၊ ဗိုလ်တထောင်)၏အဘိုးသည် ၈-၄-၂၀၁၄ရက်(အင်္ဂါနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

၆.၄.၂၀၁၄ နေ့က ကွယ်လွန်ခဲ့သော အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဖခင်ကြီးဦးရွှေ (မြန်မာနိုင်ငံတရုတ်ကုန်သည်ကြီးများအသင်း၏ ရာသက်ပန်နာယက၊ ကန်ဟာတုံဘုံကျောင်းအသင်း၏ ဒု-ဥက္ကဋ္ဌ၊ ကျိုက်လတ်မြို့အသင်း၏ ဂုဏ်ထူးဆောင်နာယက၊ ရွှေသဇင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ၊ United GP Development Co.Ltd၊ Jewel Collection Manufacturing Co.Ltd၊ ဝါဝါဝင်းပဲခွဲစက်၊ ဝါဝါဝင်းစိန်ရွှေ ရတနာဆိုင်၊ ရတနာနန်းတော်၊ စိန်နန်းတော်၊ ရွှေနန်းတော်၊ Diamond City စိန်ရွှေရတနာဆိုင်တို့၏ ဖခင်ကြီး)နာမကျန်းဖြစ်စဉ်က စင်ကာပူနိုင်ငံ Gleneagles Hospital၊ Mount Elizabeth Hospital၊ National Cancer Centre Singapore General Hospital၊ ရန်ကုန်မြို့ SSC ဆေးရုံကြီး၊ Home Medical Services မှ ဆေးရုံအုပ်ကြီး၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီးများနှင့် သမားတော်ကြီးများ၊ ဆေးရုံဝန်ထမ်းများလည်းကောင်း၊ နာရေးကိစ္စအတွက် အဘက်ဘက်မှ မေတ္တာဖြင့်အကူအညီပေးကြပါသော ရွှေသဇင်ကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ အကြီးအကဲများ၊ ကန်ဟာတုံဘုံကျောင်းအသင်းအဖွဲ့၊ ဂီဟွားရှာအဖွဲ့၊ ဖုကျန့်အသင်းအဖွဲ့၊ တရုတ်အမျိုးသားကုသိုလ်ဖြစ်အဖွဲ့၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်း၊ ခိန့်ဟုတ်ဘုရားကျောင်းအသင်း၊ ကူလွန်တီးဝိုင်းအဖွဲ့၊ ယူနန်ဘုံကျောင်းအသင်းအဖွဲ့၊ တရုတ်အမျိုးသမီးအသင်းအဖွဲ့၊ တုန်းဖန်းပညာရေးကျောင်း၊ ဖုရှင်းပညာရေးကျောင်း၊ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့၊ နန်ယန်ကျောင်းသားဟောင်းအသင်းအဖွဲ့၊ ဟွာကျိုတရုတ်ကျောင်းသားများအသင်း၊ ကျိုက်လတ်မြို့နယ်အသင်း၊ တရုတ်အမျိုးသားစာကြည့်တိုက်အသင်း၊ ကျန့်တိတ်အသင်းအဖွဲ့၊ UMFCCI၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ/ဆရာမများနှင့် သူငယ်ချင်းများ၊ ရန်ကုန်ဆေးတက္ကသိုလ်များမှ ပါမောက္ခဆရာဝန်ကြီးများနှင့် သူငယ်ချင်းဆရာဝန်ကြီးများ၊ မိသားစုကူညီစောင့်ရှောက်ရေး (ကျင်ဟိုး)အသင်း၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ အလုပ်အမှုဆောင်အဖွဲ့များအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ ဝမ်းနည်းကြေကွဲကြောင်းစကားပြောဆိုခဲ့ကြသော စီးပွားရေးနယ်ပယ်အသီးသီးမှ လုပ်ဖော်ကိုင်ဖက်များနှင့် မိတ်ဆွေသင်္ဂဟများ၊ သတင်းစာများတွင် ဝမ်းနည်းကြေကွဲခြင်းမှတ်တမ်းထည့်သွင်းပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်း၊ E-mail တို့ဖြင့် ဝမ်းနည်းကြေကွဲကြောင်း စကားသဝဏ်လွှာများ ပေးပို့ခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပမှ မိတ်ဆွေသင်္ဂဟများ၊ ၁၀.၄.၂၀၁၄ နေ့က ရေဝေးတရုတ်သုသာန်တွင်ပြုလုပ်သော နာရေးအခမ်းအနားတွင် ကိုယ်တိုင်ကိုယ်ကျလိုက်ပါပို့ဆောင်ကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပေးပို့ကြပါသော မိတ်ဆွေသင်္ဂဟများ၊ ရက်လည်အလှူဒါနအတွက် လှူဒါန်းကုသိုလ်ပြုပေးခဲ့ကြပါသော မိတ်ဆွေသင်္ဂဟများအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း

ကျန်ရစ်သူမိသားစု

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သီမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်ရင်

အသက်(၈၇)နှစ်

ဦးသန်းအောင် (ညွှန်ကြားရေးမှူးချုပ်၊ အခွန်အယူခံခုံအဖွဲ့ရုံး)-ဒေါ်အေးအေးဝင်းတို့၏မွေးသမိခင် ဒေါ်စိန်ရင်သည် ၁-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်ဇနီး ဒေါ်နန်းဖြူဖြူအေး မိသားစု
သမ္မတရုံးဝန်ကြီးဌာန(၂)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ညွန့်နွယ် (ဘိုကလေး)

အသက်(၈၂)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်နှင့်ဇနီး ဒေါ်မေသက်ထွန်းတို့၏မိခင် ဒေါ်ညွန့်နွယ်သည် ၄-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ-ပါမောက္ခဒေါက်တာဒေါ်ခင်ဆွေမြင့်
ယဉ်ကျေးမှုဝန်ကြီးဌာန

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ငွေး [အထက(၃) ကြည့်မြင်တိုင်]

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၆၇-A၊ အခန်း ၅၀၃၊ ရွှေဂုံတိုင်၊ ယုဇနတာဝါဝင်းနေ (ဦးကျော်-ဒေါ်ထွေး)တို့၏သားကြီး၊ (ဦးသန်း-ဒေါ်လှမေ)တို့၏သားသမက်၊ ဒေါ်အေးအေးသန်း၏ခင်ပွန်း၊ မကြည်မိုးဟန်၊ မောင်သန့်ဇင်ထွန်း(Contury Shipping)တို့၏ဖခင်ကြီးသည် ၉-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၂၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၄ရက်(သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပုဏ္ဏားပုံ ဒေါ်တရုတ်မ

အသက်(၆၅)နှစ်

တောင်ဥက္ကလာပမြို့နယ်နေ (ပုဏ္ဏားပုံ ဦးကျော်အေး-ဒေါ်ပု)တို့၏သမီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဓ)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အမှတ် ၃၄၅နေ နတ်မောက်ဦးစိန်သန်း၏ဇနီး၊ မလှဥမ္မာ၊ ကိုသန့်ဇော်၊ ပုဏ္ဏားပုံတင်မာဝင်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၀-၄-၂၀၁၄ရက်(ကြာသပတေးနေ့)ည ၁၁း၃၀နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၄ရက် (စနေနေ့) ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေးဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ ညနေ ၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးခင်မောင်ဇော် အသက်(၅၉)နှစ်

လ/ထ စက်ရုံမှူး၊ သံမဏိစက်ရုံ(အင်းစိန်)

အင်းစိန်မြို့နယ်၊ တိုက် ၃၊ ခြံအမှတ် ၉၅၊ ကံ့ကော်ရိပ်သာ၊ အောက်မင်္ဂလာဒုံလမ်းမကြီးနေ ဒေါ်ခင်လေးညွန့်(အလပြ၊ ငြိမ်း၊ အထက-၁၊ အင်းစိန်)၏ခင်ပွန်း၊ ဦးသူရဇော်(မန်နေဂျာ၊ မြင့်မိုရ်ဝင်းဆန်းကုမ္ပဏီ)-ဒေါ်မော်မော်လွင်တို့၏ဖခင်၊ မမြဘုန်းခင်၊ မဆုရှင်းသန့်မောင်တို့၏အဘိုး၊ ဒေါ်တင်မြဆွေ(အထပြ၊ ငြိမ်း)၊ ဦးအောင်မြတ်ဖေ(ရုပ်ရှင်ကော်ပိုရေးရှင်း၊ ငြိမ်း)၊ ဒေါ်လှလှဝင်း(ရုပ်ရှင်ကော်ပိုရေးရှင်း၊ ငြိမ်း)၊ ဦးသိန်းထွန်း(ပါမောက္ခ၊ ငြိမ်း၊ မွေး/ဆေးတက္ကသိုလ်)၊ ဒေါ်တင်မြအေး(မန်နေဂျာ(ငြိမ်း)၊ မွေး/ရေ)၊ ဦးတင်ဆွေ(လေကြောင်းအရာရှိ၊ ငြိမ်း)-ဒေါ်ငွေးငွေးမြင့်(အလပြ၊ငြိမ်း)၊ ဒေါ်စိန်းစိန်းမြင့်(စာရင်းကိုင်၊ ငြိမ်း၊ လူမှုဖူလုံရေး)တို့၏မောင်၊ ဦးခင်မောင်မော်(ညွှန်/ချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်ညိုညိုအောင်၊ ဦးခင်မောင်ကျော်(ဒု/ညွှန်မှူး၊ မော်လိုက်ခရိုင်အုပ်ချုပ်ရေးမှူး)-ဒေါ်ဥမ္မာအောင်တို့၏အစ်ကိုသည် ၁၁-၄-၂၀၁၄ရက် (သောကြာနေ့) နံနက်၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမောင်ဟန်(ခ)မိုဟန်

အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ အမှတ် ၂၇/၂၉ (ပထမထပ်)နေ ဒေါ်ရှန်သီရာရ်၏ခင်ပွန်း၊ကိုအောင်ဟန်-မမိုနား၊ကိုအေးမင်း၊ ကိုကျော်ထူး-မနေနွယ်အောင်၊ ကိုသိန်းနိုင်ဝင်းတို့၏ဖခင်သည် ၈-၄-၂၀၁၄ရက် ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် မြောက်ဥက္ကလာပ တမီလ်ဟိန္ဒူရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးဇော်ထွန်း

B.Sc (Maths)

အသက်(၃၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တိုက်(B)၊ အခန်း ၆၀၅နေ ဦးအေးထွန်း-ဒေါ်တိုးတိုးအောင်တို့၏သား၊ဦးဝင်းညွန့်-ဒေါ်သက်သက်(MPPE)တို့၏ သားသမက်၊ Capt. ရန်မျိုးအောင်(Uniteam Co.)-ဒေါ်ယဉ်မျိုးပိုက်၊ ဦးထွန်းထွန်းဇော်-ဒေါ်ယဉ်ယဉ်အေး(BKK)၊ ဦးကျော်ဖြိုးအောင်(USA) - ဒေါ်နွဲ့နွဲ့လွင်(USA)တို့၏ညီ/မောင်၊ ဒေါ်ပွင့်ဖြူ၏ခင်ပွန်းသည် ၁၁-၄-၂၀၁၄ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၄ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်မာဝေမြင့်

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ သဒ္ဒါရုံလမ်းမကြီးအရှေ့၊ အမှတ် ၈၉ (A)နေ (ဦးကြည်မြင့်)-ဒေါ်တင်ရှုတို့၏သမီး၊ ဦးငွေးအောင်မြင့်၏အစ်မ၊ ဦးထွန်းသူ၏ဇနီး၊ ကိုဗိုလ်ဗိုလ်-မခင်သန္တာထွန်း၊ကိုကျော်ငွေး-မခင်မာလာထွန်း၊ မောင်ဖြိုးပြည့်စုံထွန်းတို့၏မိခင်၊ မောင်ထက်ဦးယံ၏အဘွားသည် ၁၀-၄-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၄း၀၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၄ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကိုဝင်းမင်းထိုက်

အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်းမကြီးနေ ဦးသန်းထိုက် (ရွာသစ်ကြီးသန်းထိုက်)-ဒေါ်မြစန်းတို့၏သား၊စစ်ကိုင်းတိုင်းဒေသကြီး၊ ရွာသစ်ကြီးရွာနေ ဦးချစ်ဆွေ-ဒေါ်စန်းစန်းမြင့်တို့၏ သားသမက်၊ မအေးမွန်ထိုက်၊မနွယ်မွန်ထိုက်တို့၏အစ်ကို၊ မနီနီနော်ဇာ(အလပြ)၏ခင်ပွန်း၊ မယုဇနရွှေရည်၏ဖခင်သည် ၁၀-၄-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၁၄ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရွာသစ်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ဒေါင်း

အသက်(၁၀၃)နှစ်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ မေခလမ်း၊ အမှတ် ၉/၁၅၈နေ (ဦးစောဖေ-ဒေါ်ရွှေသွယ်)တို့၏သမီး၊(ဦးပေါတာ-ဒေါ်ရွှေဖော့)တို့၏သမီးချွေးမ၊ (ဦးသာဒင်)၏ဇနီး၊ (ဦးတင့်ဆွေ)-ဒေါ်သောင်းကြည်၊ (ဦးစိန်ဘန်း)-ဒေါ်သန်းတင့်၊ (ဦးခင်မောင်သိန်း)-ဒေါ်သိန်းမြင့်၊ (ဦးမြင့်ဆွေ)-ဒေါ်မြသိန်း၊ ဦးကျော်မြင့်-(ဒေါ်ယဉ်ဥ)၊ ဦးလှအောင်-ဒေါ်မြသန်းစိန်၊ ဦးကြီးမြင့်-ဒေါ်ခင်စိုး၊ ဦးတင်လှ-ဒေါ်တိုးရီတို့၏မိခင်၊ မြေး ၃၉ယောက်၊ မြစ် ၄၁ယောက်၊ တီနှစ်ယောက်တို့၏အဘွားသည် ၉-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၄ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဒေါ်ခင်မြ (တောင်ငူမြို့)

အသက်(၉၄)နှစ်

တောင်ငူမြို့၊ (၁၁)ရပ်ကွက်၊ ခင်လယ်ရွာ(ကျွန်းတောကုန်း)နေ (ဦးစိန်-ဒေါ်ပု)တို့၏သမီး၊ (ဦးစံပေါ၊ သစ်တော)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)တိုးတိုး(ခ)ဇော်ထက်-ဒေါ်အေးအေးမြင့်၊ဦးအောင်မြင့်(အင်ဂျင်နီယာချုပ်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)-ဒေါ်ထားထားမြင့်၊ ဦးမောင်မောင်လွင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်)-ဒေါ်သန်းသန်းညွန့်၊ ဦးထွန်းလှိုင်-ဒေါ်ချိုချိုလွင်တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၀-၄-၂၀၁၄ရက် ည ၇း၀၂နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၄ရက် ညနေ ၃နာရီတွင် တောင်ငူမြို့ ကင်းဆိပ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မြ

အသက်(၉၄)နှစ်

တောင်ငူမြို့၊ ကျွန်းတောကုန်းရပ်၊ ခင်လယ်ရွာနေ (ဦးစံပေါ)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးဇော်ထက်(ခ)တိုးတိုး(ငြိမ်း) - ဒေါ်အေးအေးမြင့်၏ မိခင်၊ ဒေါက်တာကျော်စိုးလင်း-ဒေါ်နန်းမိုးအေး၊ ဒုတိယဗိုလ်မှူးကြီးဆန်းဌေးမောင်-ဒေါ်အေးပပလင်း၊ ဗိုလ်မှူးမင်းဇော်လင်း-ဒေါ်စုမြဇင်တို့၏ အဘွားသည် ၁၀-၄-၂၀၁၄ရက် ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ် (သင်္ချာဌာနနှင့်အသုံးချသင်္ချာဌာနမိသားစု)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြစန်း

ကျောင်းဆရာမ(ငြိမ်း)၊ အထက(၁)ခရမ်း

အသက်(၈၄)နှစ်

ကျောက်တန်းမြို့၊ ရွှေကုန်းရပ်နေ (ဦးအေးမောင်-ဒေါ်လှရင်)တို့၏သမီး၊ ခရမ်းမြို့၊ ကန်တော်လေးလမ်းနေ ရွှေကုန်သည်(ဦးထွန်းအေး-ဒေါ်လှစိန်)တို့၏သမီးချွေးမ၊ (ဦးအောင်မြင့်)၏ဇနီး၊ ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ တိုက် ၁၃၊ အခန်း ၃၊ ရွှေအုန်းပင်အိမ်ရာနေ ဒေါ်ချိုချိုအောင်(လက်ထောက်ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)၊ ဒေါ်ဝေဝေအောင်(Friendship Fashion Shop)၊ (ဦးအေးကျော်အောင်)၊ ဦးသန်းဆွေဦး-ဒေါ်နွယ်နွယ်အောင်(စက်သုံးဆီ သယ်ယူပို့ဆောင်ရေး)၊ ဦးဝင်းကျော်အောင်-ဒေါ်နီနီလှိုင်တို့၏မိခင်၊ မအိမြတ်မွန်(ခေတ္တ-စင်ကာပူ)၊ မဖူးပြည့်စုံတို့၏အဘွားသည် ၁၁-၄-၂၀၁၄ရက်(သောကြာနေ့)နံနက် ၃း၃၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၄ရက်(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးတင်ဝင်း(ခ)ဦးအာစန်း

အသက်(၆၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၂လမ်း၊ အမှတ် ၉၁၊ (၇/၈)လွှာနေ (ဦးမောင်ဟုတ်) - ဒေါ်သန်းကြင်တို့၏ သား၊ ဒေါ်သန်းသန်းအေး(ခ)ဒေါ်ယဉ်ယဉ်၏ခင်ပွန်း၊ ကိုသီဟ-မနေရည်စန်းဝင်း၊ မောင်မျိုးမောင်မောင်ဝင်း၊ မောင်သူရိန်ဝင်းတို့၏ဖခင်၊ မစန်းသီတဂူ၏အဘိုးသည် ၁၁-၄-၂၀၁၄ရက်(သောကြာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဆရာမဒေါ်အေးအေးယု

(အလယ်တန်းပြ)
အထက(ခွဲ)အလက(၁)
ထားဝယ်မြို့

အသက်(၅၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ တလိုင်းမရပ်၊ မြိတ်တန်းလမ်း၊ (၁၂/ခ)နေ ဦးယုစိန်-ဒေါ်ယုန်ကြည်၊ ဦးသိန်းအောင်-ဒေါ်ညွန့်စိန်တို့၏သမီး၊ ဒေါ်မြင့်စိန် (မြင့်မြင့် ငါးမုန့်)၏ တူမ၊ ကိုချစ်ဝင်း-မသိန်းသိန်းယု၊ မမြင့်မြင့်ယု၊ မစန်းစန်းမော်၊ မတင့်တင့်ယုတို့၏ အစ်မ၊ မဇင်ဇင်ငြိမ်း၏ အဒေါ်သည် ၉-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၅နာရီတွင် အထပ်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၄ ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်သန်း (မော်ကျွန်း)

အသက်(၇၅)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ် ၄၉နေ (ဦးမောင်လှ-ဒေါ်စိန်တင်)တို့၏ သမီး၊ ဦးဝင်းကြည်၏ညီမ၊ ဦးအောင်မြင့် (ဖွံ့ကွန်ရက် အလုပ်အကိုင် ရှာဖွေရေးကုမ္ပဏီ)-ဒေါ်သန်းသန်းအေး(ခ) မချို၊ ဒေါ်စန်းစန်းဝေ (Mother Home Internet)၊ ဦးမျိုးမြင့်-ဒေါ်စန်းစန်းမော်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၁၁-၄-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၆း၅၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ၂နာရီတွင်ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အေးမြင့်

(အလယ်တန်းပြဆရာမ)
အထက(၅)အင်းစိန်

အသက်(၅၉)နှစ်

အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ် ၂လမ်းနေ (ဦးခင်မောင်ဘတ်)-ဒေါ်ရီတို့၏သမီး၊ (ဦးတင်ဦး)-ဒေါ်ခင်လေးဆွေ(သက္ကလ)တို့၏ညီမ၊ ကိုထွန်းထွန်းဝင်း(Total E&P)-မဖြူဖြူသင်း၊ ကိုကျော်ကျော်သက်(Ladies ဂျာနယ်)၊ မလဲ့ဝေမိုး (တိုကျို-ဂျပန်)တို့၏ မိခင်၊ မအေးဖြူစင်ထွန်း (ဖွေးဖွေး) Total Summer School၊ မနှင်းဖြူစင်ထွန်း (တကူကူး)တို့၏အဘွား၊ ဦးခင်မောင်ထွန်း(ဆောက်လုပ်ရေး၊ ငြိမ်း)၊ (မောင်စမ်းအေး၊ သဲကုန်း)၏ဇနီးသည်၁၁-၄-၂၀၁၄ရက်(သောကြာနေ့) ညနေ ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါကြောင်းဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယကာကြီး

ဦးသိန်းရွှေ (ဇစရ-၃၉၄)

လဝက(ငြိမ်း)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ပုဂံလမ်းမကြီး၊ ၁၄/၆/၃၉၅နေ (ဦးမောင်ဒွေး-ဒေါ်ပု)တို့၏သား၊ (ဦးစံရင်-ဒေါ်အေးတင်)တို့၏သားသမက်၊ ဒေါ်ကျင်စိန်၏မောင်၊ ဒေါ်မြသန်းခင်၏အစ်ကို၊ ဒေါ်ခင်ရွှေ၏ခင်ပွန်း၊ ဦးထွန်းထွန်းအောင်-ဒေါ်သီသီငွေး၊ ဒေါ်မာမာသိန်း(အထက-၆၊ ရွှေပေါက်ကံ)၊ ဒေါ်စီစီငွေး(အမက-၄၈၊ရွှေပေါက်ကံ)၊ဦးသန့်ဇင်(လ/ထညွှန်ကြားရေးမှူး၊လဝက)-ဒေါ်ဝါဝါရွှေ၊ဦးသန်းအောင်(ဒု-လဝကမှူး)-ဒေါ်ကြူကြူခိုင် (အလက-၁၁၊ ဒဂုံတောင်)၊ ဦးသန်းထွဋ် (ဒု-လဝကမှူး)-ဒေါ်စုစုဝင်း (TTC ကမာရွတ်)တို့၏ဖခင်၊မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၁၄ရက် (ကြာသပတေးနေ့)နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၁၄ရက်(စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ဒါယကာကြီး

ဦးခင်လှ

Ex / Electrical officer (PIL,Co.,Ltd.)

အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဥယျာဉ်စုကျေးရွာနေ (ဦးအောင်ငြိမ်း - ဒေါ်တင်လှိုင်)တို့၏ သားကြီး၊ အင်းစိန်မြို့နယ်၊ အဝေရာလမ်းနေ (ဦးလွန်းမောင် - ဒေါ်ပု)တို့၏ သားသမက်၊ ဒေါ်တင်တင်လှ(ဒါရိုက်တာ သီရိစန္ဒာကုမ္ပဏီ)၏ခင်ပွန်း၊ (ဦးခင်မြ)-ဒေါ်ဝင်းတင့်၊ (ဦးထွန်းမြင့်)-ဒေါ်စိုးချစ်၊ ဦးကျော်သောင်း-ဒေါ်ကြည်ကြည်ငွေး၊ ဦးစံထွေး-ဒေါ်အေးမြင့်၊ ဦးဝင်းမြင့်သိန်း-ဒေါ်မြမြကြည်တို့၏ အစ်ကိုကြီး၊ တူ၊ တူမ ၁၈ယောက်တို့၏ ဘဘကြီးသည် ၁၀-၄-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၈း၃၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၄ ရက်(စနေနေ့)ညနေ ၅နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမ
တူ၊ တူမတစ်စု

ဒေါ်အိအိ (ဖျာပုံ)

မြန်မာ့သိပ္ပံနှင့်နည်းပညာ
သုတေသနဦးစီးဌာန

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ဟားခါးလမ်း၊ အမှတ် ၄၁/ခနေ (ဦးတင်ရွှေ E.P.C အငြိမ်းစား-ဒေါ်စုစု)တို့၏ သမီးကြီး၊ ဦးကျော်စွာ-ဒေါ်ရီရီဝင်း၊ ဒေါ်ဝေဝေ၊ ဦးဝဏ္ဏ (Petra Energy)၊ ဦးတက်တိုး - ဒေါ်ညွန့်ညွန့်သန်းတို့၏ အစ်မကြီး၊ မောင်ဝေဟင်ကျော်စွာဦး၊ မဝတ်မှုန်ကျော်စွာဖူး၊ မမြတ်သီဂီစိုး၊ မောင်ဇော်ဝေယံတိုးတို့၏အဒေါ်သည် ၁၀-၄-၂၀၁၄ရက်(ကြာသပတေးနေ့)ညနေ ၃း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၄ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မမြတ်လဲ့ခိုင် (ဒု-ဦးစီးမှူး)

အောင်ဘာလေသိန်းဆုဌာနခွဲ
ပြည်တွင်းအခွန်များဦးစီးဌာန

အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာနေ ဦးဝင်းညွန့် (ဒုတိယ ညွှန်ကြားရေးမှူး၊ပြည်တွင်းအခွန်များဦးစီးဌာန) - ဒေါ်မေရီမြင့်တို့၏ သမီးသည် ဗဟိုစည်ဆေးရုံ၌ ၁၀-၄-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၆း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့
ဝက်လက်မြို့နယ်အသင်း(ရန်ကုန်)

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရေစကြိုမြို့၊ အောင်မြေသာယာသူဌေးတိုက်ကျောင်းဆရာတော်

ဘဒ္ဒန္တသုမင်္ဂလ (ဦးသိန်းဟန်)

သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ရေစကြိုမြို့၊ အောင်မြေသာယာသူဌေးတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တသုမင်္ဂလ(ဦးသိန်းဟန်)သည် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၉ရက်) ၈-၄-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၃ရက်) ၁၂-၄-၂၀၁၄ရက် (စနေနေ့) ညနေ ၃နာရီတွင် အန္တိမအဂ္ဂိစျာပန ပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဇဝန မဟာထေရ်

သက်တော်(၆၇)နှစ်၊ သိက္ခာတော်(၄၂)ဝါ

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာ၊ အောင်မင်္ဂလာရပ်ကွက်၊ သာသနပါလကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇဝန မဟာထေရ်သည် ၇-၄-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃-၄-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် စံကျောင်းချပွဲနှင့် ၂၇-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

တပည့်၊ ရဟန်းသံဃာနှင့်
စျာပနဖြစ်မြောက်ရေးကော်မတီအဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း ဒါယကာကြီး

ဦးမောင်လှ(မော်လမြိုင်ကျွန်းမြို့) အသက်(၉၁)နှစ်

သီရိသုဓမ္မမဏိဇောတရေ

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ မြို့မ (၇)ရပ်ကွက်၊ ၁၄လမ်း၊ အမှတ် ၄၆နေ(ဦးဒူဒါး-ဒေါ်ကြည်အေး)တို့၏သား၊ ဦးတင်အေး-ဒေါ်သန်းသန်းငွေး(မိဘမေတ္တာ ဆန်စက်)၊ ဦးငွေးလှိုင်-ဒေါ်စန်းစန်းဝင်း(နန္ဒဝန်ဆန်စက်)တို့၏ဖခင်၊ ဒေါ်ရွှေစိန်(သီရိသုဓမ္မသီရီ)၊ (ဒေါ်မြလွင်)တို့၏ခင်ပွန်း၊ မြေးငါးယောက်၊မြစ်လေးယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၉း၂၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၄ရက်(စနေနေ့)တွင် ကျီးနှစ်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

ဦးခင်လှ

Ex/Electrical officer (PIL,Co.,Ltd.)

အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဥယျာဉ်စုကျေးရွာနေ(ဦးအောင်ငြိမ်း-ဒေါ်တင်လှိုင်)တို့၏သားကြီး၊ အင်းစိန်မြို့နယ်၊ အဝေရာလမ်းနေ (ဦးလွန်းမောင်-ဒေါ်ပု)တို့၏သားသမက်၊ဒေါ်တင်တင်လှ(ဒါရိုက်တာ၊သီရိစန္ဒာကုမ္ပဏီ)၏ခင်ပွန်း၊ ဦးကျော်သူ(ဒုတိယအရာရှိ၊ MTM)-ဒေါ်ယဉ်မွန်ဖြူ၊ Capt. ဇော်နိုင်ချို(MTM)-ဒေါက်တာခင်စန္ဒာသော်(ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးဇော်ဝင်း(Pro Photo)-ဒေါက်တာခင်သူဇာမော် (လ/ထ ကထိက၊ ရက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးဇော်မင်းထွန်း-ဒေါ်ခင်မူယာတင်(ခေတ္တ-ဂျပန်)တို့၏ဖခင်၊ မြေးလေးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၀-၄-၂၀၁၄ရက်(ကြာသပတေးနေ့)ည ၈း၃၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၁၄ရက်(စနေနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများညနေ ၄နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ကိုအောင်မင်းထွန်း(ခ)အင်ကက်မင်း

(Director)
Seven Golden Lions Ent., Ltd.
Sun Rays Trading & Industrial Co., Ltd.
Saji Industrial Co.,Ltd.
Vegetable Daily Growth International Trading Co., Ltd.

အသက်(၃၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ၁၄လမ်း၊ အမှတ် ၇၄နေ (ဦးနောက်တိုး-ဒေါ်တင်အေး)၊ (ဦးချွာအော်တီ-ဒေါ်စောတင်ခွမ်)တို့၏ မြေး၊ ဦးအောင်ဝင်း-ဒေါ်စန္ဒာမြင့်တို့၏သား၊ ကိုဇော်မင်းအောင်-ဒေါက်တာ ဖြူသွယ်ချိုတို့၏ညီ/မောင်၊ မောင်လင်းထွန်းအောင်၊ မစုရည်ဝင်းတို့၏အစ်ကိုသည် ၁၁-၄-၂၀၁၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၄ ရက် (စနေနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ဝင်းဝင်းမြင့်

အထက်တန်းပြဆရာမ(ငြိမ်း)
ညောင်လေးပင်မြို့နယ်

အသက်(၆၄)နှစ်

ညောင်လေးပင်မြို့နယ်၊ မြို့မ(၁)ရပ်ကွက်၊ကန်တော်ဦး ၂လမ်းနေ(ဦးညီမောင်ကြီး - ဒေါ်အောင်ဆယ်)တို့၏ သမီး၊ (ဦးဘတူ-ဒေါ်လုံးတင်)တို့၏ သမီးချွေးမ၊ (ဦးကြည်မြင့်၊ မြို့နယ်မန်နေဂျာ၊ ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ဇနီး၊ ဦးအောင်အောင်(ခ)ဦးဇရာကြည်မြင့် (လေယာဉ်မှူးကြီး၊ Air KBZ)-ဒေါ်ခင်သူဇာအောင်၊ဦးဇေယျာကြည်မြင့် (ခ) ဦးညီညီ(ခ) ဦးဇေယျာ (လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်တွင်းများအခွန်ဦးစီးဌာန၊ ငြိမ်း)-ဒေါ်နီလာဝင်း၊ ဦးအာကာကြည်မြင့်(လက်ထောက် ဦးစီးမှူး၊ စက်မှုသီးနှံ)-ဒေါ်အေးအေးခတ်(AK စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်)၏မိခင်ကြီး၊မြေးခြောက်ယောက်တို့၏အဘွားသည် ၁၀-၄-၂၀၁၄ရက် ည ၉း၂၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၁၄ရက်မွန်းတည့် ၁၂နာရီတွင် ညောင်လေးပင်မြို့ အရှေ့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ကျန်မ

(ကလန့်တဲ၊ ကျောက်ဖြူ)
B.A,B.E.D ကျောင်းအုပ်၊
အမက(မူလွန်)ကလန့်တဲ

အသက်(၅၄)နှစ်

ကျောက်ဖြူမြို့နယ်၊ ကလန့်တဲကျေးရွာနေ (ဦးငပု-ဒေါ်မေသံဒုံ)တို့၏ သမီး၊ ကလန့်တဲကျေးရွာနေ ဦးလှကျော်-ဒေါ်ဝေသံညို၊ ဦးကျားဘို-ဒေါ်ဘုံမ၊ ဇင်ချောင်းရွာနေ ဦးကျန်မောင်-ဒေါ်သန်းစိန်၊ ကလန့်တဲကျေးရွာနေ (ဦးဝေဘ) - ဒေါ်ခင်ရွှေတို့၏ ညီမ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇိတာ ၁လမ်း၊ အမှတ် ၁၀၀၄နေ ဦးကျော်ရွှေ-ဒေါ်ခင်စောတို့နှင့် တူ၊ တူမ ၁၈ယောက်တို့၏ အဒေါ်သည် ၁၀-၄-၂၀၁၄ရက် ည ၈း၃၀နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြောက်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပုဂံဒေသသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကြောင့် မြန်မာ့ခရီးသွားလုပ်ငန်း၏ အဓိကဆွဲဆောင်မှုဖြစ်

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှလေကြောင်းခရီးဖြင့် ထွက်ခွာလာကြပြီး မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးလေဆိပ်သို့ ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ပုဂံမြို့ရှိ ပုဂံရှေးဟောင်း သုတေသနပြတိုက်သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား ပြဋ္ဌာန်းထားရှိသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဇုန်အလိုက် နယ်မြေများသတ်မှတ်ကာ ထိန်းသိမ်းစောင့်ရှောက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က မြန်မာနိုင်ငံအတွင်းသို့ နှစ်အလိုက် နိုင်ငံခြားဧည့်သည်လာရောက်မှုအခြေအနေ၊ ပုဂံညောင်ဦးဒေသအတွင်း နိုင်ငံခြားဧည့်သည် ဝင်ရောက်မှုအခြေအနေ၊ ခရီးသွားလုပ်ငန်း အခြေခံအဆောက်အအုံဆိုင်ရာများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် ယဉ်ကျေးမှု အခြေခံခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေး အစီအမံများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ပုဂံမြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာများ၊ ရှေးဟောင်း *စာမျက်နှာ ၅ ကော်လံ ၁* ✳

ဒုတိယသမ္မတ ဦးညဏ်ထွန်း ပုဂံမြို့ဟောင်းတပ်မတော်ဧည့်ဂေဟာ၌ ပုဂံဟိုတယ်ဇုန်မှ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်ကာလအတွင်း ပြစ်မှုများလျော့နည်းကျဆင်းရေး ကြိုတင်ကာကွယ်မှုများဆောင်ရွက်

နေပြည်တော် ဧပြီ ၁၁

သင်္ကြန်ကာလအတွင်း ပြစ်မှုဖြစ်ပွားမှုနှိုင်းယှဉ်ချက်များအရ ၂၀၁၃ ခုနှစ်တွင် လူသတ်မှုသုံးမှု၊ ယာဉ်တိုက်မှု ၂၂ခု၊ ခိုက်ရန်ဖြစ်ပွားမှု ၅၆မှု၊ ဝတ္ထုရားနှောင့်ယှက်မှုသုံးမှု၊ ကာယိန္ဒြေဖျက်ဆီးမှု ငါးမှု၊ ခါးပိုက်နှိုက်မှု/ခိုးမှု ၃၉ မှု၊ မူးယစ်ရမ်းကားမှု ၂၂ ခုနှင့် သေမှုသေခင်း ၁၀မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ၂၀၁၄ ခုနှစ် သင်္ကြန်ကာလအတွင်း မှုခင်းများလျော့နည်းကျဆင်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က တာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် ကြိုတင်ကာကွယ်မှုအစီအစဉ်များအဖြစ် လှည့်ကင်း၊ ပတ်ကင်း၊ ရပ်ကင်းများချထားခြင်း၊ တုတ်၊ ဓားလက်နက်များကို ရှာဖွေသိမ်းဆည်းအရေးယူခြင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းခြင်း၊ မူးယစ်သောက်စားမှုများနှင့် ယဉ်ကျေးမှုထိခိုက်စေသော ဝတ်စားဆင်ယင်မှု၊ ရုန့်ရင်းကြမ်းတမ်းမှုများမဖြစ်စေရေးအတွက် အသိပညာပေးထိန်းသိမ်းခြင်းများကို အလေးထားဆောင်ရွက်သွားရန် စီစဉ်ထားရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။ **ကိုရဲ**

ယနေ့ မာတိကာ

ပြန်ပေးဆွဲခံရသော တရုတ်ခရီးသွားထံမှ ဒေါ်လာ ၁၁ သန်း တောင်းဆို — စာ ၄

ပိတောက်သင်္ကြန်-ချစ်သင်္ကြန် — ဆောင်းပါး — စာ ၆

သင်္ကြန်ကာလအတွင်း ရေပြင်အသက်ကယ်အဖွဲ့ ထားရှိမည် — စာ ၁၃

ဗလင်စီယာက ဘေဆယ်ကို သုံးဂိုးရှုံးကြွေးဆပ်ပြီး ဆီမီးတက် — စာ ၁၄

တကယ်ကြိုးမှ ယုံမိသည် — စာ ၁၆

ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စစ်တွေ ဧပြီ ၁၁

ကျန်းမာရေး ဝန်ကြီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင် ဦးဆောင်သည့် ကျန်းမာရေးမှူးများနှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူး အသင်းမှ ကျန်းမာရေးမှူးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာသီဟ ဦးဆောင်သည့် ကျန်းမာရေးမှူးများနှင့် ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများသည် စစ်တွေမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိကြသည့် အိမ်ထောင်စုဝင် မိသားစုများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဖွဲ့များခွဲ၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်တွေမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းတွင် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာတွင် မတ် ၉ ရက်မှ ဧပြီ ၈ ရက်ထိ စစ်တွေမြို့နယ် ကယ်ဆယ်ရေးစခန်းများတွင် သက်ကြီးရွယ်အို၊ ကလေးငယ် စုစုပေါင်း ၂၉၈၆ ဦးကို လည်းကောင်း၊ ပေါက်တောမြို့နယ် ကယ်ဆယ်ရေးစခန်းများတွင် ၆၇၁ ဦးကိုလည်းကောင်း လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်း ၃၆၅၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ဆေးဝါးများအခမဲ့ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်းနှင့် ကယ်ဆယ်ရေးစခန်းများရှိ သောက်ရေ၊ သုံးရေများ သန့်ရှင်းမှု ရှိ မရှိစစ်ဆေးခြင်း၊ ယင်လုံအိမ်သာများစနစ်တကျ အသုံးပြုခြင်း ရှိ မရှိ ကြည့်ရှုစစ်ဆေးပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရန်ကုန်မြို့တော်အတွင်း သင်္ကြန်ကာလ ဆိုင်ကယ်မောင်းနှင်ခွင့်မပြု

ရန်ကုန် ဧပြီ ၁၁

မြန်မာ့ရိုးရာ မဟာသင်္ကြန်ရက်များအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်းတွင် မည်သည့် မော်တော်ဆိုင်ကယ်မှ စီးနင်းခွင့်ပြုသွားမည် မဟုတ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

စိုးရိမ်လျက်ရှိ

ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ဆိုင်ကယ်စီးနင်းခြင်းကို ခွင့်ပြုထားခြင်းမရှိသော်လည်း ဆိုင်ကယ်စီးနင်းသူများ တစ်နေ့တခြားပိုမိုများပြားလာလျက်ရှိသည်။ သာကေတ၊ အင်းစိန်၊ မင်္ဂလာဒုံနှင့် ဒဂုံမြို့သစ်၊ မြောက်ဥက္ကလာပ မြို့နယ်များတွင် တရားမဝင် ဆိုင်ကယ်စီးနင်းသူများ များပြားလျက်ရှိသည်။ သင်္ကြန်ပွဲတော်ကာလအတွင်း စည်းကမ်းမဲ့စီးနင်းကြမည်ကိုစိုးရိမ်ကြောင်း ရန်ကုန်မြို့ခံအချို့က ပြောသည်။

ထို့အပြင် မဟာသင်္ကြန်ရက်များအတွင်း ယခင်က စီးနင်းခွင့်ပြုထားသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ *စာမျက်နှာ ၅ ကော်လံ ၁* ✳

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊

09-421057076
09-31224802

[illegible] (4N50)75000

[illegible] (3N40)75000

[illegible] (4N50)85000

3N40 [illegible] 4N50 [illegible]

